

www.burmeseclassic.com
မြပုလဲသွယ်
ချစ်ခဲ့စဉ်က
www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၇၅၉၁၂၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၀၉၀၁၁၀ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အောင်ဆက်<br>၁၃၊ ၁၀၇ လမ်း<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဆွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ၊<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃
မြပုလဲသွယ်
ချစ်ခဲ့စဉ်က / မြပုလဲသွယ်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၇ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ချစ်ခဲ့စဉ်က

## အခန်း (၁)

ညက မဟူရာညဖြစ်သလို အမှောင်ထုလွှမ်းသော ပတ်ဝန်းကျင်တစ်ခုလုံး မိုးကသည်းထန်သလို လေကလည်း ပြင်းစွာကျနေပါသည်။

ကြမ်းတမ်းသော လေပြင်း၏အော်သံနှင့် သစ်ပင်သစ်ကိုင်းခြင်း တိုးဝှေ့ပွတ်တိုက်သံတို့ကလည်း မကောင်းဆိုးဝါးများ အော်ဟစ်ညည်းညူသလားထင်ရအောင် တုန်လှုပ်ချောက်ချားစရာမို့ စောရတ်သူမနားနှစ်ဘက်ကို ဖြူနုသောလက်ကလေးနှစ်ဘက်ဖြင့် ပိတ်ကွယ်ထားရှာပါသည်။

လှပသော မျက်နှာနုနုလေးကို ဖြူလွှသော ခေါင်းဦးလေးထက်မှာ ထိုးအပ်နှစ်ကွယ်ထားသလို နှင်းဆီပွင့်များ ကျဲဖြန့်ထားသော ခြုံစောင်ကို စောရတ်တစ်ကိုယ်လုံး တင်းကြပ်စွာ လွှမ်းခြုံထားပါလျက် နောက်ကျောကမလုံ။



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်ကြမ်းရိုင်းသော လေတိုက်သံနှင့် မိုးရွာသံတို့က ဒေါသတကြီးနှင့် မဟူရာစံအိမ်ကြီးထဲက လူတွေကို အပြစ်ပေးဖို့ ဆူပူကြိမ်းမောင်းနေသလား ထင်ရသည်။

စောရတ်ကိုယ်တိုင် သာမန်အနေအထားမှာ ကြောက်တတ်သူမဟုတ်ပေမယ့် သည်းထန်သောမိုးနှင့် အငြိုးတကြီး တိုက်ခတ်နေသော လေပြင်းအော်သံတွေကြားမှာ တစ်ခါမှမဖြစ်စဖူး စိတ်အားငယ်စွာ လိပ်ပြာမလုံ ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

အိုလေ…ဒီည သူမရဲ့စိတ်တွေကိုက ချောက်ချားနေလို့ နေမှာပါ။

ခါတိုင်းလည်း ဒီလိုပဲ မိုးသက်လေပြင်းကျနေကြပဲ။

သူမ ဘာကိုကြောက်ရမှာလဲ။

မကြောက်ဘူး။

ဟုတ်တယ်။

ဘယ်သူ့ကိုမှ သူမ မကြောက်ဘူး။

ကိုယ့်စိတ်ကိုယ်အားပေးရင်း စောရတ်ခန္ဓာကိုယ်ထဲက ကြောက်စိတ်ကို မောင်းထုတ်ဖို့ ကြိုးစားသည်။ သို့တိုင် ဒီညတိုက်သည့် မိုးနှင့်လေကတော့ မဟူရာစံအိမ်ကြီးထဲ အန္တရာယ်ဆိုးတစ်ခုခု ကျရောက်တော့မည့်အတိုင်းပါလားဟု စိတ်က အလိုလိုထင်နေမိတော့ ခက်သည်။





အပြင်မှာ လျှပ်စီးရောင်တလက်လက် ဝင်းပြောင်စွာ မဟူရာညကို ဖြို့ခွင်းသည့် အလင်းဓာတ်တစ်မျိုးကို မိုးသည်းလေထန်ထဲမှာ မကြာခဏ ထုတ်လွှတ်နေပါသည်။

မျက်လုံးအစုံကို တင်းတင်းပိတ်ထားရင်း သဘာဝဆိုတာ ဖြစ်ချိန်တန်ဖြစ်ပြီး ပျက်ချိန်တန်ပျက်တာပဲဟု သတိပေးနေမိသည့်တိုင် ရင်ထဲက ကြောက်စိတ်တွေက လျော့ပါးခြင်းမရှိ။

မိုးရော လေပါ ငြိမ်သွားရင်ပြီးပြီပေါ့။ ငါ့သာ ဒီလိုပျော့ညံ့နေရင် လောကကြီးကို ဘယ်လိုရင်ဆိုင်မှာလဲ။

ကိုယ့်ကိုယ်ကို အားတင်းကြည့်သည်။

လျှပ်ရောင်က ညအမှောင်ကို ထွင်းဖောက်သွားပြီးနောက်··

"ဂျိမ်း"

"ဒိန်း···ဒလိန်း···ဒလိန်း"

"အမလေး"

နားနားကပ်ပြီး ပေါက်ခွဲပစ်ထည့်လိုက်သလား ထင်ရအောင် ပြင်းထန်ကျယ်လောင်သော မိုးထစ်ချုန်းသံကြီးက စောရတ်၏ နုနယ်ငယ်ရွယ်သော နှလုံးသားကို လက်ကြမ်းကြီးတစ်စုံဖြင့် ဆွဲခါလိုက်သလို ကြက်သီးဖြန်းဖြန်းထသွားသည်။

ဒီလိုညမျိုးမှာပဲ ဒက်ဒီနဲ့မာမီတို့···။

အို···ငါဘာတွေလျှောက်တွေးနေမိပါလိမ့်။ ဟင့်အင်း

www.burmeseclassic.com



ဒါတွေကို ငါသတိမရဘူး။ မေ့လိုက်ပြီ။ မေ့ထားလိုက်ပြီ။

စာရွက်နှုတ်ဖျားက အလန့်တကြား ငြင်းဆန်ဖို့ကြိုးစားနေပေမယ့် သူမအတွေးအာရုံထဲမှာတော့ တစ်ဘဝအစွဲထင်နေပြီဖြစ်သော တစ်ခုသော မိုးသည်းညတစ်ည၏ မြင်ကွင်းတွေကို တစ်ခုပြီး တစ်ခု ပြတ်သားထင်ရှားစွာ ပြန်လည်မြင်ယောင်လို့ လာခဲ့ရပြန်ပါပြီ။

အခုလို မိုးသည်းလေထန်နေသည့် ညတစ်ညမှာပဲ မဟူရာစံအိမ်ကြီးထဲမှာ ပြင်းထန်သော မိသားစု၏ အိမ်ထောင်ရေးတိုက်ပွဲကြီးတစ်ခု ဖြစ်နေသည်။

ဒက်ဒီ၏ ဒေါသတကြီး ပစ္စည်းတွေပေါက်ခွဲသံများက ကြမ်းရိုင်းပြင်းထန်သော မိုးသံလေသံများနှင့်အပြိုင် ဖြစ်သလို မာမီထံမှ ဒေါသတကြီး ပေါက်ကွဲသံနှင့် အော်ဟစ်ရိုက်ပိုသံတွေကလည်း ကြောက်ခမန်းလိလိ။

တဝေါဝေါ ဖြိုဆင်းနေသည့် မျက်ရည်စီးကြောင်းနှင့် မာမီနှင့်ဒက်ဒီတို့ အဆုံးမသတ်နိုင်သည့် ရန်ပွဲကိုကြည့်ရင်း စာရွက်တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားစွာ ဝမ်းနည်းနာကျင်ထိခိုက်စေပါသည်။

စာရွက်နားမှာ မမရှိနေသည့်တိုင် မမခမျာမှာလည်း စာရွက်နှင့် ဘာမှမထူး။ ညီမနှစ်ယောက်စလုံး မိခင်နှင့်ဖခင်တို့၏

ဝိုး၊မိုး၊၀၁၁၃၀



ဒေါသစစ်ပွဲအောက်မှာ ဘယ်သူမှ မလှုပ်ရှားဝံ့ဘဲ—အိမ်ကြီး၏ ထောင့်တစ်နေရာမှာ အတူကျိတ်ငိုနေရသည့်အဖြစ်တွေ။

နောက်တော့ ဒက်ဒီက မမလက်တစ်ဘက်ကို ကြမ်းတမ်းစွာ ဆွဲခေါ်ယူသွားခဲ့သလို မာမီကလည်း စာရွက်ကိုယ်လေးကို တင်းကြပ်စွာ ဆွဲယူထားခဲ့သည်။

ပြင်းထန်သောမိုးနှင့် လေထဲမှာ ဒက်ဒီက မမလက်ကိုဆွဲပြီး အိမ်ကြီးထဲက ထွက်သွားသည်။ ပြင်းထန်ကျယ်လောင်သော မိုးထစ်ချုန်းသံကြီးက ကြောက်စရာပေါ်ထွက်လာခဲ့ပြီးနောက်…

''ဒက်ဒီ…ဒက်ဒီ''

''ညီမလေး''

''မမ''

ဒက်ဒီက နောက်ကို တစ်ချက်လှည့်မကြည့်။ မမလက်ကိုဆွဲပြီး ကားပေါ်တက်ကာ ခပ်ကြမ်းကြမ်းမောင်းထွက်သွားသည့် မြင်ကွင်းနှင့်အတူ စာရွက် အင်မတန်မြတ်နိုးတွယ်တာလှသော ဖခင်နှင့် အစ်မဖြစ်သူအား ထိုနေ့ထိုရက်မှစ၍ နောက်ထပ်တယ်သော အခါမှ ထပ်မံမြင်တွေ့ခွင့်မရဘဲ ထာဝရလက်လွှတ်ဆုံးရှုံးခဲ့သည်။

အချိန်တွေကြာခဲ့ပြီဟုဆိုပေမယ့် ထိုနေ့ထိုရက် ထိုမြင်ကွင်းက စာရွက် အသည်းနှလုံးထဲမှာ ဖျောက်ဖျက်၍မရအောင် စွဲထင်နေခဲ့သည်။ နောက်တော့ မမနှင့် ဒက်ဒီအမျိုးတွေရှိရာ နိုင်ငံခြား

ဝိုး၊မိုး၊၀၁၄၀

www.burmeseclassic.com



တိုင်းတစ်ပါးကို ထွက်သွားသည်။

နောက်ထပ် ဘာအဆက်အသွယ်မှ မရတော့။ အခုချိန်ထိ လည်း သေသည်ရှင်သည်မသိရ။ စောရုတ်ကတော့ မာမီနောက်ထပ် အသစ်ထူထောင်လိုက်သည့် အိမ်ထောင်အသစ်ဖြစ်သော ပထွေး ဦးခွန်မောင်နှင့်အတူ မဟူရာစံအိမ်ကြီးထဲမှာ နေရသည်။

စောရုတ်ကို ဦးခွန်မောင်ချစ်ပေမယ့် စောရုတ်က ပထွေး ဦးခွန်မောင်ကိုမချစ်။ အလိုက်အထိုက်တော့ ပြောဆိုဆက်ဆံသည်။ မာမီ့ကို စိတ်ညစ်အောင်မလုပ်။

မာမီက စောရုတ်ကို တုန်နေအောင်ချစ်ပေမယ့် မဟူရာ စံအိမ်ကြီးထဲမှာ စောရုတ်အပါအဝင် ဘယ်သူ့ကိုမှ မမနှင့်ဒက်ဒီ အကြောင်း ပြောခွင့်မပြု။

တစ်ခါတလေ ဒက်ဒီနှင့်မမ ဘယ်မှာရှိသည်။ ဘယ်သူ တွေနှင့် နေထိုင်သည်။ ဘာတွေဘယ်လိုလုပ်ကိုင်စားသောက်နေ သည်ဆိုတာ သိချင်စိတ်ပြင်းပြင်းထန်ထန် ဖြစ်လာပေမယ့် မာမီ့ကို မမေးရဲ။

တစ်ယောက်တည်းသာ ကျိတ်ဆွေးနေမိသည်။ ဒက်ဒီနှင့် ပတ်သက်ပြီး မာမီဘက်က ဤမျှတင်းမာပြတ်သားသလို ဒက်ဒီ ဘက်က တုံ့ပြန်ပုံကလည်း မာမီနှင့် တစ်ထပ်တည်းဖြစ်သည်။ စောရုတ်တို့သားအမိအပေါ် ဘာအဆက်အသွယ်မှမလုပ်။





အစပိုင်းတုန်းက မမဆီမှ စာရေးဆက်သွယ်မှုလေးတွေ ရှိသေးသည်။ နောက်တော့ ကျိုးကျဲကျိုးကျဲ။ အဆက်အသွယ်မလုပ် သည့်နှစ်တွေ မနည်းတော့။

မဟူရာညတစ်ညမှ အစပြုသော အထီးကျန်ဆန်မှုနှင့် စိတ်ချောက်ချားခြင်းက စောရုတ်စိတ်ကို အလိုလိုတုန်လှုပ်ချောက် ချားမှုကို ဖြစ်စေခြင်း၏ တရားခံစင်စစ်ဖြစ်သည်။

မာမီနှင့် ပထွေး ဦးခွန်မောင်က အလုပ်ကိစ္စဖြင့် ခရီးထွက် သွားကြသဖြင့် အိမ်မှာ စောရုတ်တစ်ယောက်ထဲ။ အိမ်ထိန်း ဒေါ်ကြာယုံ၊ ခြံစောင့်မာလီ ဦးပွား၊ ထမင်းချက် ဒေါ်ပြုံးနှင့် လက်တို လက်တောင်းခိုင်းသည့် အိမ်ဖော်ကလေးမလေးနှစ်ယောက်ပဲ ကျန်ခဲ့ သည်။

စောရုတ်တစ်ယောက်တည်း အပေါ်ထပ် အိပ်ခန်းကျယ် ကြီးထဲမှာ အားကိုးရာမဲ့စွာ လေထုန်မိုးသည်း ညတစ်ညကို ချောက်ချားအထီးကျန် တုန်လှုပ်ခြင်းတွေနှင့် ဖြတ်ကျော်ရတော့ မည်။

"ဂျိမ်း"

"ဒိန်း...ဒလိန်း...ဒလိန်း"

မိုးထစ်ချုန်းသံတွေက အဆက်မပြတ် အော်မြည်နေသလို လျှပ်စီးရောင်ကလည်း မှောင်မည်းမည်း ကောင်းကင်မှာ ငေါ်းခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်းခနဲ ပြုံးဖျက်ထွင်းဖောက်သွားပုံက ကြောက်စရာဖြစ်သည်။

"ဒေါက်...ဒေါက်"

"စော...စောရတ်"

ခပ်ကြမ်းကြမ်း တံခါးခေါက်သံနှင့် စောရတ်အမည်ကို အသံခပ်ကျယ်ကျယ် အော်ဟစ်နေသူကြောင့် အိပ်ရာထက်မှာ ငြိမ်သက်တိတ်ဆိတ်စွာ လှဲလျောင်းနေရာမှ အခန်းမီးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်သည်။

"အပြင်က ဘယ်သူလဲ"

"ဒေါ်ကြာယုံပါ ကလေး"

"ဒေါ်ကြာယုံ"

စောရတ်အကြည့်တွေက ဖျတ်ခနဲ စားပွဲတင်နာရီရှိရာ ရောက်သွားသည်။ နာရီလက်တံက ညတစ်နာရီတိတိကို ညွှန်ပြနေတာမို့ စောရတ်၏ စိမ်းမှောင်ရွှန်းလက်သော မျက်နက်ဝန်းအစုံမှာ အလိုမကျခြင်းတစ်ရပ် ဖြစ်ပေါ်လာ၏။

ညကြီးအချိန်မတော် မိုးထဲလေထဲမှာ စောရတ် အိပ်ခန်းတံခါးကို အရေးတကြီး လာခေါက်ရအောင် ဘယ်လိုအရေးကိစ္စမျိုး ရှိနေပါလိမ့်။

ကိုယ်ပေါ်က ခြုံစောင်ကို ဖယ်ချလိုက်တော့ အေးစက်သည့် ရေခဲငွေ့တွေက စောရတ်၏ ဖြူနုစိုဖတ်သော ကိုယ်လေးကို





ဖြုန်းခနဲ သိမ်းကျုံးဆွဲပွေ့သည်။

"အား...အေးလိုက်တာ"

ထူးထူးခြားခြား အအေးဓာတ်ကို ပထမဆုံး ခံစားသိမှတ်မိခြင်းဖြစ်သည်။ အိပ်ရာမှ လူးလဲထပြီး အိပ်ခန်းတံခါးကို ဆွဲဖွင့်လိုက်တော့ အခန်းအပြင်ဘက်မှာ မားမားကြီးရပ်နေသည့် ဒေါ်ကြာယုံကို ဖြူဖျော့အေးစက်၍ သွေးမရှိတော့သလို မျက်နှာနှင့် တုန်လှုပ်ချောက်ချားလျက်ရှိသော အမူအရာနှင့် တွေ့လိုက်ရသည်။

"ဘာကိစ္စလဲ ဒေါ်ကြာယုံ"

"ကလေး"

"ပြောပါ ဒေါ်ကြာယုံ၊ ဘာဖြစ်လို့လဲ၊ ဒေါ်ကြာယုံကြည့်ရတာ နေမကောင်းသလိုပဲ၊ နေရောကောင်းရဲ့လား"

"ဟင့်အင်း...ဒေါ်ကြာယုံ နေကောင်းပါတယ်၊ ဒါပေမယ့် မမကြီးစီးသွားတဲ့ကား ပြန်ရောက်လာလို့ အဲဒါ"

"မာမီတို့ပြန်ရောက်လာတာလား ဒေါ်ကြာယုံ"

"ပြန်လာကြပြီပေါ့"

သွက်လက်ဖျတ်လတ်သော အမူအရာ။

ရွှင်လန်းတက်ကြွသွားသော စကားလုံးများဖြင့် စောရတ်မေးလိုက်ခြင်းဖြစ်သည်။ စောရတ်တစ်ယောက်တည်း အားငယ်မယ့်ချိန်မှာ မာမီတို့ပြန်လာသည်ဆိုတော့ စောရတ်ရင်ထဲ ပေါ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူကလည်း လန့်သွားသည်။

စောစောက အားငယ်၍ကြောက်စိတ်တွေ ဘယ်ရောက်သွားသည်မသိ။ ပြုံးပျော်သွားသည့် စောရတ်မျက်နှာနုနုလေးကို ဒေါ်ကြာယုံ ကြည့်နေပုံက ခပ်ကြောင်ကြောင်။

စောရတ်အမေးစကားကို မည်သို့မျှ တုံ့ပြန်ဖြေကြားခြင်းလည်း မပြုသေး။ ကျောက်ရုပ်ကြီးတစ်ရုပ်လို စောရတ်၏ မျက်နှာလှလှလေးကို ဆို့နင့်ရီဝေစွာ ကြေကြေကွဲကွဲကြီး စူးစိုက်ကြည့်လျက်နှုတ်ဆွံ့ငြိမ်သက်စွာ တောင့်တောင့်ကြီးရပ်နေပါသည်။

"ဒေါ်ကြာယုံ"

"စောမေးနေတာ မကြားဘူးလား၊ မာမီတို့ ပြန်ရောက်ပြီလားလို့"

အပြင်မှာ မိုးရေလေပါ ပြင်းထန်ဆိုးရွားစွာ ကျနေဆဲ။ ဒေါ်ကြာယုံကို စောရတ် စိတ်မရှည်သလိုလေး ခပ်ဆတ်ဆတ် အမေးစကားအဆုံးမှာ ပြန်လည်သက်ဝင်၍ လှုပ်ရှားသွားသည်။

"ကားဒရိုင်ဘာကြီးတော့ ရောက်ပါပြီ"

"ကားဒရိုင်ဘာကြီး ရောက်လာပြီဆိုတော့ မာမီတို့ရော"

"ပါမလာပါဘူး"

"ဟင်"

"ဒရိုင်ဘာဦးဘနန်းတစ်ယောက်တည်း ပြန်လာတာပါ





စောရတ်"

ဒေါ်ကြာယုံ စကားသံက သတိထား၍ ကြိုးစားပြောနေဟန်ဖြစ်သည့်တိုင် ရုတ်တရက် ဒေါ်ကြာယုံစကားကို စောရတ် သဘောမပေါက်။

"မာမီတို့က ဘယ်မှာကျန်ခဲ့လို့လဲ ဒေါ်ကြာယုံ"

စောရတ်အမေးကို ဒေါ်ကြာယုံ မဖြေသေး။ အခုချိန်ထိ လက်ထဲမှာ တင်းကြပ်စွာဆုပ်ကိုင်ထားဆဲဖြစ်သော စာရွက်ခေါက်လေးကိုသာ ပို၍ ကျစ်ကျစ်ပါအောင် ဆုပ်ညှစ်လိုက်မိသည်။

"စော မေးနေတယ်လေ ဒေါ်ကြာယုံ၊ မာမီတို့ ဘယ်မှာလဲလို့"

"ဟို…မမကြီးတို့"

"မာမီတို့ ဘာဖြစ်လဲ"

မျက်စိမျက်နှာ ထိန်းမရအောင်ပျက်နေသော ဒေါ်ကြာယုံ အခြေအနေကို ကြည့်ကာ စောရတ်ကိုယ်တိုင် ရင်တထိတ်ထိတ် ခုန်လာသည်။ စိတ်ရဲ့ မမြင်ရသော အနက်ရှိုင်းဆုံးတစ်နေရာက တစ်ခုခုကို ခံစားနားလည်သဘောပေါက်လာသလိုလို ထင်မိသဖြင့် မျက်စိရှေ့တည့်တည့်ရှိ ဒေါ်ကြာယုံမျက်နှာကို အလန့်တကြား စူးစိုက်ကြည့်လျက် ငြိမ်ကျသွားသည်။

"ဒေါ်ကြာယုံ"



www.burmeseclassic.com

www.burmeseclassic.com



"စောလေး"

"မာမီတို့…မာမီတို့ လမ်းခရီးမှာ တစ်ခုခုဖြစ်လာကြပြီ မဟုတ်လား၊ စောကို မှန်မှန်ပြောစမ်းပါ"

"စော…စောရဲ့မာမီ အသက်ရှင်လျက် ရှိသေးရဲ့လား ဒေါ်ကြာယုံရယ်"

သွေးမရှိတော့သလို ဖြူဖျော့အေးစက်သွားသည့် မျက်နှာနှင့် စောရတ်ထံ တုန်ရီနေသော ရှိုက်သံရောနေသည့် ငိုသံပါအသံလေးက ဒေါ်ကြာယုံရင်ကို လာမှန်ပေမယ့် ဘာမှမတတ်နိုင်ရှာသူ ပီပီ စောရတ်၏ ဖယောင်းသွယ်လို ဖြူနုပြေချောသော လက်လှလှလေးကို ပိန်သွယ်ရှည်လျားသော လက်အစုံဖြင့် ဖွဖွညင်သာ ဆုပ်ကိုင်လိုက်ရှာပါသည်။

"စောလေး"

"ဒေါ်ကြာယုံ"

ကယောင်ကတမ်းနှင့် ဒေါ်ကြာယုံ လက်အစုံကို တုံ့ပြန် ဖမ်းယူလိုက်သည့် စောရတ်လက်လေးတွေက ရေခဲလို အေးစက်နေ သဖြင့် ဒေါ်ကြာယုံ စိတ်ထိနိုက်သွားသည်။

"သတိထားပါ စောလေးရယ်၊ စောထင်သလို မမကြီး ဘာမှမဖြစ်ပါဘူး"

"ဒါပေမယ့်"





"ဒါပေမယ့် ဘာဖြစ်လဲ ဒေါ်ကြာယုံ"

စောရတ်စိတ်ထဲမှာ တွေးထင်ယူဆလိုက်သလို ကားအက်စီးဒင့်မဟုတ်ကြောင်း သေချာခိုင်မာသွားသဖြင့် စိတ်ကတစ်ဝက် မက သက်သာလျော့ပါးသွားချိန် ဒေါ်ကြာယုံထံမှ ဒါပေမဲ့ဆင့်ကာ တုန်လှုပ်ချောက်ချားသွားရပြန်သည်။

"ဒါပေမယ့်…မ…မကြီးကို လူဆိုးတွေက ပြန်ပေးဆွဲ သွားပြီ"

"ရှင်"

"ဘယ်လို ဒေါ်ကြာယုံ၊ စောကို ဘယ်လိုပြောလိုက် တာယ်"

ပီပီသသကြီး ကြားလိုက်ရပါလျက် စောရတ်ကိုယ့်နား ကိုယ် မယုံနိုင်သေး။ ယုံလည်းမယုံချင်။ အပြင်မှာရွာနေသော မိုးသက်မုန်တိုင်းသံများ ပျောက်ဆုံးသွားသလို ထင်ရသည်။

သဘာဝရာသီဥတုကြောင့် ကြောက်လန့်တုန်လှုပ်နေသော စိတ်နေရာကို မာမီအတွက် ပူပင်သောက ကြောင့်ကြမှုတွေက တစ်ခဏအတွင်းမှာပင် စောရတ်နှလုံးသားကို ပူလောင်နာကျင်သွား သည်။

"စိတ်ကို ကြိုးစားပြီးထိန်းထားပါ စောရယ်၊ ဟောဒီမှာ လူဆိုးအဖွဲ့က အစောကိုပေးလိုက်တဲ့စာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာယုံလက်ထဲကစာကို တုန်ရီသောလက်အစုံဖြင့် ဖွင့်ဖတ်ရန် ကြိုးစားနေချိန်မှာပင်...

"ဒရိုင်ဘာကို ဒီစာနဲ့အတူ ပြန်လွှတ်လိုက်တာပဲ စောရတ်"

သူမလက်ထဲရောက်လာသည့် စာကို ကမူးရှူးထိုး ဖတ်လိုက်သည်။ စာက ဘာမှထူးခြားဆန်းပြားလာခြင်းမရှိ။

*စောရတ်...*

*မင်းမာမီ အသက်မသေစေချင်ရင် ငါတို့ချိန်းထားတဲ့ နေရာကို မင်းကိုယ်တိုင် ငါတို့တောင်းတဲ့ငွေလာပို့ပါ။ ရဲကိုတိုင် လို့ကတော့ မင်းမာမီကို ဒီတစ်သက်ပြန်မြင်ရဖို့ မျှော်လင့်နဲ့။*

စာက ဒါပဲဖြစ်သည်။ လိုချင်သည့်ငွေကြေးပမာဏနှင့် ချိန်းဆိုသည့်နေရာ၊ အချိန်အတိအကျ ရေးထားသည်။ လက်မှတ်မပါ။ အမည်မရှိ။

သွားရောက်ရမည့်နေရာက စိမ်းစားပင်ကွေ့ဟု နာမည်ကြီးသည့် တောအုပ်လေးရှိရာသို့ သူမတစ်ယောက်တည်းလာရမည်ဟု အတိအကျညွှန်ထားသည်။

"ဘာတဲ့လဲ စော"

ဒေါ်ကြာယုံလက်ထဲကို စာရွက်လေးရောက်လာသဖြင့် ဖတ်ကြည့်ပြီး မျက်စိမျက်နှာ ပိုပျက်သွားသည်။



"မဖြစ်ဘူး...မဖြစ်ဘူး အဲဒီနေရာကို စောလေး တစ်ယောက်တည်းသွားလို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ စောသွားရင် ဒေါ်ကြာယုံပါလိုက်မယ်"

"ဒေါ်ကြာယုံနေခဲ့ပါ"

"ဟင်"

တိကျပြတ်သားသည့် အဖြေစကားကြောင့် စောရတ် မျက်နှာနုနုလှလှလေးကို ဒေါ်ကြာယုံ အလန့်တကြား မော့ကြည့်သည်။

"စောလေး...တစ်ယောက်တည်းသွားလို့ ဘယ်လိုမှ မဖြစ်ဘူးကွဲ့၊ အနည်းဆုံးတော့ ရဲကိုတိုင်မှဖြစ်မယ်"

"မာမီ့အသက်ကို ဆုံးရှုံးအောင်လို့လား ဒေါ်ကြာယုံရယ်"

"အို...မဟုတ်ဘူး၊ စောရတ်ကလေး အထင်မှားနေပြီကွယ်၊ သူတို့က လူဆိုးဓားပြတွေပဲကွယ် သူတို့ပြောတဲ့စကားကို ယုံကြည်စိတ်ချလို့ဖြစ်ပါ့မလား"

"သူတို့ပြောသလို စောတစ်ယောက်တည်း လုံးဝမသွားလိုက်ပါနဲ့၊ ဘယ်သူမှမသိအောင် ရဲစခန်းကို အရင်အသိပေးဆက်သွယ်လိုက်ပါ ကလေးရယ်"

ဒေါ်ကြာယုံ စကားကို နားထောင်ပြီး စောရတ် ဦးခေါင်းလေးကို ဖြည်းညှင်းစွာ ခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း…စောတို့ ဒီလိုလုပ်လို့မဖြစ်ဘူး ဒေါ်ကြာယုံ။ သူတို့ခိုင်းတဲ့အတိုင်းမလုပ်ရင် မာမီ့ကို စော ဆုံးရှုံးရလိမ့်မယ်ဆိုတာ စောသိတယ်”

“ဒါပေမယ့် စောလိုသိပ်လှပြီး ငယ်ရွယ်နုနယ်တဲ့ မိန်းကလေးတစ်ယောက်တည်း သွားဖို့ဆိုတာကလည်း”

“စောသွားမယ် ဒေါ်ကြာယုံ”

“စော”

ဒေါ်ကြာယုံက စောအမည်ကို အလန့်တကြားခေါ်ပေမယ့် စောကမလှုပ်။

“စောအတွက် ဒေါ်ကြာယုံ စိတ်မချသလို မာမီ့အတွက်လည်း စော စိတ်မချဘူး ဒေါ်ကြာယုံ၊ ဒါကြောင့် စောဘာဖြစ်ဖြစ် မာမီ့အတွက် စော သွားကိုသွားရလိမ့်မယ်”

“ဦးခွန်မောင်အလာကို မစောင့်တော့ဘူးလား စောရယ်”

“အို…သူက ဘယ်အချိန်လာမယ်မှန်းမှ မသိတာ၊ သူပြန်လာတဲ့အချိန်အထိ စောင့်မနေနိုင်ပါဘူး၊ သူတို့တောင်းတဲ့ငွေကို အခုပဲ အိတ်တစ်လုံးထည့်ပြီး ကားပေါ်တင်ပါ”

“ကားကို စောကိုယ်တိုင်ပဲ သူတို့ချိန်းတဲ့နေရာကို မောင်းသွားမယ်”

“စော”





“စောကို ဘာမှထပ်မပြောနဲ့တော့ ဒေါ်ကြာယုံ၊ စောကို ချစ်ရင် မာမီ့ကိုချစ်ရင် အခုစောပြောတဲ့အတိုင်းပဲလုပ်ပါ”

“ဒေါ်ကြာယုံ ဒီမှာ ခဏစောင့်ပါ၊ စော အခုပဲပြန်လာမယ်”

အမှားအမှန် ဘာတစ်ခုမှ စဉ်းစားရန်အချိန်မရ။ အခုလို မိုးသည်းလေထန်ညတစ်ညမှာ စော အချစ်ဆုံးအဖေနှင့် အစ်မကို နှင့်လွှတ်ဆုံးရှုံးခဲ့ရပြီးနောက် တစ်ဦးတည်းသော တွယ်တာမြတ်နိုးရာဖြစ်သော မိခင်ကြီးအတွက် စောရတ်ဘက်က ဘာမဆိုရင်ဆိုင်ရန် အသင့်ဖြစ်နေသည်။

တစ်နည်းအားဖြင့် သွေးရူးသွေးတန်းစိတ်ဖြင့် ချောက်ချားတုန်လှုပ်နေ၏။ နောက်ထပ်တစ်ကြိမ် ဆုံးရှုံးရမှာ စောရတ် ကြောက်နေသည်။ မိုးသည်းလေထန် မဟူရာညတစ်ည၏ အကျည်းတန်ချုပ်ဆိုသော နောက်ထပ်မြင်ကွင်းတစ်ခုကို ရင်ဆိုင်နိုင်ရန် အင်အားရှိ။

အရေးရှိက ထုတ်သုံးနိုင်ရန် မာမီကိုယ်တိုင် စောရတ်ကို ခွဲဝှက်ပေးထားသော သော့တစ်ချောင်းရှိသည်။ ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်ခဲ့သော အဖိုးတန် စိန်ရွှေရတနာပစ္စည်းများ သိမ်းဝှက်ထားသော နေရာကို သိသူက စောရတ်နှင့်မာမီ နှစ်ယောက်တည်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိနှစ်ယောက်ကလွဲပြီး တခြားဘယ်သူမှ မသိနိုင်သည့်ကိစ္စကို ပြန်ပေးသမားက အတိအကျတောင်းဆိုထားသည့်အဖြစ်ကို လူတစ်ကိုယ်လုံး ထူပူပြာဝေနေချိန်ဖြစ်၍ ချင့်ချိန်စဉ်းစားရန်လည်း သတိမရ။

ဒခုမောတကော်ပင် တုန်တုန်ခိုက်ခိုက်နှင့် မိခင်ကြီး၏ စိတ်ဖောဖြင့် လျှို့ဝှက်သိမ်းဆည်းထားသော သော့ကို ရှာဖွေထုတ်ယူသည်။ ရတနာသေတ္တာထဲက အဖိုးတန်ပစ္စည်းတွေ ထုတ်ယူရန် စိတ်စောနေသည့် စောရတ်နှင့်အပြိုင် အပြင်မှာ မိုးနှင့်လေကလည်း ကြောက်စရာကောင်းအောင် သည်းထန်နေသည်။

ပထွေးဖြစ်သူ ဦးခွန်မောင် အလုပ်ကိစ္စတစ်ခုဖြင့် ခရီးထွက်သွားသည်မှာ ကြာပြီဖြစ်သော်လည်း အခုထိပြန်မလာသေး။ ရက်အတိအကျမသိရသဖြင့် ဘယ်နေ့ပြန်လာမည်မသိ။ သူကိုစောင့်နေလို့လည်း စောရတ်အတွက် အကြောင်းမထူး။

အခုဆုံးဖြတ်ရမည့်သူက ဦးခွန်မောင်မဟုတ် စောရတ်ကိုယ်တိုင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူကြီးတွေကိစ္စထဲကို စောရတ် ဘယ်တော့မှ ဝင်ပါလေ့မရှိ။ ကိုယ်နေတတ်သလို သီးသန့်နေထိုင်လာခဲ့ရာမှ အခုလို အင်မတန်ကြီးလေးရှုပ်ထွေးသည့် ပြဿနာကြီး ပေါ်ပေါက်လာရခြင်းဖြစ်သည်။

အကယ်၍သာ စောရတ်အနားတွင် အနီးကပ်တိုင်ပင်





ဆွေးနွေးစရာ သွေးသားရင်းချာရှိခဲ့မည်ဆိုလျှင်တော့ စောရတ်ကို ညီနှစ်သိမ့်အားပေးနိုင်ပေမည်။ လိုအပ်သည့် စီစဉ်ညွှန်ကြားမှု ေး၍ အကျိုးသင့်အကြောင်းသင့် ဆွေးနွေးတိုင်ပင်နိုင်ကြမည်။ သုပ်သင့်လုပ်ထိုက်တာကို ဦးစားပေးရွေးချယ်ဆုံးဖြတ်ကြမည် ဖြစ်သော်လည်း စောရတ်မှာ အဖော်မရှိ။

သွေးသားရင်းချာမရှိ။

သူမ၏အဆုံးအဖြတ်သာ အတည်ဖြစ်၍ သူမရွေးချယ်မှုနိုင်းသာလျှင် အမှားအမှန်ဖြစ်ပေသည်။

သိပ်မကြာခင်မှာပင် ကြမ်းတမ်းသော မိုးသက်လေပြင်းတုနေသော အမှောင်ထုအတွင်းသို့ စက်သံကြမ်းကြမ်းပြင်းပြင်းဖြင့် ဟောရာစံအိမ်ကြီးအတွင်းမှ ကားတစ်စီး အရှိန်ပြင်းစွာ မောင်းထွက်သွားသံ ကြားလိုက်ရ၏။

တစ်ပြိုင်နက်ထဲမှာပင် ဝင်းဝင်းတောက်သွားသည့် လျှပ်စီးဆောင်က ညအမှောင်ထုတစ်ခုလုံး ထွင်းဖောက်လျက် ကျယ်လောင်မှုခေါက်ကွဲလိုက်သော မိုးထစ်ချုန်းသံကြီးက ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်ခါတုန်လှုပ်သွား၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

စိမ်းစားပင်ကွေ့။

ဤနေရာက ကားသမားတိုင်း ကြောက်သည့်နေရာတစ်ခု ဖြစ်ပြီး ထိုနေရာရောက်တိုင်း ကားစက်ကို အရှိန်လျှော့မောင်းနှင်လျက် အထူးသတိထားနေကြသည့်ကြားမှပင် မကြာခဏဆိုသလိုပင် ကားမှောက်ကားတိုက်ဖြစ်တတ်သည့်နေရာ ဖြစ်သည်။

ဖြစ်လိုက်လျှင်လည်း အသက်ရှင်လျက် ပြန်လာနိုင်သောလူစုကနည်းနည်း။ ထိုနေရာမှာပင် အစုလိုက်အပြုံလိုက် သေကြရသူတွေ ခပ်များများမို့ ထိုနေရာကို စိမ်းစားပင်ကွေ့ဟု အမည်ပေးထားကြသည်။

ယောကျ်ားရင့်မကြီးများသည်ပင်လျှင် စိုးရိမ်ကြောက်ရွံ့ကြသော နေရာကို နုနုငယ်ငယ် မိန်းမသားတစ်ယောက်တည်း မိုးသည်းလေပြင်းကျနေသော အမှောင်ညကို ဖြတ်သန်းလျက်





ကားကို အရှိန်မလျှော့တမ်း မောင်းလာသူက စောရတ်ဆိုသည့် မိန်းမလှလေးဖြစ်သည်။

မာမီ မသေရဘူး။

ဘာအတွက်နဲ့မှ စောရဲ့မာမီကို အဆုံးရှုံးမခံနိုင်ဘူး။

မာမီ့ကို ကေချစ်တယ်။

မာမီ့ကို စောသိပ်ချစ်တယ်။

''မာမီ''

တစ်လောကလုံး လက်ချိုးရေတွက်ကြည့်လို့မှ တွယ်တာမြတ်နိုးစရာဆို၍ စောရတ်တို့သားအမိနှစ်ယောက်တည်း သွေးသားရင်းချာရှိတော့သည့်ဘဝ။ ဒက်ဒီနှင့်မမ၏ သတင်းစကားကလည်း အစရှာမရအောင် ပျောက်ဆုံးသွားသည်မှာ နှစ်တွေအချိန်ကာလတွေ ကြာခဲ့ပါပြီ။

သေသည်ရှင်သည် မသိရသည့် အဖေနှင့်အစ်မကို မျှော်လင့်တမ်းတ နမိသည့်စိတ်က အခုချိန်မှာ အပြင်းထန်ဆိုးရွားဆုံး ဖြစ်လာချိန်။

''ဂျိမ်း''

''ဒလိန်း···ဒလိန်း''

လျှပ်ရောင်က အမှောင်ထဲမှာ လင်းခနဲလင်းဖြာသွားသလို ကျယ်လောင်မှုရှစွာ ပစ်ခွင်းလိုက်သည့် မိုးထစ်ချုန်းသံကလည်း



www.burmeseclassic.com

www.burmeseclassic.com



စောရတ်နှလုံးသားထဲသို့တိုင် ဝင်ရောက်ပစ်ခွင်းလိုက်သလား ထင်ရသည့်တိုင် စောရတ် ကြောက်ရွံ့ရကောင်းမှန်းမသိ။

"ယော…ဟိုမှာ"

ကားမီးရောင်ကို မြင်၍လားမသိ တောစပ်အမှောင်ထဲက ဓာတ်မီးရောင်တစ်ခု ဖျတ်ခနဲပေါ်လာပြီး မှိတ်ချည်လင်းချည် အချက်ပြလာသဖြင့် စောရတ်ရင်တွေ တဒုတ်ဒုတ် လှုပ်ခုန်လာသည်။

စောရတ်ဘက်ကလည်း ချက်ချင်းလို ကားမီးကို အဖွင့်အပိတ်လုပ်ပြီး တုံ့ပြန်သည်။

ဒါ…မာမှီကိုဖမ်းထားတဲ့ လူဆိုးတွေဟု သိလိုက်တော့ စောရတ်တစ်ကိုယ်လုံး ကျင်ခနဲဖြစ်သွားကာ စိုးရွံ့ထိတ်လန့်ခြင်းပါ ဖြစ်လာသည်။ သစ်ပင်ကြီးငယ်တို့ ပြည့်လွှမ်းနေသည့် ဝန်းကျင်အနေအထားကို ဖြည်းဖြည်းချင်း အကဲခတ်လျက် ကားကို ဘီးလှိမ့်သည်ဆိုရုံ မောင်းနေချိန် ပြင်းထန်သော မိုးလေထဲအတွင်းရှိ အမှောင်ထု လွှမ်းခြုံသော လမ်းဘေးချုံနွယ်ကြားက လူတစ်ယောက် တရွေ့တစ်ကောင်း၏ လှုပ်ရှားမှုမျိုးဖြင့် စောရတ်ကားနားသို့ ဖြုံးခနဲ ဖျတ်ခနဲ ရောက်လာသည်။

"ကားကိုရပ်စမ်း"

အသံကြီးက ဩရှရှ။

လျှပ်စီးရောင်ဝင်းခနဲအလက်မှာ မြင်လိုက်ရသည့် မျက်နှာ





ကလည်း ကြမ်းတမ်းခက်ထန်မှုတွေနှင့် ကြောက်စရာ။

"ကားကိုရပ်လို့ပြောနေတာ မကြားဘူးလား"

ကားမှန်ကို လက်ကြမ်းကြီးဖြင့် တဖြန်းဖြန်းရိုက်လျက် အော်ဟစ်အမိန့်ပေးနေသူကြောင့် စောရတ် ကားကို ဆက်မမောင်းရဲတော့ဘဲ ရောက်သည့်နေရာမှာ ထိုးရပ်ပစ်လိုက်၏။

"ကျိုး"

မိုးရေထဲ အမိန့်ပေးလာသူက ကားခြေနင်းခုံမှာ တွဲခိုလိုက်ပါလာရာက ကားထဲကို နေစပ်သေချာစွာ ဓာတ်မီးရောင်ဖြင့် အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

"မင်းတစ်ယောက်တည်းဆိုတာ သေချာရဲ့လား"

"ရှင်မြင်တဲ့အတိုင်းပဲ"

"အာဂသတ္တိပဲဟေ့၊ ဒီလိုအနေအထားမျိုးမှာတောင် လေသံက မာနိုင်သေးတယ်ဆိုတော့ မင်းကို ချီးကျူးရမှာပေါ့"

ပြောပြီး အသံတစ်ရှိုးရှိုးနှင့် ရယ်လိုက်ပုံကို စိတ်မသတီစွာ မျက်ခနဲ အကြည့်လွှဲလိုက်၏။

"ရဲကို အကြောင်းမကြားနဲ့လို့ မှာလိုက်တာသိတယ်နော်၊ ပြောထားတဲ့ကြားက တစ်ခုခုဖြစ်လာလို့ကတော့ မင်းတို့သားအမိ နှစ်ယောက်စလုံး ဒီနေရာကနေ ပြန်လမ်းမရှိဘူးဆိုတာ သဘောပေါက်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ပြောတဲ့အတိုင်း ဘယ်သူ့ကိုမှ အကြောင်းမကြားဘူး၊ အသိလည်းမပေးဘူးဆို ပြီးပြီမဟုတ်လား"

"အခု ကျွန်မမာမီ ဘယ်မှာလဲပြောပါ"

စောရတ် မျက်နှာထားကို တတ်နိုင်သမျှ တင်းမာထားသော်လည်း ရင်ထဲမှာတော့ မာမီ့အတွက်ရော သူ့မအတွက်ပါ စိုးရိမ်စိတ်တွေ ပြင်းထန်ရှန်းကြွကာ ပေါက်ကွဲရင်ပွင့်မတတ် ရှိနေပါသည်။

စောရတ်ရင်ထဲ မီးခဲမြှုပ်ထားရသလို ရှိနေပေမယ့် မိုးလေထဲက လူဆိုးပုံစံက အေးအေးဆေးဆေးပင်။

"ငွေအပြည့်ပါလာရင် မင်းအမေကို တွေ့ရမှာပေါ့၊ ကဲ ကားကို ဘယ်ဘက်လမ်းချိုးအတိုင်း ပြန်ကွေ့ပြီး မောင်းစမ်း"

"ဟူး"

စကားအပိုပြောနေစရာ အကြောင်းမရှိ။

သူတို့ပြောသည့်အတိုင်း အမိန့်ကို လိုက်နာရမည်က စောရတ်၏ တာဝန်မျှသာ။ ကားကို နေရာက ကျွမ်းကျင်စွာပင် သူညွှန်ပြရာလမ်းသို့ ချိုးကွေ့မောင်းဝင်လိုက်သည်။

စောရတ်ကားပေါ်မှာ လူဆိုးနှစ်ယောက်ပါလာသည်။ ဘယ်ဘက်ကတစ်ယောက်၊ ညာဘက်ကတစ်ယောက်။ လက်ထဲမှာလည်း သေနတ်တွေနှင့်။ လူပုံစံတွေက ရုပ်ကြမ်းကြီးတွေနှင့်





ဖြစ်သည်။

သတိအနေအထားနှင့် တောလမ်းလေးအတွင်းပိုင်းသို့ သူမကားလေးကို မောင်းဝင်ခဲ့သည်။ ကားက ပရာဒိုအမြင့်မို့ မြင်ကွင်းအားလုံးကို ရှင်းလင်းပြတ်သားစွာ မြင်နေရသည်။

"ညာဘက်ကိုချိုးလိုက်"

လမ်းကနှစ်ခွဖြစ်သည်။

သူတို့ပြောသည့်အတိုင်း ညာဘက်ကို ချိုးကွေ့လိုက်၏။ မိုးကပိုသည်းလာသလို လေကလည်း ပိုပြင်းလာသည်။ လျှပ်ရောင်တွေက ကြောက်စရာကောင်းအောင် ဖျိုးဖျိုးပြက်ပြက်။ ဒီကြားထဲ မကြာခဏ ထစ်ချုန်းအော်မြည်နေသည့် မိုးချိန်းသံတွေကလည်း သွေးပျက်ချင်စရာဖြစ်သည်။

မိုးကာအင်္ကျီရှည်ကြီးများနှင့် တောစီးဖိနပ်၊ ဦးထုပ်ခပ်ငိုက်ငိုက် ဆောင်းပြီး တတ်နိုင်သမျှ ရုပ်ဖျက်ထားပုံရသော်လည်း လျှပ်ရောင်ဝင်းလက်သွားချိန်မှာ ကြမ်းတမ်းခက်ထန်သော သွင်ပြင်များကိုက ဖုံးဖိ၍မရ။

အထူးသဖြင့် စောရတ်ကို အမိန့်ပေးနေသည့် လူကြီး၏ ညာဘက်ပါးပြင်ပေါ်က အမာရွတ်ကြီးကို စောရတ် သေချာမှတ်မိနေသည်။ ပြီးတော့ အသံသြသြကြီးနှင့် ရယ်သံ။

ရဲစခန်းရောက်လျှင် သူမမြင်ခဲ့တွေ့ခဲ့ရသမျှ ပြန်ပြည်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြင်နိုင်ရန် သူမသွားနေသည့်ခရီးကို ဘယ်လိုပင် ကြိုးစားမှတ်သားသော်လည်း မရ။ မိုးညအမှောင်ထုအတွင်းလည်းဖြစ်၊ လေရောမိုးရော ပြင်းစွာကျနေခိုက်မှာ တွေ့မြင်ရသော မြင်ကွင်းပုံစံအနေအထားက နေ့ခင်းသာမန်အချိန်များကဲ့သို့ မှတ်သားရန်မလွယ်ကူ။

အထူးသဖြင့် သူမ တစ်ခါမှမရောက်ဖူးသည့် နေရာဖြစ်နေသဖြင့် ပိုဆိုးသည်။

"ဟိုရှေ့နားမှာ ကားကိုရပ်စမ်း"

"ကျိုး"

သူခိုင်းသည့်နေရာမှာ ကားကိုရပ်လိုက်သည်နှင့် လူတစ်စု အမှောင်ထဲက အလျှိုလျှိုထွက်လာပြီး စောရတ်၏ကားဘေးပတ်လည်ကို ဝိုင်းရံနေရာယူလိုက်ကြသည်။

"ကားမီးကြီးကို ငြိမ်းလိုက်"

"ဟုတ်ပြီ"

"ကားထဲကမီးကိုဖွင့်"

"ထောက်"

"ဟား...ဒီလိုမှပေါ့၊ ဩော်...မင်းကလည်း ရုပ်ဖျက်လာတာကိုးကွ"

ရယ်သံတရှီးရှီး ထွက်လာပြန်သည်။

မိုးကာအင်္ကျီပွပွကြီးနှင့် ဦးထုပ်တစ်လုံးကို ခပ်ငိုက်ငိုက်



ဆောင်းထားသည့် စောရတ်ကိုယ်လေးက သူမကိုယ်နှင့် အဆမတန်ကြီးမားသော မိုးကာအင်္ကျီထဲမှာ နစ်ဝင်နေသလို ပထွေးဦးခွန်မောင်ဆောင်းနေကျဦးထုပ်ကြီးကလည်း လှပနုထွေးသော သူမမျက်နှာလေးကို တစ်ဝက်မက ဖုံးအုပ်ပြီးသားဖြစ်နေခြင်းကို ကျေးဇူးတင်မိသည်။

"မင်းပါးစပ်ပိတ်လိုက်တော့ အောင်ကြီး"

လူတစ်ယောက်၏အသံကို ကြားလိုက်ရ၏။ အားလုံး အမှောင်ထဲမှာ ရပ်နေကြပြီး စောရတ်တစ်ယောက်တည်း ကားမီးရောင်အလင်းထဲမှာ ထင်းထင်းရှင်းရှင်းကြီးဖြစ်နေလျက် အပြင်ကို ဘာတစ်ခုမှ သည်းကွဲစွာမမြင်ရ။

လျှပ်စီးလက်လိုက်တိုင်း မည်းမည်းအရိပ်တွေအဖြစ် ရပ်နေသော လူစုကို ဖြိုးခနဲဖျတ်ခနဲ မြင်ရတာပဲရှိသည်။ ဘယ်သူဘယ်ဝါဟု အတိအကျခွဲခြား၍မရ။

"ငွေယူလာလား ကလေးမ"

"ယူလာတယ်"

"ကျွန်မမာမီ ဘယ်မှာလဲ၊ အခုထုတ်ပေးပါ"

"ဖြည်းဖြည်းပေါ့၊ ကျုပ်တို့ခိုင်းတဲ့အတိုင်း လုပ်ရဲ့လားဆိုတာ အရေးကြီးတယ်"

"ရဲမတိုင်ဘူး၊ ဒါပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်"

"ကျွန်မဘက်က ကတိတည်တယ်၊ ရှင်တို့သာ ပြောထားတဲ့အတိုင်းလုပ်ပါ၊ ကားနောက်ခန်းထဲမှာ ငွေထုပ်ပါတယ်၊ ကျွန်မ ခါမီကို အရင်တွေ့ခွင့်ပေးပါ"

လူဆိုးခေါင်းဆောင်လုပ်သူက စောရတ်စကားကို ဂရုမစိုက်။ ကားနောက်ခန်းကို လျှောက်သွားပြီး ကားတံခါးကို ဆွဲဖွင့်ကြည့်သည်။

"ငွေဘယ်လောက်လဲ ရေစမ်း"

ကားပေါ် လူတစ်ယောက်တက်လာပြီး ငွေအိတ်ကို ဖွင့်ဖောက်ရေတွက်စစ်ဆေးသည်။

"ရှင်တို့ ကျွန်မမာမီကို မတွေ့ရဘဲနဲ့ ကျွန်မယူလာတဲ့ ငွေတွေကို မထိပါနဲ့"

"ငြိမ်ငြိမ်နေစမ်း ကလေးမ၊ ကျုပ်အာရုံနောက်အောင် မလုပ်စမ်းနဲ့"

စကားသံက စူးရှသေးငယ်သည်။ စကားပြောမြန်သည်။

"ငွေပြည့်ပါတယ်ဆရာ"

"အေး…သူ့မာမီဆီ အခုပဲပို့လိုက်တော့"

"ဟုတ်ကဲ့ဆရာ"

"ကားပေါ်ကဆင်းစမ်း ကလေးမ"





"ကျွန်မမာမီ ဘယ်မှာလဲ"

"ဒီမှာလေ"

"ဒက်"

"အမလေး"

ဦးခေါင်းကို ပြင်းထန်သောအရာနှင့် ထိရိုက်မိခြင်းအဖြစ်ကို နောက်ဆုံးသိလိုက်ပြီးနောက် လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားသည်။

"ဒိန်း…ဒလိန်း"

ကြောက်စရာကောင်းအောင် ကျယ်လောင်စွာ ထစ်ချုန်းအော်မြည်လိုက်သော မိုးထစ်ချုန်းသံအောက်မှာ တစ်လောကလုံး သိမ့်သိမ့်တုန်ခါလျက် ကျန်ရစ်၏။

"တီ"

"ဟာ…ဟိုမှာဘာလဲ ရဲလိုက်ပြီထင်တယ်"

"ကောင်မလေးကိုချထားခဲ့"

"ဝုန်း"

"ကျွီး"

"ဝူး…ဝရော"

အမှောင်ထုကို ဖြိုခွင်းလိုက်သော ကားတစ်စီး၏မီးရောင်ကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကာ စောရတ်ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



တို ကားပေါ်ကတွန်းချပြီး ဒရောသောပါးပုံစံဖြင့် နေရာက ကား ကိုမောင်းပြေးကြသည်။

နောက်ကို တစ်ချက်လှည့်မကြည့်။

"ဆရာ…ဟိုမှာဘာလဲမသိဘူး"

"လူတစ်ယောက်ပါလား၊ စောစောက ကားပေါ်က ကျကျန်ခဲ့တာပဲ၊ ကားကိုရပ်စမ်း အိုက်ပု"

"ကျိူး"

မိုးထဲလေထဲ စိုင်းဝန်းမား ပြေးဆင်းသွားသည်။

ပုံပုံထွေးထွေး လဲကျနေသည့်လူကို ကားမီးရောင်ဖြ ကိုယ်တစ်ပိုင်း ဆွဲယူမအကြည့်…

"ဟာ…မိန်းကလေးတစ်ယောက်ပါလား"

လက်ထဲ မြွေတစ်ကောင်ရောက်လာသလို ကယော ကတမ်း လွှတ်ချမည်ပြုပြီးမှ လက်ရှိအခြေအနေကို ပြန်သတိရ မျက်ခုံးထူတို့ တွန့်ကုပ်သွားသည်။

"ဆရာ…ကျွန်တော်လာကူတွဲရမလား"

မိုးထဲလေထဲ အိုက်ပုအသံ ခပ်သြသြအောင်မြင်ရ ထွက်လာရုံမက ကိုယ်တစ်ပိုင်းပါ ကားမောင်းသူနေရာ ထွက်လာတာ မြင်ရသည်။

ဆုပ်လည်းစူး စားလည်းရှူးဆိုတာ ဒါကိုခေါ်တာဖြစ်မည



'မ'ဆိုလျှင် ခြေမလက်မပင် မကြည့်ချင်အောင် အသည်းနာရသည့် အထဲ ခေါင်းမှာဒဏ်ရာနှင့် နုနုငယ်ငယ် မိန်းမလှလေးတစ်ယောက် သူ့မျက်စိရှေ့မှာ သတိလစ်မေ့မျောနေသည်။

"ဆရာ…မြန်မြန်ခေါ်ခဲ့ဗျာ၊ ဒီနေရာက သိပ်စိတ်ချရတာ မဟုတ်ဘူး၊ တော်ကြာ သူခိုးဓားပြတွေ ရောက်လာမှခက်မယ်"

သူခိုးဓားပြထက်ဆိုးတဲ့ရန်သူက ဒီမှာကွဟု တပည့်ကျော် ကို စိုင်းဝန်းမား ပြန်ပြောချင်ပေမယ့် လောလောဆယ် အနေအထား မှာ နှုတ်ဆိတ်နေရသည်။

ဒီအချိန်မှာ ဆရာတပည့်နှစ်ယောက် တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် အော်ဟစ်နေရုံနှင့်မပြီး။ ကြီးလေးသော သက်ပြင်းရှိုက်သံနှင့်အတူ သူ့မျက်စိရှေ့က မိန်းမလှလေးကို ပေါ့ပါး စွာ ကောက်ယူမချီလိုက်ရပါပြီ။

နှစ်ပေါင်းများစွာ ကြာပြီးနောက် သူ့ရင်ခွင်ထဲ ပထမဆုံး နားခိုခွင့်ရသည့် မိန်းမသားတစ်ယောက်အဖြစ် စိုင်းဝန်းမား စိတ်ထဲ မှာ တစ်မျိုးကြီး ဖြစ်သွားသည်။

ကားနောက်ခန်းတံခါးကို အိုက်ပုက အပြေးဖွင့်ပေးသည်။

"သတိမေ့နေတာလားဆရာ"

"အေး"

"ခေါင်းမှာလည်းသွေးတွေနဲ့၊ ကြည့်ရတာ ဓားပြအတိုက်





www.burmeseclassic.com

www.burmeseclassic.com



ခံရတာထင်တယ်ဆရာ''

''ဒါပဲဖြစ်မှာပေါ့''

''ဟာ...သူ...သူက''

''အေး...ငါသိပ်မုန်းတဲ့ မိန်းမတွေထဲကတစ်ယောက် အပါအဝင်ပဲ''

''ကိုင်း...မောင်းတော့''

''ရှူး''

ဆရာဖြစ်သူကို မရဲတရဲကြည့်ပြီး အိုက်ပု ပါးစပ်ပိတ်လိုက်သည်။ ထို့နောက် ကားကို နေရာက ဝေါခနဲမောင်းအထွက်မှာ သူ့ဆရာကိုယ်စား ကျိတ်ချလိုက်သည့် သက်ပြင်းရှိုက်သံက မိုးလေထဲမှာ ရောထွေးသွားသည်။

◆ ◆ ◆

## အခန်း (၃)

ဒေါ်စောနန်းမွန် တသိမ့်သိမ့်ရှိုက်ငိုနေရာက အိမ်ရှေ့တည့်တည့်မှာ ရပ်လာသည့် ရဲကားရှိရာသို့ ကမူးရှူးထိုး ထပြေးသွားပုံက လျင်မြန်လွန်းသဖြင့် ဒေါ်ကြာယုံ လှမ်းဆွဲပါသော်လည်း မမီ။

''သမီးရော''

''ကျွန်မသမီးလေးရော ကိုခွန်မောင်၊ ကျွန်မသမီးလေးရော''

''စောနန်းမွန်ရယ်''

ဦးခွန်မောင်က မျက်ရည်စက်လက်နှင့် ယူပစ်လိုက်သလို ချူးကျသွားသည့် ဇနီးသည်၏ ကိုယ်လေးကို နွေးထွေးသန်မာသောလက်အစုံဖြင့် တင်းကြပ်စွာ ထွေးပွေ့ထားလိုက်ရပါပြီ။

သူ့အမေးစကားကို ဘာတစ်ခွန်းမှ မဖြေဆိုနိုင်သော ခင်ပွန်းဖြစ်သူ ဦးခွန်မောင်ကြောင့် သမီးလေးစောရတီ၏ အခြေအနေကို

www.burmeseclassic.com

www.burmeseclassic.com



နိုပ်စားမိပြီဖြစ်သော ဒေါ်စောနန်းမွန်ထံမှ ယူကျုံးမရ ဝမ်းပန်းတနည်း ငိုချလိုက်သံကလည်း တိတ်ဆိတ်သောပတ်ဝန်းကျင်ကို ဖုံးလွှမ်းသွားသည်။

''သမီး''

''မာမီ့သမီးလေးရယ်…သမီးလေးအခုလိုဖြစ်ရတာ ကျွန်မကြောင့်၊ ကျွန်မသမီးလေးကို မကယ်နိုင်ကြတော့ဘူးလား ကိုခွန်မောင်ရဲ့''

''စောနန်းမွန်''

''စိတ်ကိုထိန်းပါ ဒေါ်စောနန်းမွန်၊ ကျွန်တော်တို့လည်း ဒေါ်စောနန်းမွန်သမီးကို လူအင်အားသုံးပြီး ပိုက်စိပ်တိုက်ရှာနေရှာပေးမယ့်''

''အမလေး…မာမီ့သမီးလေးရေ''

''မွန်…နန်းမွန်''

''ဒေါ်စောနန်းမွန်…ဒေါ်စောနန်းမွန်''

''သတိထားပါဦးဗျာ''

''ဒေါ်ကြာယုံ ဆရာဝန်ဆီဖုန်းဆက်ပါ''

''ဟုတ်ကဲ့ပါ သူဌေး''

ဦးခွန်မောင်က သူ့ရင်ခွင်ထဲမှာ သတိလစ်မေ့မျောသွားသော ဒေါ်စောနန်းမွန်ကိုယ်လေးကို ပွေ့ယူကာ သူတို့အိပ်ခန်းကို





ခေါ်သွားမည်ပြုပြီးမှ…

''အားလုံးပဲ ခွင့်ပြုပါဦးခင်ဗျာ၊ ရဲမှူးကြီးတို့ကိုလည်း ကျေးဇူးတင်ပါတယ်''

''အမှုမှန်မတွေ့မချင်း ကျွန်တော်တို့ဘက်က အစွမ်းကုန်ကြိုးစားသွားမှာပါ ဦးခွန်မောင်၊ အခုတော့ ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

''ကောင်းပါပြီခင်ဗျာ…ကောင်းပါပြီ''

''သူဌေး…ဆရာဝန်ကြီးက အခုပဲလာမယ်လို့ ပြောပါတယ်''

''ကောင်းပြီ ဒေါ်ကြာယုံ၊ စောနန်းမွန်အတွက် အိပ်ရာအသင့်ပြင်ထားပါ''

''ဟုတ်ကဲ့…အားလုံးအသင့်ပြင်ပြီးပါပြီ သူဌေး''

ဆရာဝန်ကြီး ဦးသက်ကြူရောက်လာချိန်ထိ ဒေါ်စောနန်းမွန်က သတိမရ။

''ကျန်းမာရေးတော့ ဂရုစိုက်ပါဗျာ၊ သွေးလုံးခုန်သံကို ကျွန်တော် သိပ်အားမရဘူး၊ လိုအပ်တာတွေလည်း ထပ်စစ်မှဖြစ်မယ်''

''ဒေါက်တာ ကောင်းမယ်ထင်သလိုသာ လုပ်ပါဗျာ၊ ကျွန်တော်တော့ ခေါင်းတွေသိပ်ပူနေလို့ ဘာမှမပြောတတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''ကျွန်တော်လည်း စိတ်မကောင်းပါဘူး ဦးခွန်မောင်၊ ဆောရုတ်လေးအတွက် ဆုတောင်းပေးရုံကလွဲလို့ ကျွန်တော်တို့ ဘာများတတ်နိုင်မှာလဲဗျာ''

''ကလေးမလေး ကံကောင်းပါစေ၊ ဘေးမသီရန်မခ ရှိပါစေ၊ ဘုရားသခင်စောင့်ရှောက်ပါစေဗျာ''

''ဒေါက်တာပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ''

''လူနာကို အနားယူပါစေဗျာ၊ အခုချိန်မှာ သူ့အတွက် အိပ်ရေးဝဝအိပ်ဖို့လည်း အရေးကြီးတယ်ဗျာ''

''ကျွန်တော် ပြန်လိုက်ဦးမယ်''

''ကောင်းပါပြီ ဒေါက်တာ၊ ဒေါက်တာကို ကျွန်တော် ကိုယ်တိုင် လိုက်မပို့နိုင်တာ ခွင့်လွှတ်ပါ''

''သင့်ခ်ယူး ဒေါက်တာ''

ဆရာဝန်ကြီး ဦးသက်ကြူကို ဒေါ်ကြာယုံ လိုက်ပို့သည်။ တိတ်ဆိတ်နေသော အိပ်ခန်းကျယ်ကြီးထဲမှာ နှစ်မြိုက်စွာ အိပ်မော ကျနေသော ဒေါ်စောနန်းမွန်နှင့် ဦးခွန်မောင်တို့ ကျန်ရစ်သည်။

စိတ်ကိုဖြေပါဟု လူတွေအားလုံးက အလွယ်တကူ ပြောနေ ကြပေမယ့် ကာယကံရှင်တွေအတွက် စိတ်ကို အလွယ်တကူ ထိန်းချုပ်ဖို့ရာ မဖြစ်နိုင်ပါ။





သမီးတစ်ယောက်လုံး ဘဲဥအစရှာမရသလို ပျောက်ဆုံး သွားသည့်ကိစ္စမှာ ဘာကို ဖြေသိမ့်ရမည်နည်း။ အားလုံး ခြေမကိုင် မိ လက်မကိုင်မိ။ သွေးရူးသွေးတမ်း ပျာယာခတ်နေသည်။

ကာယကံရှင် မဆိုထားနှင့် ဘေးမှာရှိနေသည့် လူတွေ သည်ပင်လျှင် စိတ်ထိခိုက်နေကြရသည့်အဖြစ်။ သနားရ စုပ်တသပ် သပ်ဖြစ်ရသော အခြေအနေမှာ သမီး၏အမေဖြစ်သော ဒေါ်စောနန်း မွန် အခုလိုဖြစ်ရခြင်း၌ အပြစ်ဟုမဆိုသာ။

သူ့နေရာကိုယ်ဆိုရင်လည်း ဤသောကပရိဒေဝမီးကို အလွယ်တကူ ငြိမ်းသတ်နိုင်မည်မထင်။

ဖြစ်မှဖြစ်ရလေ စောရုတ်လေးရယ်။

အရွယ်ကငယ်ငယ်၊ လူပုံလေးက နုနုဖတ်ဖတ်။ အပြစ်ဆို ရက်စရာမရှိအောင် လှနိုင်လွန်းသူလေးကိုမှ ဆိုးရွားသည့် ကံကြမ္မာ က ရက်စက်လွန်းသည်။

''ဟင်း''

နှုတ်က ထုတ်ဖော်မပြောသော်လည်း ဦးခွန်မောင်ကိုယ် တိုင် စောရုတ်အတွက် ရင်ထဲပူနေသည်။

''ဘာပဲဖြစ်ဖြစ် အတွင်းလူတော့ပါတာ သေချာတယ်ဗျာ၊ အမှုမှန်မပေါ်မချင်း စစ်ဆေးမှုတွေ အဆက်မပြတ် လုပ်နေရဦးမှာ ဆိုတော့ ဒီအိမ်မှာရှိနေတဲ့လူတွေအကုန်လုံး ဘယ်ကိုမှ မသွားပါစေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့”

“မဖြစ်မနေ သွားစရာရှိရင်လည်း ကျွန်တော်တို့စခန်းကို သတင်းပို့ပြီးမှ သွားပါ”

“ဟုတ်ကဲ့ပါ ရဲမှူးကြီး”

အတွင်းလူ။

မဟူရာစံအိမ်ကြီးထဲက အတွင်းလူဆိုတာ ဘယ်လိုလူမျိုး ဖြစ်မှာပါလိမ့်။ ဦးခွန်မောင် ထိုအဖြေကို ခေါင်းပူအောင်စဉ်းစားကြည့် ပြီးပါပြီ။ သူလိုချင်သည့်အဖြေက ရှာမတွေ့။

သူ့စိတ်ထဲမှာ မသင်္ကာစရာလူမရှိ။ မတွေးနိုင်ဘဲ ခေါင်းပူ တာသာ အဖတ်တင်သည်။ ဒေါ်ကြာယုံဆိုတာကလည်း တစ်ကောင်ကြွက် အပျိုကြီးဘဝဖြင့် မဟူရာစံအိမ်ကြီးထဲမှာ သူ့ဘဝ သူ စိတ်ချလက်ချ အပ်နှံထားသူ။

စာရေး၏ အထိန်းတော်။

ဒေါ်စောနန်းမွန်၏ လူယုံ။

ခွေမျိုးနီးစပ်တော်သူဖြစ်ပြီး မဟူရာစံအိမ်ကြီးမှာ နေထိုင် လာခဲ့သည်မှာ ဟိုပိုမျှယ်စဉ်အချိန်ကတည်းက အခုအသက်အရွယ် အထိ။ အိမ်ထဲက အိမ်ပြင်ထွက်ရဖို့ကိုပင် ဝန်လေးသူ။

တစ်နေ့တစ်နေ့ အိမ်ထဲကအိမ်ပြင် မထွက်ဘဲ နေသူကို သေးဖယ်ပြီး စဉ်းစားလိုက်တော့ ဒရိုင်ဘာစံရှီရှိသည်။ ခြံစောင့်





မှုတာရှိသည်။ ထမင်းချက်ဒေါ်ကြိမ်နှင့် လက်တိုလက်တောင်းခိုင်း သည့် ကလေးမလေးနှစ်ယောက်။

အားလုံး မသင်္ကာစရာမတွေ့။

မဟူရာစံအိမ်ထဲ တခြားဝင်ထွက်နေသူတွေကို ထပ်စဉ်းစားကြည့်သည်။ ဦးခွန်မောင်ရဲ့လူ ဦးတင်ကြည်။ ရှေ့နေ ကြီး ဦးလှိုင်မြေ့။ ရတနာပွဲစား ဒေါ်ပင်စီ။ နောက် ဒေါ်စောနန်းမွန် ၏ သူငယ်ချင်း ဒေါ်စံပယ်။

ဘယ်သူမှ လူဆိုးစာရင်းမဝင်။ ဒေါ်စောနန်းမွန်ကို လူဆိုး တွေ ဖမ်းသွားသည်ဆိုပေမယ့် မျက်မှာတွေကို အမြင်မခံဘဲ ရုပ်ဖျက် ထားသည့်အကြောင်း ဒရိုင်ဘာဦးစံရှီနှုတ်က ရဲဘက်ကို ထွက်ဆိုပြီး ဖြစ်သည်။

ဦးစံရှီဦးခေါင်းကို သေနတ်ဒင်ဖြင့် အရိုက်ခံလိုက်ရပြီး နောက် မေ့သွားသဖြင့် ဒေါ်စောနန်းမွန်ကို ဘယ်နေရာကို ခေါ်သွား မှန်းလည်း မသိ။ သူသတိရချိန်မှာ ဦးစံရှီလက်ထဲမှာ စာတစ်စောင် ရောက်နေသည်။

သူတစ်ယောက်တည်း ကားပေါ်မှာပဲ ဒီအတိုင်း သတိ လစ်ကျန်ရစ်ခဲ့သည်။ ဒေါ်စောနန်းမွန်ကို အနီးအနားရှာပေမယ့် မတွေ့ တော့။ စာကို ဒေါ်ကြာယုံလက်ထဲ ထည့်ပေးလိုက်တာ နောက်မှ သတိရသည်။ တခြားဘာကိုမှ တိတိကျကျ မေး၍မရ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောနှန်းမွန်ကြပြန်တော့လည်း နေရာအတိအကျ ပြောနိုင်သော တောစခန်းတစ်ခုမှာ သူမကို ချုပ်နှောင်ထားတာပဲ သိသည်။ သူ့ကို လူတစ်စု ဖမ်းခေါ်လာသည်ဆိုပေမယ့် လူပုံစံ မျက်နှာ ဘာတစ်ခုမှ ပြောပြနိုင်ခြင်းမရှိ။ မျက်နှာကို လက်ကိုင် ပဝါဖြင့် ဖိအုပ်ခံလိုက်ရသည်။ သူမသတိရတော့ ဦးခွန်မောင်တို့ လက်ထဲ ရောက်နေသည်။

ဦးခွန်မောင် ကြပြန်တော့လည်း စောရတ်ကားထွက်သွားပြီး တစ်နာရီလောက်ကြာမှ မဟူရာစံအိမ်ကြီးကို ပြန်ရောက်လာသူ ဖြစ်သည်။ ဒေါ်ကြာယုံက ထိုအချိန်မှ ရဲကိုဖုန်းဆက်အကြောင်း ကြားရဲသည်။

ဦးခွန်မောင် စိမ်းစားပင်ကွေ့ကို ရဲစခန်းအကူအညီဖြင့် တောနင်းလိုက်သည်။ ဒေါ်စောနှန်းမွန်ကို တဲအိမ်လေးအတွင်း သတိမေ့လျက်တွေ့ရပြီး ကားရော စောရတ်ပါ ပျောက်နေသဖြင့် တောနင်းရှာကြပေမယ့် မတွေ့။

ရဲမှူးကြီး၏ အစီအစဉ်ဖြင့် ဒေါ်စောနှန်းမွန်ကို သက်တောင့်သက်သာ အနားယူဖို့ မဟူရာစံအိမ်ကို ပြန်ပို့လိုက်သည်။ တာဝန်ရှိသူနှင့် ဦးခွန်မောင် ဆက်လက်ရှာဖွေပေမယ့် စောရတ်ရော ကားပါ အစပျောက်လျက်ရှိသည်။

"တူ…တူ"





"ဟဲလို"

"ဦးခွန်မောင် ကားတော့ပြန်တွေ့ပြီဗျာ"

"ခင်ဗျာ…လူ…လူကရော၊ စောရတ်ကို တွေ့ပြီလား ဗျာ"

"လူကိုတော့ အခုထိမတွေ့ရသေးပါဘူးဗျာ၊ ကားကို ပြန်တွေ့ပြီဆိုတဲ့အကြောင်း အသိပေးတာပါ"

ဦးခွန်မောင် ခေါင်းငိုက်စိုက်ကျသွားသည်။

ကားပြန်တွေ့တာ အရေးမကြီး။ လူပဲပြန်တွေ့ဖို့ အရေးကြီးသည်။

"အဲ…ကားကိုတွေ့ပြီဆိုပေမယ့် ဒီမှာတော့မဟုတ်ဘူးနော် ဦးခွန်မောင်၊ နယ်စပ်ကိုကူးဖို့ တောစခန်းတစ်နေရာမှာ စွန့်ပစ်ခဲ့တာတွေ့လို့ ကျွန်တော်တို့ လိုက်ရှာနေတဲ့ ကားမှန်းသိလို့ လှမ်းဖုန်းဆက်ပေးကြတာ"

"ကျေးဇူးတင်ပါတယ် ရဲမှူးကြီးခင်ဗျာ၊ ကျွန်တော်တို့ မိသားစုကိစ္စကို ဆက်ပြီးကူညီပေးပါဦး"

"ဒါတော့စိတ်ချပါဗျာ၊ မကြာခင်ပဲ အမှုမှန်ကို ဖော်ထုတ်နိုင်မှာပါ"

လက်ထဲကဖုန်းကို နီးရာခုံပေါ် လှမ်းတင်လိုက်သည်။ မျက်နှာကို လက်ဖဝါးနှစ်ဘက်ဖြင့် ပွတ်သုတ်ရင်း ဦးခွန်မောင်



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်နေသော ဇနီးသည်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ ဒေါ်စောနန်းမွန် အိပ်ရာကနိုးလာလျှင် သူဘယ်လိုနှုတ်သိမ့်ဖျောင်းဖျ ရမှန်းမသိ။

လူဆိုးအဖွဲ့တောင်းသည့် ငွေအတိအကျကို စောရတ် ယူသွားသည့်သတင်းကို ဒေါ်ကြာယုံပြော၍ အားလုံးသိပြီးဖြစ်သော် လည်း ထူးဆန်းစွာပင် စောရတ်ကိုယ်တိုင်က ပျောက်ဆုံးနေသည်။

ဘယ်လိုပါလိမ့်။

ငွေကိုရော လူကိုပါ တစ်ပါတည်း သိမ်းပိုက်သွားကြတာ ထင်တယ်။

နုနယ်လှပသော စောရတ်မျက်နှာလေးကို ပြန်လည်မြင် ယောင်လျက် စဉ်းစားရကြပ်နေသည်။ ယနေ့ခေတ်ကြီးက ကြောက် စရာ။ စောရတ်က သိပ်လှတော့ ပိုပြီးကြောက်စရာကောင်းသည်။

လူမှောင်ခိုအကြောင်းတွေးမိတော့ ပိုပြီးဦးနှောက်စားသွား သည်။ လောကကြီးမှာ သေတာထက်ဆိုးတဲ့ဘဝတွေ အများကြီး ရှိသည်။ ကြောက်စရာ ငရဲစခန်းအကြောင်း တွေးမိတော့ ဦးခွန် မောင်ရင်ထဲ ဇနီးသည်အတွက် ပိုပြီးပူလောင်သွားသည်။

သူက အမေဆိုတော့ ပိုဆိုးမည်။

ခံစားချက်တွေ ပိုပြင်းရှာမည်။

ဒေါ်စောနန်းမွန်ကိုယ်စား ဦးခွန်မောင်ပဲ စောရတ်အတွက်





ကျိတ်ဆုတောင်းမိသည်။

ဘုရားတရားရဲ့ ဂုဏ်ကျေးဇူးနဲ့ မင်းလေး ဘာမှမဖြစ်ပါစေ နဲ့လို့ အန်ကယ်ဆုတောင်းပါတယ်ကလေးရယ်။

ကံတရားက မင်းဘက်မှာပဲ ရပ်တည်နိုင်ပါစေ။

◆ ◆ ◆


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဟုတ်မှဟုတ်ပါ့မလား ဆရာရယ်၊ ဒီလောက်အဖျားကြီး နေတာ သတိမှပြန်ရပါဦးမလား၊ တော်ကြာ ကျွန်တော်တို့ကို အမှု လာပတ်နေပါဦးမယ်ဗျာ"

အိုက်ပုအသံက တုန်နေသလို မျက်နှာကပျက်နေသည်။ စိုင်းဝန်းမား အိပ်ရာပေါ်မှာ အဖျားကြီးပြီး သတိလစ်နေသည့် မျက်နှာလှလှလေးကို ကြည့်ကာ စိုင်းဝန်းမား၏ တည်ခန့်ချောမော သော မျက်နှာက မှုန်တည်နေသည်။

ကိုယ်ကိုယ်တိုင် ဆရာဝန်မို့သာ တော်တော့သည်။ လက်ရှိ ဖြစ်နေသည့် အခြေအနေနှင့် ဆေးရုံဆေးခန်းရောက်သွားလို့ကတော့ ဘယ်သူမှ လက်ခံကြမည်မဟုတ်။

ဥပဒေနှင့် ငြိစွန်းမှာ ကြောက်တာနှင့် ဘယ်သူမှ တာဝန် ယူရဲကြမည်မဟုတ်သော အခြေအနေမှာ စိုင်းဝန်းမားလက်ထဲမှာ





သိပ်လှသည့် မိန်းမချောလေးတစ်ယောက်။ ဦးခေါင်းမှာ ဒဏ်ရာ နှင့် အဖျားကြီးပြီး သတိလစ်နေသည်။

"အခုချိန်ကြမှ ဆေးရုံသွားပို့လို့လည်း နောက်ပိုင်း ပြဿနာတွေ ပြန်ရှင်းနေရဦးမယ်၊ ကျွန်တော်တို့ဘယ်လိုလုပ်ကြ မလဲဆရာ"

"မင်းက ဘာလုပ်ချင်လို့လဲ"

"ခင်ဗျာ"

"အခုအချိန်ကြမှ ဘာမှလုပ်လို့မရတော့ဘူးကွ၊ သူဘာမှ မဖြစ်အောင် ဂရုစိုက်ရုံပဲ"

"ဟုတ်…ဟုတ်ကဲ့"

တည်တင်းသော ဆရာ့မျက်နှာကိုကြည့်ပြီး ဆရာခုတင် ပေါ်က မိန်းမလှလေးကို တစ်ချက်လှမ်းကြည့်သည်။ ပန်းနုရောင် သွေးနုဖတ်နေသည့် မျက်နှာလေးက သိပ်လှ၍ ကော်ပတ်ရုပ်လေး နှင့်တူသည်။

မိန်းမမုန်းသော ဆရာလူပျိုကြီးနှင့် မိန်းမလှလေးတို့ လာဆုံ ကြသည့်ပွဲမှာ စိတ်ရှုပ်ထွေးနေသည့် အမူအရာနှင့် သူ့ဆရာမျက်နှာ ချောချောကို မဝံ့မရဲ လှမ်းကြည့်သည်။

"မနက်ဖြန်ခရီးထွက်ဖို့ အစီအစဉ် ဘယ်လိုလုပ်ကြမလဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



''ဖျက်လိုက်''

''ဗျာ''

''လူနာအခြေအနေကြည့်ပြီးမှပဲ ခရီးထွက်မယ့်ရက်ကို ငါပြောမယ်''

''ဟုတ်ကဲ့ဆရာ''

''တူ…တူ''

အိမ်ရှေ့ဆီမှ အဆက်မပြတ် အော်မြည်နေသော ဖုန်းသံ ကြောင့် သူ့ဆရာနားက အိုက်ပု အပြေးထွက်သွားသည်။

''ဟဲလို''

''အိုက်ပုလား…မင်းဆရာနဲ့ စကားပြောချင်တယ် ခေါ်ပေးစမ်း''

''ဟုတ်ကဲ့ပါ မေမေကြီး၊ ခဏလေး ဖုန်းကိုင်ထားပေး ပါ''

ဖုန်းခွက်ကို ဘေးချပြီး သူ့ဆရာရှိရာ အိုက်ပု အပြေး ပြန်ရောက်လာသည်။

''ဆရာ…မေမေကြီးက ဆရာနဲ့ဖုန်းပြောချင်လို့တဲ့''

''အေး''

မားမတ်ခန့်ညားသော ခြေလှမ်းကြီးတွေက အိုက်ပုရှေ့ စတိုင်လ်ကျကျ ကျော်ဖြတ်သွားသည်။ အားကစားလိုက်စားသူပီ





သဖြင့် ဒေါက်တာစိုင်းဝန်းမား ပုံစံက ကြည့်ကောင်းသည်။

ကြည်လင်ဝင်းမွတ်နေသော အသားအရည်က ဝင်းဝါ နုထွတ်နေပြီး ပါးအိုနှစ်ဖက်က ယောကျ်ားတန်မဲ့ ပန်းရောင်လွှမ်းနေ ပုံကိုက တစ်မျိုးကြည့်ကောင်းသည်။

ခြောက်ပေနီးပါး အရပ်အမောင်းနှင့် အဆီပိုမရှိသော ခန္ဓာကိုယ်မြင့်မြင့်ထွားထွား၊ နက်မှောင်သောဆံပင်တွေက မတိုလွန်း မရှည်လွန်းပုံစံဖြင့် တစ်မျိုး နဖူးပေါ် ဖြာကျနေသည်။

နက်မှောင်ထူထဲသော မျက်ခုံးအစုံအောက်မှ စူးရှတောက် သည့် မျက်ဝန်း၊ ချွန်ဖြောင့်သည့် နှာတံ၊ နီရဲသည့်နှုတ်ခမ်းလွှာ အစုံက တင်းတင်းစေ့လျက်။ ရိုက်သင်ခြင်းကင်းမဲ့နေသော နှုတ်ခမ်း မွေး ပါးသိုင်းမွေးများကြောင့် ဒေါက်တာ စိုင်းဝန်းမားက တခြားသူ ဆွနှင့်မတူ။

တမင်တကာ လုပ်ယူထားခြင်းမဟုတ်ပေမယ့် ဒေါက်တာ စိုင်းဝန်းမားပုံစံက သူ့စတိုင်လ်နှင့်သူ သီးသီးသန့်သန့် အမူအရာ ဖြစ်နေသည်။ လူချောလူဖြောင့်တစ်ယောက်။

မိုးပြာရောင် အမေရိကန်ဂျင်းဘောင်းဘီရှည်၊ ခေါင်းစွပ် ဆွယ်တာအကျႌလက်ရှည်အဖြူ၊ အိမ်နေရင်း အီတလီဖြစ် သားရေ ဖိနပ်ကို စီးထားပုံက သက်တောင့်သက်သာ ကြည့်ကောင်းသည်။

အသက်သုံးဆယ်ကျော်ပေမယ့် အခုချိန်ထိ အိမ်ထောင်မပြု



www.burmeseclassic.com

www.burmeseclassic.com



သေး။ သူဝါသနာပါသည့် ဆေးကုသမှုအလုပ်ထဲမှာသာ အာရုံစူးနစ်ထားပြီး မိန်းမကိစ္စ လုံးဝစိတ်မပင်စား။

ချစ်သူရည်းစား ထားဖူးသော်လည်း ထိုမိန်းမကြောင့်ပင် တခြားမိန်းမတွေအားလုံးကိုပါ ကြည့်မရအောင် မုန်းတီးသောအဖြစ်သို့ ရောက်မှန်းမသိ ရောက်ခဲ့ရသူဖြစ်သည်။

ဖြစ်ချင်တော့လည်း တိုက်တိုက်ဆိုင်ဆိုင် ဒေါက်တာစိုင်းဝန်းမား ကြည့်မရအောင်မုန်းသည့် မိန်းမတစ်ယောက်၏အသက်ကို လူသားချင်း စာနာစိတ်ဖြင့် ကယ်တင်ဆယ်ယူခဲ့မိသည်။

ထိုအတွက် နောက်ဆက်တွဲပြဿနာက သူတို့ဆရာတပည့်နှစ်ယောက် ထွက်ရမည့်ခရီးစဉ်ကို ရှေ့မဆက်နိုင်ဘဲ ရပ်တန့်ထားရခြင်းဖြစ်သည်။

''ကျွန်တော်ပါ မာမီ''

''သား ဘယ်နေ့ပြန်လာမလဲဆိုတာ မာမီကိုပြောပါဦး''

''ရက်အတိအကျပြောလို့မရသေးဘူး မာမီ၊ ဘာဖြစ်လို့လဲ''

''ဒါဆိုလည်း အိမ်ကို အမြန်ဆုံးပြန်လာကွယ်၊ မာမီနေမကောင်းဘူး''

''ဗျာ''

''ဦးကောင်းမြတ်ကိုယ်တိုင် မာမီ့ကို ဆေးရုံတက်ရမယ်





ပြောတယ်၊ မာမီကတော့ သားလာမှပဲ လုပ်စရာရှိတာ ဆက်လုပ်မယ်လို့ပြောလိုက်တယ်''

''အာ''

စိုင်းဝန်းမား ဘာဆက်ပြောရမှန်းမသိအောင် နှုတ်ဆွံ့သွား၏။ ဒီလောက်ဆို မာမီ့အခြေအနေကို သူသဘောပေါက်လိုက်သည်။ ဆရာဝန်ကြီးဦးကောင်းမြတ်ဆိုတာ စိုင်းဝန်းမားရဲ့ဆရာ။

အထူးကုသမားတော်ကြီးတစ်ယောက်။ မာမီ့ကို ဆရာကြီးကပဲ တာဝန်ယူဆေးကုသမှုပြုနေသူ။ တော်ရုံအခြေအနေလောက်နှင့် ဆရာကြီးက မာမီ့ကို ဆေးရုံတက်ခိုင်းခြင်း ပြုမည်မဟုတ်တာ သေချာသည်။

''ကျွန်တော် မနက်ဖြန်ပြန်လာမယ်မာမီ၊ ဆရာကြီးကိုလည်း ဖုန်းလှမ်းဆက်လိုက်ပါ့မယ်၊ ဆရာကြီးပြောတဲ့အတိုင်း မာမီဆေးရုံတက်ရင် ကြိုတက်ထားနှင့်မလား''

''သားလာမှပဲကွယ်၊ သားမရှိဘဲ ဆေးရုံမှာ မာမီတစ်ယောက်တည်း မနေချင်ဘူး''

''မာမီရယ်''

စိုင်းဝန်းမားရင်ထဲ မာမီ့စကားလုံးတွေက စူးနင့်စွာဝင်ရောက်သွားသည်။ ဒီအမေနဲ့ ဒီသား နှစ်ယောက်တည်းရှိကြသည့်ဘဝမှာ မာမီ့အလိုကျ သူဘာက်က ဘာများလုပ်ပေးခဲ့နိုင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



သနည်း။

"သား"

"ဗျာ...မာမိ"

မာမိဘက်က အသံခဏတော့ တိတ်သွားသည်။

"ဒီလိုနဲ့ပဲ...မာမိမြေးလေးကို လက်လွှတ်ဆုံးရှုံးရမယ်ထင်တယ်၊ ချစ်စရာမြေးလေးတစ်ယောက် မာမိဘဝမှာ ဘယ်တော့မှ မမြင်မတွေ့နိုင်တော့ဘူးပေါ့နော်"

"မာမိ"

"ဒါပါပဲသားရယ်...သားလာမှပဲ သားနဲ့အတူ ဆေးရုံသွားမယ်"

"ဗွတ်လပ်ခ် မိုင်ဆန်း"

"တီ"

မာမိဘက်က ဖုန်းလိုင်းပြတ်တောက်သွားချိန်အထိ စိုင်းဝန်းမားလက်ထဲက ဖုန်းခွက်ကိုမချဘဲ ငူငူကြီးငိုင်တွေနေမိသည်။

မာမိစကားတွေက စိုင်းဝန်းမားနှလုံးသားကို အရှိန်ပြင်းစွာ ရိုက်ခတ်သွားသလို မာမိအတွက် ...ဘက်က တာဝန်မကျေနိုင်တာကိုလည်း အကြီးအကျယ် စိတ်ထိခိုက်သွားသည်။

ခေမာရဋ္ဌမှာ စိုင်းဝန်းမားနှင့်မာမိ ဒေါ်စပ်မြတ်ဝတီတို့က သွေးသားရင်းချာရှိကြပြီး စံအိမ်ကြီးတစ်ခုလုံးကို ခွေမျိုးနီးစပ်တော်





သူတွေကသာ စီမံခန့်ခွဲကြသည်။ အုပ်ချုပ်ကြသည်။ မာမိနှင့် စိုင်းဝန်းမားသာ မရှိလျှင် ခေမာရဋ္ဌကို ဆက်ခံမည့်ရင်သွေးမျိုးဆက် မရှိ။

ထိုအတွက် တာဝန်အရှိဆုံးလူက စိုင်းဝန်းမားကိုယ်တိုင်သာဖြစ်သည့်အတွက် ဖုန်းခွက်ကို အသာပြန်ချရင်း လေးပင်စွာ သက်ပြင်းရှိုက်လိုက်သည်။

သူ့ဘက်က အရင်လို စိတ်နောက်ကိုယ်ပါ နေချင်တိုင်း နေ၍ မဖြစ်နိုင်မှန်း လက်ရှိရင်ဆိုင်နေရသော မာမိ့ကျန်းမာရေး အခြေအနေက ဖော်ပြသတိပေးနေပေပြီ။

သူ တစ်ခုခုတော့ ဆုံးဖြတ်ရတော့မည်။

"အင်း...ဟင်း...ဟင်း"

"ဆရာ...ဆရာ လူနာသတိရလာပြီ"

အိုက်ပုအသံကြောင့် လူနာအခန်းသို့ သူလျှောက်လာခဲ့သည်။ အမှန်ပင် လူနာမှာ သတိရလျက် ညည်းညူနေ၏။ လိုအပ်သည့် စစ်ဆေးမှု ချက်ချင်းလုပ်သည်။ အဖျားကျသွားသည်။ သွေးလည်ပတ်မှုအားလုံး ပုံမှန်။

ရင်ထဲ နည်းနည်းပေါ့သွားသည်။

ဒီပုံအတိုင်းဆိုလျှင် မနက်ဖြန် ခေမာရဋ္ဌကို ပြန်နိုင်တော့မည်။ မှိန်းဖျော့နေသော လူနာက အခုချိန်ထိ မျက်ဝန်းအစုံကို



www.burmeseclassic.com

www.burmeseclassic.com



မှေးမှိတ်ငြိမ်သက်နေဆဲ။

"ဒီမှာမိန်းကလေး သတိရပြီလား၊ ကျုပ်ပြောတာကြားရင် မျက်လုံးဖွင့်ကြည့်ပါဦး"

ကြည်လင်သောအသံက အောင်မြင်ခန့်ညားသော်လည်း စကားသံက ခပ်ဝဲဝဲ။ ခေါင်းထဲမှာ မူးနောက်လျက် ဘာကိုမှ ဝေခွဲနိုင်ခြင်းမရှိသော်လည်း လေးလံသော မျက်ဝန်းအစုံကို အားတင်းပြီး ခွတ်ဖွင့်လိုက်သည်။

စောရတ် မျက်ဝန်းရှေ့တည့်တည့်မှာ ဘာမှမရှိ။ မျက်ဝန်းအကြည့်ကို ဖြည်းဖြည်းချင်း အရှေ့မှာ သူမမျက်နှာကို ငုံ့ကြည့်နေသော အိုက်ပုဏ် ပြုံးကြောင်သေးငယ်သော မျက်နှာနှင့် အရင်ဆုံသည်။

"အား...အမလေး"

"ကြောက်တယ်...ကြောက်တယ်"

"ဟာ...ဟိတ် ဘယ်လဲ သတိထားလေ"

"ဟင့်အင်း...ဟင့်အင်း လူဆိုးတွေ၊ လူဆိုးတွေကို ကျွန်မကြောက်တယ်"

"ကြောက်တယ်"

ကြောက်စိတ်ဖြင့် ဖြူဖွေးသွားသော မျက်နှာလှလှလေးနှင့် အိုက်ပုဘက်ကို တစ်ချက်လှည့်မကြည့်တော့ဘဲ အိပ်ရာပေါ်က





ခွတ်အတင်းပြေးဆင်းမည့် မိန်းမလှလေးကို စိုင်းဝန်းမားကပဲ လျင်မြန်စွာ ဖမ်းဆွဲလှုပ်ယူ ဖမ်းပွေ့ထားလိုက်ရသည်။

အိထွေးမွေ့မြသော ကိုယ်လေးက စိုင်းဝန်းမားရင်ခွင်ထဲမှာ ဆတ်ဆတ်တုန်လျက် ဖြူဥနုထွေးသော လက်အစုံကလည်း ကြောက်လန့်စိတ်ဖြင့် စိုင်းဝန်းမားကိုယ်ကြီးကို မမိမကမ်း တင်းတင်းကြပ်ကြပ် ဖက်တွယ်ထားပုံကြောင့် သူကိုယ်တိုင် အသက်ရှူမှားသွားရသည့်အထိပါ။

"ကျွန်တော်ဘာမှမလုပ်ဘူးနော် ဆရာ၊ သူ့ဘာသာသူ ဖြစ်နေတာ၊ ကျွန်တော် ဘာမှမလုပ်ဘူး"

"အရေးထဲ မင်းကတစ်မျိုး၊ သွားစမ်းကွာ ဝေးဝေးမှာနေစမ်း"

အိုက်ပုက သူ့ဆရာအမိန့်ရသည်နှင့် အခန်းထဲက လှစ်ခနဲ ပြေးထွက်ချိန်အထိ လှပသော မျက်နှာလေးကို သူ့ရင်ခွင်ထဲမှာ ခွတ်တိုးကွယ်ဝှက်ထားသူလေးကြောင့် စိုင်းဝန်းမားမျက်နှာချောချောမှာ အမျိုးအမည်ဖော်ပြရခက်သော ခံစားမှုတစ်မျိုးနှင့် အီလည်လည်ကြီး ဖြစ်နေသည်။

ကိုယ်ကိုယ်တိုင် မိန်းမတွေနှင့် မပတ်သက်ချင်၍ အကင်းရှင်းဆုံးနေလာခဲ့သည်မှာ ကြာပါပြီ။ သူ့နားကို ဘယ်လိုမိန်းမမျိုးကိုမှ အကပ်မခံ။ အလုပ်ကိစ္စမှတစ်ပါး တခြားမည်သည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်မှ စကားရောနှောပြောဆိုခြင်းမပြု။ သာမန်ထက် လုံးဝမပိုသော စကားအပြောအဆို၊ မျက်နှာအမူအရာတို့ကြောင့် စိုင်းဝန်းမားဆိုလျှင် ရုပ်ရည်ဘယ်လောက်ချောချော အဝေးကရှောင်ကွင်းသွားကြသည့် မမချော မမလှများရန်မှ ကင်းဝေးခဲ့ရသလောက် အခုတော့ သူ့ရင်ခွင်ထဲ ပယ်ပယ်နယ်နယ် ရောက်နေသူလေးက စိုင်းဝန်းမားကိုယ်ကြီးကို သူမလက်ကလေးနှစ်ဖက်နှင့် ကြောက်အားလန့်အား တအားဖက်တွယ်ထားပုံကြောင့် နူးညံ့အိထွေးမွေးမြသော အတွေ့အထိအောက်မှ သူ့ရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန်လာသည်။

"မိန်းကလေး...သတိထားဦးလေ၊ ကျုပ်တို့ လူကောင်းတွေပါ၊ ဘာမှကြောက်စရာမရှိဘူး၊ မင်းပြောတဲ့ လူဆိုးတွေလည်း မရှိဘူး"

"ဟင့်အင်း...ဟင့်အင်း သူတို့တကယ်ရှိတယ်၊ ကျွန်မကြောက်တယ်"

"ကြောက်တယ်...အဟင့်...ဟင့်...အီး"

"ဟာ...မငိုနဲ့လေ"

ထိတ်လန့်စွာ သူဆိုမိသည်။

တစ်ခဏအတွင်းမှာပင် မိန်းမလှလေး၏ မျက်ရည်တွေက စိုင်းဝန်းမားရင်ဘတ်ကို ရွဲရွဲစိုသွားစေခြင်းဖြင့် သူ့ဘဝမှာ တစ်ခါ





မှ မခံစားဘူးသော ခံစားချက်တစ်မျိုး ဝင်ရောက်လာသည်။

"ကျွတ်...ဒုက္ခပါပဲကွာ"

မိန်းကလေးက သူ့ရင်ခွင်ထဲမှာ တသိမ့်သိမ့်ငိုနေသည်။ လှပသော မိန်းကလေးတစ်ယောက်၏ မျက်ရည်ကို စိုင်းဝန်းမားတစ်သက် မကြုံဘူးပါ။ မိန်းမကျမ်းကျေသူမဟုတ်သည့်အပြင် မိန်းမမှန်လျှင် ဝေးဝေးနေသူပီပီ သူ့ရင်ခွင်ထဲမှာ ဝမ်းပန်းတနည်း ငိုရှိုက်နေသူလေးကို အငိုတိတ်သွားအောင် သူကိုယ်တိုင် ဘယ်ပုံဘယ်နည်း ချော့မော့ရမည်မသိ။

ညစ်ညူးရှုပ်ထွေးသည့်စိတ်ဖြင့် သူကိုယ်ကြီးကို တင်းကြပ်စွာ ဖက်တွယ်ထားသော လက်ကလေးတွေကို ဖယ်ခွာဖို့ ကြိုးစားကြည့်သည်။ မရ။ ပိုတိုး၍ ရှိုက်ငိုပြီး သူ့ကိုဖက်ထားသည်။

"မငိုနဲ့လေကွာ...မင်းနားမှာ ကျုပ်ရှိနေပြီပဲ၊ လမ်းခရီးမှာ ဘာတွေဘယ်လိုဖြစ်လာလဲဆိုတာ ကျုပ်ကိုပြောပြ၊ သက်ဆိုင်ရာကို ချက်ချင်းအကြောင်းကြားပေးမယ်"

"ပထမဆုံး မင်းစိတ်ကို တည်ငြိမ်အောင်ထား၊ ပြီးရင် မင်းမိဘရဲ့နာမည်နဲ့လိပ်စာ၊ မင်းနာမည်ကိုပြော"

"နာမည် ဟုတ်လား"

"ဟုတ်တယ်၊ မင်းနာမည်လေ၊ မင်းနာမည် ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်"

မျက်ရည်တို စိုရွှဲနေသော လုပရွှန်းစက်သည့် မျက်နက်ဝန်းအစုံအား ငေးကြောင်ရီဝေသွား၏။ သူမမျက်နှာလေးကို ခပ်မော့မော့ပြုလျက် သူ့မျက်နှာချောချောကို ငေးကြည့်ရင်း…

"ကျွန်မ…ကျွန်မ နာမည်ဘယ်သူလဲဟင်"

"ဗျာ"

"ကျွန်မ…ကျွန်မ ဘာမှမသိတော့ဘူး၊ ဘာမှမမှတ်မိတော့ဘူး ဦးလေးရယ်၊ ကျွန်မကိုကယ်ပါ၊ ကျွန်မကြောက်တယ်၊ အိး…ဟီး…ဟီး"

"ဟာ…မငိုနဲ့လေ၊ စိတ်ကို အဲဒီလောက်ကြီး လွှတ်မပစ်လိုက်နဲ့ဦး၊ ခေါင်းအေးအေးထားပြီး စဉ်းစားရင် မေ့နေတာတွေ ပြန်သတိရလာမှာပါ"

"စိတ်ကိုလျှော့လိုက်…ဦးနှောက်ကို အေးအေးထား၊ ဟုတ်ပြီလား"

"ကျုပ်ပြောတာ နားလည်လား ချာတိတ်"

"ဟုတ်ကဲ့"

"အဟင့်…ဟင့်…ဟင့်"

ခေါင်းလေးကို ဆတ်ခနဲအညိတ်မှာ ဖြူဖွေးသော ပတ်တီးစကို ငေးခနဲကြည့်ဖြစ်သွားသည်။ ခေါင်းမှာ ဒဏ်ရာရထားသည်။





ဘယ်လိုအရာနှင့်ဆိုတာ အတိအကျမပြောနိုင်ပေမယ့် မာကျောသော ပစ္စည်းတစ်ခုနှင့် ထုရိုက်ခံရခြင်းလောက်ကိုတော့ သူနားလည်သည်။

"မငိုနဲ့လေ…ငိုရင် ခေါင်းကဝေဒနာက ပိုဆိုးလာမှာပေါ့၊ ရော့…ရော့ ဒီဆေးလေးသောက်ပြီး အနားယူလိုက်၊ အိပ်ရာကနိုးရင် အားလုံးပြန်မှတ်မိလာလိမ့်မယ် ဟုတ်လား"

"တကယ်လားဟင်"

"တကယ်ပေါ့…ရော့ သောက်လိုက်"

တအစ်အစ်ရှိုက်ငိုရင်း စိုင်းဝန်းမားပေးသည့် ဆေးတွေကို လှမ်းယူသည်။ ပေါက်ပေါက်ကျနေသည့် မျက်ရည်တွေက ပန်းနုရောင် ပါးပြင်မို့အတိုင်း အဆက်မပြတ် စီးကျနေ၏။

"မျက်ရည်တွေကို သုတ်လိုက်လေ၊ နောက်ထပ်လည်း မငိုနဲ့တော့၊ အိပ်ရာကနိုးရင် အားလုံး ပြန်သတိရလာလိမ့်မယ်"

"ဟုတ်ကဲ့"

"ခေါင်းထဲက မူးသလား"

"မူးတယ်…နာလည်းနာတယ်"

"ဆေးတစ်လုံးထိုးပေးမယ်၊ အိပ်ပျော်အောင်အိပ်လိုက်"

"ဦးလေးကြီး"

"ပြောပါ"

"လူဆိုးတွေ ရောက်မလာအောင် ကျွန်မနားမှာနေပါ



www.burmeseclassic.com

www.burmeseclassic.com



နော်''

''ကောင်းပြီ…မင်းနားမှာ ကျုပ်စောင့်နေမယ်၊ အိပ်ပျော်အောင်သာအိပ်လိုက်''

ဆေးတစ်လုံး ထပ်ထိုးပေးလိုက်သည်။ သိပ်မကြာလိုက်သဲ့သဲ့သော ရှိုက်သံလေး တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားကာ နောက်ဆုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းဖြင့် အဆုံးသတ်သွားသည်။

''ဆရာ''

''ဘာမှမပြောနဲ့တော့ အိုက်ပု၊ ပစ္စည်းတွေသိမ်းစရာရှိတာ သိမ်းတော့၊ မနက်ဖြန် ခေမာရဋ္ဌကို အချိန်မီရောက်မှဖြစ်မယ်''

''စိတ်ချပါဆရာ၊ ပစ္စည်းတွေအားလုံး ခရီးထွက်ဖို့ အသင့်ပြင်လိုက်ပါ့မယ်''

''ဒါပေမယ့်…ဟို သူလေးကရောဆရာ ဘယ်လိုလုပ်ကြမလဲ''

''ခေါ်ခဲ့ရုံပေါ့''

''ခင်ဗျာ''

''လူနာကွ…ပိုဆိုးတာက အတိတ်မေ့သလို သူ့ဘဝသူ ဘာမှမမှတ်မိဘူးဖြစ်နေတာ အဆိုးဆုံးပဲ၊ ဒီလိုလူတစ်ယောက်ကို ဖြစ်ချင်ရာဖြစ် မင်း ငါနဲ့ဘာမှမဆိုင်ဘူးလို့ ထားခဲ့ဖြစ်မလား''





''ကျွန်တော်နားလည်ပါပြီ ဆရာ''

''ဒီထက်ပိုနားလည်ရမှာက မင်းကို သူသိပ်ကြောက်နေတယ်''

''ကျွန်တော် သူ့နားမသွားတော့ပါဘူးဆရာ''

အိုက်ပုစကားကို စိုင်းဝန်းမားက ထောက်ခံခြင်းမပြုသလို ကန့်ကွက်ခြင်းလည်းမပြုပါ။ မထင်မှတ်ဘဲ လမ်းခရီးတစ်နေရာက တွေ့ရှိလာသော မိန်းမလှလေးက စိုင်းဝန်းမား အတွေးအာရုံကို ပို၍ရှုပ်ထွေးနောက်ကျိသွားစေပါသည်။

ဒီလိုဖြစ်လိမ့်မည်ဟု သူကိုယ်တိုင်လည်း ထင်မထားခဲ့ပါ။ မိုးထဲလေထဲ ပစ်မထားခဲ့ဘဲ အသက်ကယ်တင် ဆေးကုသနိုင်လျှင် သူ့တာဝန်ကျေပြီဟု ထင်ထားခဲ့ပေမယ့် အခြေအနေက သူထင်သလို ဖြစ်မလာခဲ့။

ကိုယ်ကလည်း သူ့အလာကိုစောင့်ပြီး ဆေးရုံတက်မည့် ခကျန်းမာသည့် မိခင်အိုကြီးရှိရာ အမီအရောက်သွားစရာရှိနေသည်။

သူလက်ခံရရှိထားသော မိန်းမလှလေးအကြောင်း တစေ့တစောင်း အကဲခတ်လေ့လာနေရန် အချိန်ပိုမရှိ။

ဖြစ်ချင်ရာဖြစ်စေတော့။

လောလောဆယ် သူမကိုပါ ခေမာရဋ္ဌကို ခေါ်သွားရတော့မည်။ သည့်အပြင် တခြားလမ်းလည်း ရှာမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



မင်းဘယ်သူလဲ မိန်းမလှလေးရယ်။ ဘာဖြစ်လို့ ကိုယ့်လို လူတစ်ယောက်ရဲ့ဘဝထဲကိုမှ ဖွတ်တိုးဝင်ရောက်ချင်ရတာလဲ။ ဖြူနုဝင်းစိုသော သန်မာနွေးထွေးသည့် လက်အစုံက သူ့ဦးခေါင်းက နက်မှောင်ဆံပင်ကြားကို ထိုးဖွဆွဲသွင်းမွေ့ယမ်းလျက် စိတ်ညစ်ညူးစွာ တည်ခန့်ချောမောသော မျက်နှာပေါ် မှုံတည်တင်းမာသွားၡ၏။

◆ ◆ ◆



## အခန်း (၅)

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသည်။ ခါတိုင်း မြင်တွေ့နေကြ တောတောင်ရှုခင်းတွေက စိုင်းဝန်းမားကို စိတ်ဝင်စားအောင် ဆွဲဆောင်စည်းရုံးနိုင်ပေမယ့် ဒီတစ်ခါတော့ မျက်လုံးထဲ မြင်မြင်သမျှ ဘာကိုမှ စိတ်မဝင်စားနိုင်ဘဲ ဖြစ်နေ၏။

ကားကို အိုက်ပုကမောင်းသည်။ အိုက်ပုဘေးမှာ စိုင်းဝန်းမားပါလာပြီး ကားနောက်ခန်းထဲမှာ သူမအမည်ကို သူမ ဘာသာ မမှတ်မိသော မိန်းမလှလေးတစ်ယောက် အိပ်ပျော်လျက် သူတို့နှင့်အတူ ပါလာသည်။

"ကျွန်မကြောက်တယ်၊ လူဆိုးတွေက ကျွန်မကို သတ်ကြမှာ"

"ဘယ်ကလူဆိုးတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ မသိဘူး"

ပြောရင်း ငိုသည်။

လူဆိုးတွေဆိုတာပဲ သိသည်။ ကျန်တာ ဘာကိုမှမသိ မှတ်လည်းမမှတ်မိ။ မေးတိုင်းငိုနေတာနှင့် စိတ်ညစ်တာနှင့် သူလည်း ထပ်မမေးတော့။

"ဟင်း"

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းရှိုက်သံနှင့် နာမည်ပင် ဘယ်လိုခေါ်ရမှန်းမသိသော မိန်းမလှလေးအတွက် သူအာရုံနောက်နေသည်။

စိတ်တွေရှုပ်နေသည်။

ဒီပုံအတိုင်း ခေမာရဌ်ကိုရောက်လျှင် မာမီအပါအဝင် အားလုံးက အံ့သြကြပေတော့မည်။

"ကားရပ်ပါ...ကားရပ်ပါ"

"ဝေါ့"

"ဟာ...အန်ချကုန်ပြီဆရာ"

"ကျွီး"

ကားကို လမ်းဘေးသို့ တအားဆွဲကွေ့ပြီး ရပ်လိုက်သည်က တိတ်ဆိတ်သောဝန်းကျင်မှာ အနည်းအကျဉ်းတော့ ဆူညံသွားသည်။





"အန်ချလိုက် မမလေး၊ ရဲရဲတင်းတင်းသာအန်ပါ၊ ကားညစ်ပတ်သွားတာ ပြန်ဆေးလို့ရပါတယ်"

အိုက်ပုက မိန်းမလှလေးနားမှာ ရေသန့်ဗူးတစ်ပုလင်း ကိုင်လျက် နောက်ထပ်အန်ချဖို့ အပြတ်အားပေးနေချိန်မှာ စိုင်းဝန်းမား ကတော့ သူ့ဆေးအိတ်ထဲ အသင့်ယူလာရသည့် ဆေးကိုထုတ်ပြီး မိန်းမလှလေးရှိရာ ကမ်းပေးလိုက်သည်။

"ရော့...ဒါသောက်လိုက်၊ ခဏနေရင် သက်သာသွားလိမ့်မယ်"

"ဒီမှာ ရေအသင့်ပဲ မမလေး၊ တစ်ခါတည်းသာ သောက်လိုက်ဗျာ"

မျက်ရည်တွေနှင့် နီရဲနေသော မျက်နှာလေးက ဖွာလန်ကျဲနေသော ကပိုကရို ဆံနွယ်ကြားကပင် ထိုင်ငေးချင်စရာကောင်းအောင် အလှဆုတောင်းကောင်းနေပြန်သည်။

အင်္ကျီအိတ်ထဲ အသင့်ပါသည့် လက်ကိုင်ပဝါကို မိန်းမလှလေးရှိရာ ကမ်းပေးလိုက်သည်။ ပန်းနုရောင်ကြွရွနေသည့် လက်ချောင်းလေးတွေကအစ အားလုံးလှသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ဘယ်လို"

"ဆရာက ဆရာဝန်၊ လူနာတွေကို ဆေးကုတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မမလေးကို ကျွန်တော်ပြောထားလို့ပါ ဆရာ''

''ဩော်''

အိုက်ပုက ကြားထဲက ဝင်ရှင်းသည်။

အသက်ချင်းက ဆယ်နှစ်ကျော်လောက်ကွာမည် ... ထင်သည်။ အတိအကျတော့မသိ။ သို့သော် သူမနှုတ်ဖျား ... ဦးလေး၊ အန်ကယ် အမျိုးမျိုးခေါ်နေတာထက်စာလျှင် ဒေါက်တ ... လို့ အခေါ်ခံရတာကလည်း ခပ်ကောင်းကောင်းဟု တွေးရ ... ဖြစ်နေတာမို့ သူ တစ်ချက်မျှ လုပသော မျက်နှာဝန်းအဝ ... ရှုနင့်စွာ စိုက်ကြည့်လိုက်မိသည်။

သူ့ကို တုံ့ပြန်ရှုစိုက်ကြည့်နေသည့် မိန်းမလှလေး၏ ... နုက်ရှိုင်းသော မျက်နှာဝန်းအစုံမှာ ဘာခံစားချက်မှ ရှာမတွေ့ ... ပကတိ ရိုးရှင်းလျက် ကြည်လင်ရှင်းသန့်နေ၏။

''ကျုပ်နာမည် စိုင်းဝန်းမား''

''ကျွန်မနာမည့်ကရောဟင်''

တိုးတိတ်စွာ မေးလာသူကို သူဘာဖြေရမှန်းမသိ။ အို ... က သူ့ဆရာမျက်နှာချောချောမှုံ့မှုံ့ကို အလန့်တကြား လှမ်းကြ ... သည်။

''သူ့ကို ဘယ်လိုနာမည်ပေးကြမလဲ ဆရာ''

''ဆေးအရင်သောက်ပါဦး၊ ကျုပ် စဉ်းစားကြည့်ဦးမယ် ...



''ဟုတ်ကဲ့''

မျက်ရည်စတွေကို သူပေးသည့် လက်ကိုင်ပဝါဖြင့် ... တ်ဖယ်ရှားပစ်တာကို သူငေးကြည့်မိသည်။ ဆေးသောက် ... ဟန်အပြင်မှာ အိုက်ပုက ရေသန့်ပုလင်းထဲကရေကို ဖန်ခွက် ... ထဲ အသင့်ထည့်ပေးသည်။

အိုက်ပု ပြုစုလုပ်ကိုင်ပေးနေပုံက သူမကို သူ့ဆရာ၏ ... ည့်သည်အဖြစ် အလေးထားဂရုစိုက်နေမှန်း သူသိသည်။

သိပ်လှသည့် မိန်းမလှလေးကို ဘယ်လိုအမည်ပေးရမည် ... တစ်ခါမှလည်း မစဉ်းစားဖူးသော အတွေးတစ်ရပ်ဖြစ်နေ ... ကိုယ်ကိုယ်တိုင်က စာကဗျာဖတ်တာ ဝါသနာမပါတော့ ... သည်။

သူမနှင့် လိုက်ဖက်မည့် နုနွဲ့လှပသောအမည်ကို ... တွေ့။

''သွားကြမယ် အိုက်ပု''

''နာမည်ကရော ဆရာ''

''ရှာမတွေ့ဘူးကွ''

''ဗျာ''

''သူ့ကို ဘယ်လိုပေးရမှန်း ငါမသိဘူးလို့ပြောတာ၊ ... င်းကွာ ကားကို ငါပဲမောင်းမယ်၊ မင်းလည်း ကားပေါ်တက်



www.burmeseclassic.com

www.burmeseclassic.com



တော့''

''ဟုတ်ကဲ့ဆရာ''

''ရှူး...ဝရော''

သစ်ကိုင်းထက်မှာ ငြိမ်သက်စွာ အနားယူနေသော ငှက်ကလေးတွေ ကားသံကြောင့် သစ်ပင်က အလန့်တကြား ပျံသန်းသွားကြသည်။

စောရတ်ကတော့ တစ်ယောက်တည်း ကားနောက်ခန်းထဲက ခြုံစောင်ထဲမှာ ကွေးကွေးလေး လိုက်ပါလာရင်း ပြာလွင်သော မည်းနယ်ရောင် တောင်တန်း၊ ထင်းရှူးတောနှင့် တစ်ပြန့်တစ်မျော မြင်နေရသော တောင်ယာစိုက်ခင်းများဆီ ငေးကြည့်နေပါလျက် ဘာဆိုဘာမှ စဉ်းစား၍မရ။

သူမကိုယ်သူမ ဘယ်သူလဲမသိ။ တွေးလိုက်တာနှင့် ခေါင်းထဲမူးလာပြီး အသက်ရှူမဝ မွန်းကြပ်လျက် ချွေးသီးချွေးပေါက်တွေ ပျံလာတာပဲ အဖတ်တင်သည်။

ဘာဆိုဘာမှကို မမှတ်မိ။

သူမအသိအာရုံထဲ စိုးမိုးထင်ကျန်ရစ်တာ တစ်ခုပဲရှိသည်။

လူဆိုးတွေဆိုသော အသိတရားနှင့် သူမကိုလိုက်သတ်ဖို့ ကြိုးစားနေသည်ဆိုတာပဲ မှတ်မိသည်။

ငါ ဘယ်သူပါလိမ့်။





လူဆိုးတွေကရော ဘာဖြစ်လို့ ငါ့ကိုလိုက်အန္တရာယ်ပြုဆုံးဖြတ်ချင်ရပါလိမ့်။

မတွေးတတ်တွေးတတ်နှင့် စောရတ် သူမမေ့ပျောက်သွားသော အတိတ်ခရီးကို စမ်းတဝါးဝါး ဖွေရှာကြည့်ပေမယ့် ဘာအဖြေကို ရှာမတွေ့။

ခေါင်းထဲမူးနောက်လာပြီး ချွေးသီးတွေပျံလာသည်။

''အား...ကျွတ်...ကျွတ်''

ခေါင်းထဲက တစစ်စစ်နာလာသဖြင့် မျက်လုံးအစုံကိုမှိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်ရသည်။ လမ်းခရီးမှာ သူမကြောင့် နောက်ထပ်အနှောင့်အယှက် မဖြစ်စေချင်တော့တာလည်းပါသည်။

လက်ရှိ သူမကိုယ်သူမ ဘယ်ရောက်လို့ ရောက်နေမှန်းမသိ။ တစ်နေနေရာက ထွက်လာခဲ့တာဆိုလျှင် ထိုနေရာကို စောရတ်မှတ်မိချင်နေသည်။

သို့သော် စောရတ် ဦးနှောက်ထဲမှာ ဘာကိုစဉ်းစားမရဘဲ ဗလာဟင်းလင်းဖြစ်နေတာက ခက်သည်။ အခုလောလောဆယ် သူရောက်နေသည့်နေရာမှာ လူသားနှစ်ယောက်ရှိသည်။

ဆရာတပည့်နှစ်ယောက်။

တစ်ယောက်က ဒေါက်တာစိုင်းဝန်းမားဆိုသည့် လူချောတစ်ယောက်ဖြစ်ပြီး တစ်ယောက်က သူ့တပည့် အိုက်ပုဆိုသည့်လူ



www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဘဝက သူမဘာဖြစ်ခဲ့သည်။ ဘယ်လိုလူဖြစ်ခဲ့သည်။ မိသားစုအသိုင်းအဝိုင်း ဘယ်လိုဖြစ်ခဲ့ရသည်ကို လုံးဝမမှတ်မိသော်လည်း သူမကိုယ်သူမ လူကောင်းတွေလက်ထဲမှာ ရောက်နေရခြင်းအတွက်တော့ စောရတ်ရင်ထဲ တိတ်တဆိတ် စိတ်သက်သာရာရမိသည်။

သိပ်မကြာလိုက် လူပ်ခတ်ပုတ်သိပ်သလိုဖြစ်နေသော ကားနောက်ခန်းထဲမှာ ဆေးအရှိန်နှင့်အတူ နှစ်ခြိုက်စွာအိပ်ပျော်သွားပြန်သည်။

"အင်း…ဟင်း…ဟင်း"

တစ်ကြိမ်တုန်းက သတိမထားမိ။

နောက်တော့ သိသိသာသာပင် လူနာညည်းသံကို သတိထားမိလာသဖြင့် ကားကို ရောက်သည့်နေရာမှာထိုးရပ်ပြီး လိုအပ်တာတွေ ချက်ချင်းစစ်ဆေးရသည်။

"ဆေးတစ်လုံးထိုးမှဖြစ်မယ်"

ကိုယ့်ဘာသာကိုယ်ပြော ကိုယ်တိုင်ဆုံးဖြတ်ပြီး ဆေးတစ်လုံးထိုးလိုက်သည်။

ဆေးတစ်လုံးလောက်လည်း ချိတ်မှပဲ။

ဖိုက်ပုက သူ့ဆရာ ဘာကိုဆိုလိုမှန်းသိသဖြင့် ဒရစ်ပုလင်းတစ်လုံး ပေါ့ပါးသွက်လက်စွာ လူနာလက်အနေအထားနှင့် အဆင်





ပြေအောင် ချက်ချင်းစီစဉ်သည်။

"ကားနောက်ခန်းကပဲ မမလေးနဲ့အတူ လိုက်ခဲ့ပါဆရာရယ်၊ တော်ကြာ လမ်းခရီးမှာ တစ်ခုခုဖြစ်သွားမှာစိုးလို့ပါ"

စိုင်းဝန်းမား ငိုင်သွားသည်။

မျက်နှာချောချောကလည်း မှုန်တည်လျက် အဖျားသွေးဖြင့် ပန်းနုရောင် နီမြန်းနေသည့် မျက်နှာလှလှလေးကို ခပ်တည်တည် စူးစိုက်ကြည့်နေရာက ကားနောက်ခန်းထဲ တစ်ချက်ဝင်စစ်ဆေးကြည့်သည်။

"အား…မာမီ…မာမီ"

"ဟေး…လက်မှာဆေးအပ်ရှိတယ်၊ ငြိမ်ငြိမ်နေလေ"

လူနာက စိုင်းဝန်းမား အော်ဟစ်သတိပေးသံကို ကြားပုံမရ။ ကယောင်ကတမ်းချောက်ချားဖြစ်နေသော အသွင်ဖြင့် ဟိုဒီဖမ်းဆွဲရှန်းထသဖြင့် မိန်းမလှလေးကို သူ့ရင်ခွင်ထဲ ဖွတ်အတင်းဖမ်းဆွဲချုပ်ယူပိုက်ထွေးထားလိုက်ရသည်။

"သတိထားလေ ချာတိတ်၊ သတိထား၊ အနားမှာ ကျုပ်ရှိတယ်၊ မင်းနားကို ဘယ်သူမှမလာဘူး ဟုတ်လား"

မရည်ရွယ်ပါဘဲ ချာတိတ်ဆိုသည့် နူးညံ့သောစကားလုံးတို့ တိုးတိတ်စွာ နှစ်သိမ့်ပိုက်ထွေးလျက်သား အနေအထားမှာ တိုးတိုးညင်ညင် သူဆိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီအတိုင်းပဲ ၊ လိုက်ခဲ့ပါတော့ဆရာရယ်၊ လက်ထဲ အပ်ကျိုးနေမှ နောက်ထပ်တစ်မျိုး ဆေးထပ်ကုနေရပါဦးမယ်''

''ကျွန်တော်ပဲ မောင်းလိုက်မယ်နော် ဆရာ၊ ခေမာရင့်က မေမေကြီးဆီ အချိန်မီရောက်ဖို့ကလည်း လိုသေးတယ်ဗျာ''

စိုင်းဝန်းမား ဘာတစ်ခွန်းမှ မပြောသာတော့။ ခေါင်းတစ်ချက်ဆတ်ပြရုံသာ တတ်နိုင်သည်။ ကားက နေရာက ငြိမ့်ခနဲ ဆက်ထွက်သည်။ လင်ခရုဆာကားဖြစ်နေ၍ ကားနောက်ပိုင်းမှာ လူနှစ်ယောက်ထိုင်ရတာ အဆင်ပြေနေသည်။

တစ်လမ်းလုံး စောရတ်က စိုင်းဝန်းမားရင်ခွင်ထဲ အိပ်လိုက်လာသည်။ ရင်ခွင်ထဲက ဖယ်ခွာထုတ်ချင်၍လည်းမရ။ လှပသော မျက်နှာလေးကို တစိမ့်စိမ့်ကြည့်မှန်းမသိ ကြည့်မိသည်။

တစ်စိပ်ချင်း၊ တစ်ပိုင်းချင်း နုဖတ်ဝင်းမွတ်နေသည့် မျက်နှာလေးက ပန်းချီဆရာ စိတ်ကြိုက်ရေးထားသလို လက်ရာမြောက်သော ပန်းချီကားနှင့်တူသည်။

အစက်အပြောက် အဖုအပိန့် ဘာအရာမှမရှိသော ပကတိသဘာဝမျက်နှာလေးက စိုင်းဝန်းမား၏ အေးစက်မာကျောသော အသည်းဗဟိုပြင်ကို ပူနွေးပျော့ပျောင်းအောင် ဘယ်လိုအင်အားနှင့် ညှို့ငင်လေသည်မသိ။

နူးညံ့သိမ်မွေ့သော နှလုံးခုန်သံက စောရတ်ကိုယ်လေးကို

မိုး:မိုး:၀၁၄ပ



ညှင်သာစွာ ပိုက်ထွေးထားနိုက်မှာပင် တိုးတိတ်စွာ အော်မြည်တုန်ရီလေသတည်း။

◆ ◆ ◆

မိုး:မိုး:၀၁၄ပ

www.burmeseclassic.com

## အခန်း (၆)

"တီ"

"ဟော...သားပြန်လာပြီ"

အော်တိုကွန်ထရိုးဖြစ်သဖြင့် ခလုတ်တစ်ချက်နှိပ်လိုက်တာနှင့် လှပသော ခြံဝင်းတံခါးကြီးက လူသားတစ်ယောက်၏ အကူအညီမှမပါဘဲ ညင်သာစွာ ရွေ့လျားပွင့်အံသွားသည်။

ကားကို ကုန်းမြေမြင့်အတိုင်း အရှိန်ဖြင့် လှိမ့်တက်လိုက်သည်။ ပတ်လမ်းခရီးစဉ်က မြင့်မားလှပသလို အသွေးအရောင်စုံ စိုက်ပျိုးထားသည့် သစ်ပင်ပန်းဥယျာဉ်နှင့် စိမ်းမြမြမြက်ခင်းပြင်က မြင်ကွင်းတစ်ခုလုံး အလှအပသက်ဝင်ဆုံး သဘာဝတရားအဖြစ် ခြယ်မှုန်းထားသည်။

"ဟာ...မေမေကြီးကိုယ်တိုင် ထွက်ကြိုနေတာပဲ ဆရာ





ရေ၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

အိုက်ပုအသံက အလောတကြီး။ စိုးရိမ်ခြင်းသောကတွေနှင့် ဘာလုပ်၍ဘာကိုင်ရမှန်းမသိဘဲ ကားနောက်ခန်းက သူ့ဆရာကို လှည့်ကြည့်နိုက်မှာတော့...

"ဟောဗျာ"

လှပသောမိန်းမချောလေးကို ရင်ခွင်မှာ ပိုက်ထွေးလျက်သူ့ဆရာကိုယ်တိုင် နှစ်မြိုက်စွာ နှစ်ယောက်အတူ အိပ်ပျော်နေသည့် မြင်ကွင်းလှလှလေးကြောင့် ပါးစပ်အဟောင်းသားဖြင့် ကြောင်တွေသွားခိုက်မှာပင် ကားက ခေမာရဋ္ဌစံအိမ်ရှေ့သို့ ရပ်တန့်အဆုံးသတ်လေသည်။ စိုင်းဝန်းမားဏ၏မာမီ ဒေါ်စဝ်မြတ်ဝတီကိုယ်တိုင် သူတို့ကားနားကို ဝိုးချဲလ်ဖြင့် ရောက်လာပြီမို့ အိုက်ပုမှာ သူ့ဆရာ၏မေမေကြီး ခေမာရဋ္ဌ၏ အရှင်သခင်မကို ဦးညွှတ်နှုတ်ဆက်လိုက်ရပါသည်။

"မင်္ဂလာပါ မေမေကြီးခင်ဗျာ"

"သားလေးရော အိုက်ပု"

"ခင်ဗျာ"

"မင်းဆရာကိုပြောနေတာကွဲ့၊ သူပါမလာဘူးလား"

ကားရှေ့မှာလည်းမရှိ။ နောက်ခန်းမှာလည်း မှန်လုံပိတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် ဒေါ်စပ်မြတ်ဝတီကိုယ်တိုင် သားတော်မောင်ကို ရှာ၍ မတွေ့ဘဲ ဖြစ်နေသည်။

အခုချိန်အထိလည်း ကားနောက်ခန်းတံခါးက တုတ်တုတ်မျှ မလှုပ်သေးသဖြင့် အိုက်ပုအကြံရခိုက်မှာ ဒေါ်စပ်မြတ်ဝတီကို ဟီးခနဲတစ်ချက် ရယ်ပြလိုက်သည်။

"ဆရာပါလာပါတယ် မမကြီး"

"ဒါဖြင့် ဘယ်မှာလဲ"

"ဒီမှာပါ မမကြီးခင်ဗျာ"

"ကျွီး"

"ဟင်"

"အို"

ကားနောက်ခန်းတံခါးကို အိုက်ပုက ဖွင့်ပြလိုက်ခြင်းဖြစ်သည်။ စောင်တစ်ထည်ကို အတူခြုံထားသလို ဖြစ်နေရုံမက သူ့ဆရာရင်ခွင်ထဲမှာ ထွေးထွေးကျစ်ကျစ် အဖျားရှိန်ဖြင့် အိပ်ပျော်နေသူ မိန်းမလှလေးကို စိုင်းဝန်းမားကိုယ်တိုင် တင်းကြပ်စွာ ပိုက်ထွေးထားသည့်အနေအထား။

ခေမာရဋ္ဌ၏ အရှင်သခင်မ ဒေါ်စပ်မြတ်ဝတီကို ဝီးလ်ချဲဖြင့် တွန်းယူလာသော အိုက်ပုအမေရော ဒေါ်စပ်မြတ်ဝတီပါ





ဘာပြောရမှန်းမသိဘဲ မြင်တွေ့နေရသော ချစ်စရာမြင်ကွင်းလှလှကိုသာ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြင့် ငူးစိုက်ကြည့်နေကြပါသည်။

"ဒါ…ဒါက ဘယ်လိုဖြစ်လာကြတာလဲ အိုက်ပု၊ နင်နင့်ဆရာ မိန်းမခိုးလာတာလားဟင်"

"ဟုတ်…မဟုတ်ပါဘူး မမကြီး"

"ဒါဖြင့် ဒါကဘာလဲ"

"ကျွန်တော်မသိဘူး မမကြီး"

"ဟင်"

ဒေါ်စပ်မြတ်ဝတီရင်ထဲ ထပ်ဆင့်အံ့ဩမှုလေးများဖြင့် သားဖြစ်သူ၏ တည်ကြည်ခန့်ညားသော မျက်နှာချောချောကို တစ်လှည့်၊ သားရင်ခွင်ထဲမှာ ကျစ်ကျစ်ထွေးထွေး ရောက်ရှိနေသော မိန်းမလှလေးကို တစ်ချက်ကြည့်ကာ ဘာစကားမှမဆိုနိုင်အောင် ဝမ်းသာလုံးဆို့သွားသည်။

"မမကြီး…မမကြီး"

"ဟင်"

"ဟာ…မာမီ"

ဒေါ်စပ်မြတ်ဝတီ ငြိမ်ကျသွားသဖြင့် အိုက်ပုတို့သားအမိ



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား လှုပ်နှိုးပေမယ့် မရတော့ပါ။ ဝီးလ်ချဲပေါ်မှာတင် ဒေါ်စပ်မြတ်ဝတီ သတိလစ်နေ၏။

ထိုအချိန်ကြမှပင် စိုင်းဝန်းမား အိပ်ပျော်နေရာမှ လန့်နိုးလာပြီး သူ့မာမီကို စိုးရိမ်စွာ ဟစ်အော်ခေါ်လိုက်ခြင်းဖြစ်သည်။

"မရတော့ဘူးဆရာ…မေမေကြီး သတိလစ်နေပြီ၊ ဆေးရုံကို တစ်ခါတည်းမောင်းယူလာခဲ့တော့မယ်"

အိုက်ပုက သွက်လက်ပေါ့ပါးစွာပင် ဒေါ်စပ်မြတ်ဝတီကို ကားပေါ်ပွေ့တင်ရင်း သူ့အမေဖြစ်သူကိုပါ ကားပေါ်တက်ခိုင်းလိုက်၏။

"အမေပါတစ်ခါတည်းလိုက်ခဲ့၊ မေမေကြီးကိုယ်ကို ထိန်းထား"

"ဝေါ"

သူ့ဘာမှပြောချိန်မရတော့။ ကားကိုပြန်လှည့်ပြီး ဆေးရုံကို တိုက်ရိုက်မောင်းသွားသည်။ အိမ်က ဖုန်းကြိုဆက်ထားသဖြင့် ဆေးရုံက လူနာခုတင်အသင့်ပြင်ပြီး စောင့်နေကြသည်။

ရောက်တာနှင့် အိုက်ပုကပဲ ဦးဆောင်ပြီး ဒေါ်စပ်မြတ်ဝတီကို ပွေ့တင်ပွေ့ချလုပ်နေချိန်မှာ ဆောရတ်က တရှိုန်းရှိုန်းပူနေသော အဖျားကြီးနှင့်ပင် စိုင်းဝန်းမားလက်မောင်းကို ကျစ်ကျစ်ပါအောင်





ဆွဲဖက်ထားလျက် မြင်သမျှတွေ့သမျှ လူစိမ်းတွေကို ကြည့်ပြီး မျက်လုံးအဝိုင်းသားဖြင့် ကြောက်နေပါသည်။

"ကြောက်တယ် ဦးဝန်းမား၊ ကျွန်မကြောက်တယ်"

"အနားမှာကိုယ်ရှိတယ်လေ၊ ချာတိတ်ကို ဘယ်သူမှ နှိပ်စက်မယ့်လူမရှိဘူး၊ ဟုတ်လား"

"မကြောက်နဲ့နော်"

ကြောက်စိတ်ဖြင့် မျက်လုံးကြီးတွေ ဝိုင်းဝိုင်းလည်နေသော ဆောရတ်အခြေအနေကို ကြည့်ပြီး စိုင်းဝန်းမား လက်မောင်းကြီးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသော လက်ကလေးများကို ဖယ်ရှားရ ခက်သွားသည်။

"ဟင့်အင်း…လူတွေက ကျွန်မကို ဝိုင်းကြည့်နေကြတာ ကြောက်စရာကြီး"

"ကျွန်မကို တစ်ယောက်တည်းထားမသွားပါနဲ့နော်၊ ဦးဝန်းမားမရှိဘဲ ကျွန်မတစ်ယောက်တည်း ဘယ်မှာမှမနေဘူး"

"မဟုတ်ဘူးလေ…ကိုယ်က"

"ဟင့်အင်း…ဟင့်အင်း ကျွန်မကို မထားခဲ့ပါနဲ့၊ ကျွန်မ ဦးဝန်းမားနဲ့ပဲ အတူနေမယ်၊ အီး…အဟင့်…ဟင့်"

"ဟာ…ရှူး မငိုရဘူးလေ၊ မျက်ရည်တွေကိုသုတ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုပါ တစ်ခါတည်း ဆေးရုံတင်မှဖြစ်မယ်''

''ဟင့်အင်း…ဟင့်အင်း ကျွန်မဘယ်မှမသွားဘူး ဘယ်မှာမှလည်း မနေဘူး''

''အာ…အခုမှခက်တာပဲကွာ''

''အီး…အဟင့်…ဟင့်''

ရှိုးရှိုးငိုခြင်းမဟုတ်။ လှပသောမျက်နှာလေးကို စိုင်းဝန်းမာ ရင်ခွင်ထဲ ကလေးငယ်တစ်ယောက်လို တိုးဝှေ့ရှိုက်ငင်လျက် သူ့ လက်ကလေးတွေကလည်း စိုင်းဝန်းမာကိုယ်ကြီးကို အတင်းအကြ လေး ဖက်တွယ်ထားသဖြင့် သူ့မျက်နှာချောချောမှာလည်း နီရဲ အနေရခက်နေပါသည်။

''ဘာဖြစ်တာလဲ မောင်ဝန်းမာ၊ ခေါင်းမှာလည်း ပတ်တီး နဲ့ မင်းကောင်မလေးလား၊ မင်းမာမီ သတိရပြီကွ၊ ဝင်ကြည့်လို့ ပြီ''

''ဟုတ်ကဲ့ဆရာ''

''ကျွန်မဝါလိုက်မယ်နော် ဦးဝန်းမာ''

အခုမှခက်ပြီ။

လိုက်ပါလို့ပြောရင်လည်း မာမီယုံကြည်လက်ခံချင်လာ အောင် ရှင်းပြနိုင်မှဖြစ်မည်။ မလိုက်ပါနှင့်ဟု ပြောလျှင်လည်း





သူမက ငိုဦးမည်။ အခုတောင် သူ့ကိုမော့ကြည့်လာသည့် မျက်နှာ လေးက နီကိုးရာမဲ့ကလေးငယ်လေးလို ငိုမဲ့မဲ့။

''ဦးဝန်းမာ''

''မျက်ရည်တွေကို စင်အောင်သုတ်လိုက်ဦး၊ မာမီရှေ့ ရောက်ရင် ကိုယ်မပြောနိုင်းဘဲနဲ့ ဘာစကားမှ မပြောနဲ့၊ နားလည် လား''

''ဟုတ်''

''ကိုင်း…လာ''

အချိန်ဆွဲနေလို့မရ။

မာမီ့အခြေအနေကို စိတ်ထဲပူနေသည်။

အနားမှာ တောက်တဲ့မလေးလို ကပ်နေသည့် မိန်းမလှ လေးက ခေါင်းမှာ ပတ်တီးဖြူဖြူလေးနှင့် သူသွားရာနောက် ထပ်ကြပ်မကွာ အတူပါလာသဖြင့် အားလုံးအကြည့်တွေက စိုင်းဝန်း မာနှင့် သူမထံမှာသာ စုပြုံရောက်ရှိနေကြသည်။

''မာမီ''

''သား''

''နေသာရဲ့လား မာမီ''

''နေသာပါပြီသားရယ်…ဒါနဲ့ သူလေးက''



www.burmeseclassic.com

www.burmeseclassic.com



''သားလူနာပါ မာမီ''

''ဘယ်လို''

''ဒီအကြောင်းတွေ နောက်မှ မာမီနားလည်အောင် ရှင်းပြ ပါရစေ၊ အခု မာမီနေကောင်းအောင် အရင်နေပါဦးနော်''

''မာမီ နေကောင်းပါပြီသားရယ်''

ဒေါ်စပ်မြတ်ဝတီက သူ့ရောဂါသူ စိတ်မဝင်စား သားဖြစ်သူနားမှာ ပူးပူးကပ်ကပ် အတူရှိနေရုံမက သားဖြစ်သူ၏ လက်မောင်းတစ်ဖက်ကို ပိုင်ပိုင်ဆွဲနေသူလေးကို မျက်လုံးအပိုင် သား၊ ပါးစပ်အဟောင်းသားဖြင့် စိတ်ဝင်စားမှု ပြင်းထန်နေရှာ သည်။

နီဝေထွေးထွေးမျက်နှာလှလှလေးက ဖူးဥနုဖတ်လျှ ဦးခေါင်းမှာလည်း ပတ်တီးဖွေးဖွေးနှင့် သိပ်လှသော ကလေး လေးမှာ မည်သူနည်း။ သား၏မိတ်ဆွေဆိုသည်မှာ မဖြစ်နိုင်။

မိန်းမဆိုလျှင် အမေဖြစ်သူမှတစ်ပါး တခြားတစ်ပါးသော ဘယ်လိုမိန်းမမျိုးကိုမှ ကြည့်မရအောင် နှာကြည်းမုန်းတီးသွားရ သော သားလူပျိုကြီးနားမှာ သိပ်လှသည့် အရွယ်ငယ်ငယ် နုန မိန်းမလှလေးတစ်ယောက် မခွဲအတူတူ လိုက်ပါလာရခြင်းအဖြစ် ဘာတစ်ခုမှ နားမလည်နိုင်ရှာပါ။





''သမီးလေးနာမည်က ဘယ်လိုခေါ်သလဲကွယ်၊ အန်တီ ကိုပြောပါဦး''

ဒေါ်စပ်မြတ်ဝတီက စောရတ်မျက်နှာလှလှလေးကို စူးစိုက် ကြည့်ရင်း သနားကရုဏာဖြစ်စွာ မေးလိုက်၏။

စောရတ်က ဒေါ်စပ်မြတ်ဝတီအမေးကို မဖြေသေးဘဲ စိုင်းဝန်းမား မျက်နှာချောချောကို အရင်ဦးဆုံး မော့ကြည့်သည်။

ထိုအကြည့်က အားကိုးကြည့်။

မျှော်လင့်ကြည့်။

သူမကို ကယ်တင်နိုင်မည့်သူမှာ စိုင်းဝန်းမားတစ်ယောက် တည်းသာရှိကြောင်း သူမစိတ်က အလိုလိုသိနေ၏။ ဒါကို စိုင်းဝန်းမားကလည်း သိသည်။ သဘောလည်းပေါက်ပါသည်။ သို့သော် သူမအတွက် ပြောစရာအဖြေက သူ့မှာ အသင့်မရှိ။

ပါးစပ်ထဲတွေ့ကရာနာမည်ပေးဖို့ကိုပင် အဆင်ကမပြေ။ သူ့ပလွန်းသော မျက်နှာလေးကို သူငုံ့ကြည့်သည်။ အခုချိန်ထိ နာမည်ကို စဉ်းစားမရ။

''ဟိုသင်း…မာမီ…သူ…သူ့နာမည်က''

''နေ…နေ သားမဖြေနဲ့၊ သမီးလေးနဲ့မာမီပဲ ပြောမယ်၊ အဲ သမီးလေးနာမည် မာမီ့ကိုပြောပါဦးကွယ်''



www.burmeseclassic.com

www.burmeseclassic.com



"မ…မသိပါဘူးအန်တီ"

"ဟင်"

"ဟို…ဦးဝန်းမားပဲ သိပါတယ်၊ သူပြောပါလိမ့်မယ် အန်တီ"

"အို…ဘယ်လိုလဲ"

"ဦးဝန်းမား"

"ဗျာ"

"ဟို…ကျွန်မနာမည် ဘယ်သူလဲဆိုတာ အန်တီကို ပြောပြလိုက်ဦးလေ"

"အင်း…အဲဒါက…ဟို၊ သူ့နာမည်က ဖူး…ဖူးနုပါ မာမီ"

လှပဖူးနုနေသော မျက်နှာလေးကိုကြည့်၍ ဖူးနုပါဟု စိုင်းဝန်းမား နှုတ်ဖျားက မပေးတတ်ပေးတတ်နှင့် အမည်လှလှလေး ကို ပေးဖြစ်သွားခဲ့ရပြီ။

"ဖူးနုတဲ့လားကွယ်"

"ဟုတ်ကဲ့…မာမီ"

"ဖူးနု ဟုတ်လား ဦးဝန်းမား၊ ကျွန်မနာမည်က တကယ်ပဲ ဖူးနုလားဟင်"

ဝိုး၊မိုး၊ဝ၁၆ပ



အခုပဲငိုချလိုက်တော့မလို တုန်တုန်ရီရီမျက်နှာလှလှလေး နှင့် စိုင်းဝန်းမားမျက်နှာကို မော့မော့လေးကြည့်မေးလာသူကြောင့် စိုင်းဝန်းမား အနေရခက်ခက်နှင့်ပင် မာမီ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

"ချာတိတ် သတိထားလေ၊ ဖူးနုဆိုတာ မင်းကို ကိုယ်ပေး လိုက်တဲ့နာမည်ပါ၊ မင်းနာမည်အစစ်ကိုတော့ ကိုယ်လည်းမသိဘူး"

"အို…သားနဲ့သမီး ဘာတွေပြောနေကြတာလဲကွယ်၊ မာမီတော့ ဘာမှကို နားမလည်နိုင်အောင်ဖြစ်နေပြီ"

ဒေါ်စပ်မြတ်ဝတီမှာ တည်ခန့်သော သားနှင့် သိပ်လှသော မိန်းမလှလေးတို့ ဖြစ်အင်ကိုကြည့်ကာ ဘာတစ်ခုမှ နားမလည်နိုင် အောင် ဖြစ်နေသည့်အတွက် စိတ်ရှုပ်စွာ ဆိုပါသည်။

"ဒီလိုပါမာမီ…သူက အခုလောလောဆယ် သူ့ကိုယ်သူ ဘယ်သူမှန်းမသိဘူး ဖြစ်နေလို့ပါ"

"ဟင်…ဘယ်လို သူ့ကိုယ်သူ မသိဘူးဟုတ်လား"

"သူက အတိတ်မေ့နေတာ မာမီ၊ ဒါကြောင့် သူ့နာမည် သူ မသိဘူး၊ တခြားဘာကိုမှလည်း မသိဘူး"

"အိုကွယ်…ဖြစ်မှဖြစ်ရလေ"

မထူးတော့ပြီမို့ စိုင်းဝန်းမားကပဲ ဖူးနုတဖြစ်လဲ စောရတ်

ဝိုး၊မိုး၊ဝ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် မိန်းမလှလေးတစ်ယောက် တောထဲတောင်ထဲ လမ်းပေါ်က ပိုင်ရှင်မရှိဘဲ ကောက်ယူလာခဲ့ရပုံနှင့် ဖြစ်ပျက်ပုံအစအဆုံး မိခင်ကြီးကို ပြောပြအသိပေးလိုက်ရသည်။

''အဖြစ်က အဲဒါပဲမာမီ၊ အခုလည်း နေကောင်းတာ မဟုတ်ဘူး၊ မာမီ သက်သာရင် သူ့ကိုပါ ဒီအခန်းထဲမှာ တစ်ခါတည်း ဆေးကုသဖို့ထားခဲ့မှဖြစ်မယ်''

''အို…ကျွန်မ မနေခဲ့ဘူးနော်၊ ကျွန်မ ဘယ်သူနဲ့မှမနေဘူး ဦးဝန်းမား၊ ကျွန်မကို မထားခဲ့ပါနဲ့''

''ကျွန်မကြောက်တယ်၊ ကြောက်တယ်''

''ဟေး…အာ လူကို ဇွတ်မဖက်ရဘူးလေ''

ပါးစပ်က ရိုးရိုးပြောတာမဟုတ် မာမီအပါအဝင် လူအားလုံးရှေ့မှာ စိုင်းဝန်းမားရင်ခွင်ထဲ ပြေးဝင်ပြီး သူမလက်ကလေးနှစ်ဖက်ဖြင့် ဇွတ်ရောအတင်းပါ ဝင်ဖက်ခြင်းဖြစ်သည်။

''ဟင့်အင်း…ဟင့်အင်း ကျွန်မ ဦးဝန်းမားနဲ့ပဲလိုက်မယ်''

''အခုမှ သိပ်ကိုခက်နေပါလား''

ဖြူဖွေးသောမျက်နှာက ရှက်စိတ်ဖြင့် အားလုံးရှေ့မှာ အနေခက်လျက် နီရဲမွန်လူကာ မျက်နှာချောချောကို ပို၍တင်းမာမှုန်ကုပ်ထားမိသည်။





သို့သော် တင်းကြပ်စွာ ခိုဝင်ဖက်တွယ်ထားသည့် လှက်အစုံနှင့် ရင်ခွင်ကျယ်ထဲ ပူးကပ်စွာ ရောက်နေသည့် ကိုယ်လေးကိုတော့ ရက်စက်ရိုင်းပျစွာ တွန်းမထုတ်ရက်။

ဆရာဝန်တစ်ယောက်အနေနဲ့ ကြည့်ရင် ဖူးနုလို့ လောလောလတ်လတ် သူမအမည်ပေးထားသည့် ကလေးမလေးက ကျန်းမာရေးချို့ယွင်းနေရုံမက သူမဘာဝ သူမကိုယ် မသိနိုင်အောင် အတိတ်မေ့နေသူ။

လက်ရှိ ပူနွေးနေသည့် ခန္ဓာကိုယ် အရေပြားက သူမအဖျားရောဂါကိုပါ ပူးတွဲဖော်ပြအသိပေးနေသည်။

''ခေါ်သွားလိုက်ပါသားရယ်၊ ကလေးမလေးက နေမကောင်းဘူးမဟုတ်လား၊ မာမီက သက်သာနေပါပြီ''

''ဒါဆို သူ့ကိုပါ ဆရာကြီးနဲ့ ပြချင်လို့ ခေါ်သွားလိုက်မယ်နော် မာမီ''

''ပြီးမှ မာမီဆီ ကျွန်တော်ပြန်လာခဲ့မယ်''

ခေါ်စပ်မြတ်ဝပ ခေါင်းညိတ်သည်။

''လာ…ချာတိတ်၊ သွားကြမယ်''

''ခွင့်ပြုပါဦး အန်တီ''

''ကောင်းပါပြီကွယ်''



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးသိမ်မွေ့သော အမူအရာ နူးနူးညံ့ညံ့လေးနှင့် ဒေါ်စပ်မြတ်ဝတီကို ဦးခေါင်းလေးညွှတ်၍ နှုတ်ဆက်လာသူကို စိုင်းဝန်းမားရော ဒေါ်စပ်မြတ်ဝတီပါ ငေးခနဲ ကြည့်ဖြစ်သွားသည်။

သားအမိနှစ်ယောက်စလုံး၏ စိတ်ထဲ တစ်ပြိုင်တည်းလိုပင် ဒါဟာ သာမန်အနေအထားက ပေါက်ဖွားလာသည့် မိန်းကလေး မဖြစ်နိုင်လောက်ဘူးဟု တိတ်တဆိတ် ဆုံးဖြတ်လိုက်မိခြင်းကိုက မည်သူမှ မသိလိုက်ချေ။

◆ ◆ ◆



## အခန်း (၇)

"ဒါမျိုးက အတိအကျ ဘာမှတပ်အပ်သေချာ ပြောလို့မရဘူး၊ ပြန်ကောင်းချင်ရင်လည်း ချက်ချင်းပြန်ကောင်းလာနိုင်တယ်"

"တစ်သက်လုံး သတိမရဘဲနေချင်လည်း နေသွားနိုင်တာမျိုး အခုလောလောဆယ် မင်းဘယ်လိုလုပ်မယ် ဆုံးဖြတ်ထားလဲ၊ သတင်းစာထဲ ကြေငြာမလား"

စိုင်းဝန်းမား ခေါင်းခါလိုက်သည်။

"သူ့အတွက် အန္တရာယ်ကို လက်ယပ်ခေါ်သလိုဖြစ်နေမှာစိုးလို့ပါ ဆရာကြီး"

"ဒါအမှန်ပေါ့ . . . တိုးတိုးတိတ်တိတ် သူနဲ့သက်ဆိုင်ပတ်သက်နိုင်တဲ့သူကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာယူတာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ"

"ဒီကြားထဲ ဆေးပညာနဲ့ပတ်သက်ပြီး ဆရာဘက်က အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံး ကူညီပေးသွားမယ် ဟုတ်လား"

"ကျေးဇူးတင်ပါတယ်ဆရာ"

သူ ဒါပဲပြောလိုက်နိုင်သည်။

နောက်ဆုံးတော့ ဖူးနုဟု သူ့ဘာသာအမည်ပေးကင်ပွန်းတပ်လိုက်ရသည့် မိန်းမလှလေးတစ်ယောက် နေရင်းထိုင်ရင်း စိုင်းဝန်းမားလက်ထဲ သောင်တင်ကျန်ရစ်သည်။

သူဘာများ တတ်နိုင်မည်နည်း။

ကြိုက်ကြိုက်မကြိုက်ကြိုက် လက်ရှိအခြေအနေကို လက်ခံရုံသာရှိသည်။ အဖျားက လုံးဝပျောက်သွားပြီဖြစ်၍ လူကောင်းပကတိအနေအထား ပြန်ရောက်သွားသည်ဆိုပေမယ့် စိတ်ကျန်းမာရေးက ပုံမှန်မဟုတ်။

မာမီကတော့ တစ်ချိန်လုံး ဖူးနုကို သူ့နားခေါ်ထားချင်နေသည်။ ဖူးနုတဖြစ်လဲ စောရုတ်ဘက်ကပြန်တော့လည်း စိုင်းဝန်းမားကိုသာ အားကိုးရာတစ်ခုလို မျက်စိအောက်က အပျောက်မခံ။

စိုင်းဝန်းမား သူ့မျက်စိရှေ့က ပျောက်သွားလျှင်ပင် သူ့မဘဝကြီးတစ်ခုလုံးပါထပ်ပြီး ပျောက်ဆုံးသွားသလိုလို ထင်မိသည့်





အထိ အားကိုးရာ မျှော်လင့်ချက်ကြီးတစ်ခုလို စိုင်းဝန်းမားအပေါ်မှာသာ သူ့မဘဝကို ပုံထားလေသူ။

စိုင်းဝန်းမား ရင်မောလေးလံစွာ ပင့်သက်ဖြာမိသည်။ မာမီ့ကျန်းမာရေးအခြေအနေအရ နန်းခေမာနှင့် လက်ထပ်ဖို့ကိစ္စကလည်း သူ့ကို စိတ်ညစ်ညူးရှုပ်ထွေးစေသည်။

နန်းခေမာကို သူလက်မထပ်ချင်။ နန်းခေမာကိုမှမဟုတ် တခြားဘယ်မိန်းကလေးကိုမှလည်း သူ့ဆန္ဒမပါဘဲ လက်မထပ်ချင်။ စက်ရုပ်ဆန်ဆန် ဘာခံစားချက်မှမပါဘဲ အိမ်ထောင်ရေးဆိုသည့် ကျပ်တည်းကျဉ်းမြောင်းလှသော စကားစုအောက်မှာ သူ့ဘဝကြီးတစ်ခုလုံး မြုပ်နှံရမည့်အဖြစ်ကိုလည်း မနှစ်မြို့။

"ဒီတစ်ခါတော့ မာမီ့ဆန္ဒကို သား လိုက်လျောဖြည့်ဆည်းနိုင်မယ်ထင်ပါတယ်ကွယ်၊ နန်းခေမာလေးကိုပဲ လက်ထပ်လိုက်ပါသားရယ်၊ မာမီမျက်စိမမှိတ်ခင် သားအတွက် မာမီ စိတ်ချသွားချင်တယ်"

"ကျွန်တော် စဉ်းစားပါရစေဦး မာမီ"

"ကြာပြီပဲကွယ်၊ ဘယ်အသက်ဘယ်အရွယ်အထိ စဉ်းစားမယ်ချည်း ပြောနေဦးမှာလဲသားရယ်၊ ဒီတစ်ခါတော့"

"မာမီ စိတ်ချမ်းသာရမှာပါ မာမီ၊ ဒါကိုတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးပါတယ်၊ ကျွန်တော် လက်ထပ်မှာပါ''

''ဝမ်းသာလိုက်တာသားရယ်၊ မာမီ သဘောပေါက်ပြီကွယ်''

ကားအရှိန်ကို ပိုမြှင့်လိုက်သည်။ ရှုခင်းတွေက ကား နောက်ပိုင်းမှာ ရိပ်ခနဲရိပ်ခနဲ ကျန်ခဲ့သည်။ မာမီ့ကို လက်ထပ်ပါ တော့မည်ဟု သူကတိပေးခဲ့သည်။ ဘယ်သူ့ဘယ်ဝါ့ကို အတိအကျ လက်ထပ်ယူပါမည်ဟု ကတိပေးခဲ့ခြင်းတော့ မဟုတ်။

မာမီ့ဆန္ဒအတိုင်း မိန်းကလေးတစ်ယောက်ကို လက်ထပ် ရုံသာ။ သူလက်ထပ်မည့် မိန်းကလေးမှာ မာမီသဘောတူထား သည့် နန်းခေမာဖြစ်ချင်လည်း ဖြစ်မည်။ သူမမဟုတ်ဘဲ တခြား တစ်ယောက်လည်း ဖြစ်ချင်ဖြစ်နိုင်သည်။

စိုင်းဝန်းမားကိုယ်တိုင် အခုချိန်ထိ နန်းခေမာကို လက်ထပ် ဖို့ စိတ်ကူးမရှိ။ ဒီလိုပြောလို့ နန်းခေမာက မလှလို့မဟုတ်။ နန်းခေမာ ချောတာလှတာ သူသိသည်။ အသက်ချင်းကလည်း ရွယ်တူ။ နန်းခေမာက သူ့ထက် တစ်နှစ်ပဲငယ်သည်။

နန်းခေမာကိုယ်တိုင်က သူ့အပေါ်မှာ တစ်ဖက်သတ် မေတ္တာရှိနေရုံသာမက စီးပွားရေးလုပ်ငန်းပိုင်းမှာကြတော့လည်း နန်းခေမာတို့ ပန်းချယ်ရီမိသားစုနှင့် စိုင်းဝန်းမားတို့ ခေမာရွှေမိသား စုက ဟိုးအရင်ထဲက အခုချိန်ထိ ဆက်စပ်ပတ်သက်မှုတွေရှိသည်။





မိသားစုနှစ်စု တစ်ပေါင်းတစ်စည်းထဲ ဖြစ်သွားမည်ဆို လျှင် စီးပွားရေးပိုင်းမှာ ပိုအောင်မြင်မည်။ ပို၍တိုးတက်သွားမည်။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသည့်စကားက သူတို့နှစ်မိသား စုအတွက် ပိုမှန်သည်။

နန်းခေမာတို့က မောင်နှမနှစ်ယောက်တည်းပဲရှိသည်။ အစ်ကိုဖြစ်သူ မိုင်းစံရဲကိုယ်တိုင် အခုချိန်ထိ အိမ်ထောင်မပြုသေး။ တစ်ကိုယ်တည်း လူပျိုကြီးဘဝဖြင့် စီးပွားရေးလုပ်ငန်းကို ဦးဆောင် နေသူ။

ညီမဖြစ်သူ နန်းခေမာကို စိုင်းဝန်းမားလို လူချောလူခန့် ပညာတတ်ပိုက်ဆံချမ်းသာသည့် သူဌေးအချင်းချင်း လက်ဆက် စေချင်သူတွေထဲမှာ စိုင်းစံရဲ အပါအဝင်ဖြစ်သည်။

''ဦးဝန်းမား''

ချိုသံနုနုလွင်လွင်လေးက အားကိုးတကြီး။

လှပဝိုင်းစက်သော မျက်ဝန်းပြာကြီးတွေမှာ ဖြူစင်ကြည် သန့်ပြီး အပြစ်ကင်းစင်ရိုးသားမှုတွေ ပြန်အမှတ်ရတော့ စိုင်းဝန်းမား ရင်ထဲ ဘယ်နေရာကမှန်းမသိ သိမ့်ခနဲ လှုပ်ခတ်သွား၏။

သူလက်ထပ်လိုက်ရင် ဖူးနုဟု အမည်ပေးထားသည့် မိန်းမလှလေး၏ မှေ့ပျောက်နေသော အတိတ်ခရီးလမ်းစကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမျှား ဦးဆောင်ရှာဖွေပေးမည်နည်း။

အတွေးက ချာချာလည်သလောက် အဖြေကမရှိ။ ဖြစ်ချင်ရာဖြစ်ဟု ပစ်ထားနိုင်ရအောင်လည်း စိုင်းဝန်းမားဆိုတာ အာသနားညာတာမဲ့ကင်းသူမဟုတ်။

ပြီးတော့ လူသားတွေရဲ့အဘာက်ကို ကယ်တင်နေသည့် ဆရာဝန်တစ်ယောက်။ အိမ်ခြံဝင်းထဲ လှမ်းချိုးအဝင်မှာပင် ထင်းရှူးပဒေသာပင်ကြီးအောက်မှာ အဖြူနုနုဝတ်စုံလှလှလေးဖြင့် သူပြန်အလာကို ထွက်ကြိုစောင့်မျှော်နေသော ပုံရိပ်နွဲ့နွဲ့လေးက စိုင်းဝန်းမားရင်ကို လာထိသည်။

"ဦးဝန်းမား"

အသံသာသာလေး မျောလွင့်လာသလို လူကိုယ်တိုင်ကလည်း စိုင်းဝန်းမားကားရှိရာကို ကလေးပေါက်စလေးတစ်ယောက်လို ဝမ်းသာအားရ ပြေးလာတာ မြင်လိုက်ရတာမို့ သူ ကားကို အလိုလိုအရှိန်လျှော့ ရပ်တန့်မိလျက်သားဖြစ်သွား၏။

"ဦးဝန်းမား"

"ဘာလို့ပြေးလာရတာလဲ ချာတိတ်ရယ်၊ တော်ကြာ ချော်လဲနေပါဦးမယ်"

"လဲပါဘူး"





"ဦးဝန်းမားပြန်လာတာမြင်တော့ သိပ်ပျော်သွားလို့"

"သိပ်ပျော်တယ်"

စိုင်းဝန်းမား လှပသောမျက်နှာနုနုလေးကို စိုက်ကြည့်ရင်း အာရတ်ပြောသလို လိုက်ရွတ်ကြည့်သည်။ ထူးဆန်းလှချည်လား။

သူ့မျက်နှာကိုမြင်တာနှင့် သိပ်ပျော်သွားသည်ဆိုသော မိန်းမလှလေးကို ငေးမောစူးစိုက်ကြည့်ရင်း သူပြုံးလိုက်သည်။ နူးညံ့ညိမ်မွေ့သော အပြုံးတစ်ခု။

"အခု ကိုယ့်ကိုလာကြိုတာပေါ့ ဟုတ်လား"

"ဟုတ်"

"အဟွန်း"

စိုင်းဝန်းမား ဘာဆက်ပြောရမှန်းမသိဘဲ တစ်ချက်ရယ်လိုက်သည်။ သူ့ဘဝနှင့် ဘယ်တုန်းကမှ မအပ်စပ်သည့် အနေအထားတစ်ခု။ သွေးမတော်သားမစပ် သိပ်လှသည့် မိန်းမလှလေးတစ်ယောက်က သူ့ကို လာကြိုနေသည်။

"ဘာဖြစ်လို့လဲဟင်၊ ကျွန်မလာကြိုတာ မကြိုက်လို့လား"

"ကိုယ်အဲဒီလို ပြောမိလို့လား"

"သိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"အခုသိလိုက်ပေါ့"

"အဟင်း…ဟင်း"

"အဟွန်း…ဟွန်း"

နှစ်ယောက်အတူ ရယ်လိုက်မိသည်။

ရော…သူ့ဘာတွေဖြစ်နေပြီနည်း။ ကြည့်မရအောင် မုန်းလှသည်ဆိုသော မိန်းမတွေထဲမှာ ဖူးနုဟု သူအမည်ပေးထားသော မိန်းမလှမပါတော့ပြီလား။

ပထမဆုံးအကြိမ် သူ့ကိုယ်သူ နားမလည်နိုင်ခြင်းတွေ ဘယ်နေရာဆီကမှန်းမသိ ဝင်ရောက်လာသည်။

"ဦးဝန်းမား အိမ်ထဲဝင်တော့မှာလားဟင်"

"ဘာဖြစ်လို့လဲ"

"ကျွန်မ ခြံထဲမှာပဲနေခဲ့ဦးမယ်လို့ ပြောမလို့ပါ"

"ကိုယ်လည်းအတူ လမ်းလျှောက်ကြတာပေါ့"

စောရတ်က သူ့မျက်နှာချောချောကို ဖျတ်ခနဲမော့ကြည့်ပြီး ဦးခေါင်းလှလှလေးကို ဆတ်ခနဲညိတ်သည်။ သူ့ကိုယ်သူ သတိမထားနိုင်ခင်မှာ အကြောင်းအရာတွေက တစ်ခုပြီးတစ်ခု ဆက်တိုက်ဆိုသလို ဖြစ်နေသည်။

"ယော…ဟိုမှာ မမနန်းခေမာကားလေး လာနေပြီ"





တောင်ကုန်းမြေမြင့်အတိုင်း ပြေးတက်လာသည့် နန်းခေမာ ကားလေးကို မြင်ရ၏။

ဖြူဖွေးသော လက်ကလေးတစ်ဖက်ကို အရင်ပင့်မြှောက်နှုတ်ဆက်လာသူကို စိုင်းဝန်းမားကိုယ်တိုင် တုံ့ပြန်နှုတ်ဆက်လိုက်၏။

"ဟို…ကျွန်မသွားတော့မယ်"

"ဘယ်ကိုလဲ"

"ရှင်"

"စိုင်း"

"ကျိုး"

သူတို့နားကို နန်းခေမာကားလေး ထိုးဆိုက်ရပ်တန့်လာကာ ကားပေါ်က လှပကြွရွသောအသွင်ဖြင့် နန်းခေမာ ဆင်းလာသည်။

"နေကောင်းတယ်နော် ဖူးနု"

"ဟုတ်ကဲ့ မမ"

"စိုင်းနဲ့စကားပြောစရာရှိလို့ ခေမာတို့နှစ်ယောက်တည်း ပြောလို့ဖြစ်မလားစိုင်း"

"ဖူးနုကိုခွင့်ပြုပါ မမ"

"သင့်ခ်ယူး"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး ဖူးနု"

"ရှင်"

"ခေမာပြောမဲ့စကားက ဖူးနုနားထောင်လို့မရတဲ့ စကားဖြစ်နေလို့လား၊ ကိုယ်အခုပဲ ဖူးနုနဲ့ လမ်းအတူလျှောက်ဖို့ ကတိပေးထားတယ်"

"သြော်"

မိန်းမသားနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်မိကြသည်။ ဖူးနုအကြည့်က အားတုံ့အားနာ မဝံ့မရဲအကြည့်။ နန်းခေမာ၏ အကြည့်ကတော့ စိမ်းမြခါးသက်သော အကြည့်မှန်းမှန်းက မီးလျှံလို လက်ထသွား၏။

သို့သော် ချက်ချင်းလိုပင် နန်းခေမာက ဘာမှမဖြစ်သလို ရယ်မောပစ်လိုက်သည်။

"ရတယ်လေ ခေမာတို့သုံးယောက် အတူလမ်းလျှောက်ကြတာပေါ့"

"ဖူးနုနေခဲ့ပါမယ် မမ"

"အို့…မလိုပါဘူး ညီမလေးရယ်၊ လာပါ မမတို့သုံးယောက် အတူလမ်းလျှောက်ကြတာပေါ့"

"မမတို့ပဲသွားပါနော်"





"လာစမ်းပါ"

"ဦးဝန်းမား"

စိုင်းဝန်းမားက စောရတ် လက်ဖြူဖြူညှိုညှိုလေးကို ဖမ်းဆုပ်ကိုင်လိုက်တာကို မြင်သည်နှင့် နန်းခေမာမျက်နှာက ထိန်းရအောင် ကွက်ခနဲပျက်သွားသည်။ စောရတ်က စိုင်းဝန်းမားလက်ထဲက သူမလက်ကလေးကို ကြိတ်ရုန်းရင်း နန်းခေမာကို အလန့်တကြားလှမ်းကြည့်သည်။

နန်းခေမာဆိုတာ ဦးစိုင်းဝန်းမားနှင့် လက်ထပ်ရမည့် ဇနီးလောင်းအဖြစ် စောရတ်သိထားသည်။ ဦးစိုင်းဝန်းမားကို ဘယ်လောက်ပဲ တွယ်တာနေမိပါစေ နန်းခေမာနှင့်ပတ်သက်လျှင် သူမကိုယ် နောက်ကျန်ရစ်ခဲ့ရမည့်သူအဖြစ် သိရှိနားလည်ထားသည်။

ပြီးတော့ သူမဘာဝ။

အတည်တကျ ဘာတစ်ခုမှမရှိရုံမက သူမဘာဝ အစစ်အမှန်ကိုပင် ပျောက်ဆုံးနေရသူ။

"လာလေ ဖူးနု"

နန်းခေမာက ရယ်မောလျက် ဟန်မပျက် ထပ်ခေါ်လိုက်မယ့် ဖူးနုလက်တစ်ဖက်ကို ပိုင်နိုင်စွာ ဆွဲကိုင်ခေါ်ယူသူနောက်

www.burmeseclassic.com

www.burmeseclassic.com



ကို စောရတ် လိုက်ခဲ့ရပါပြီ။

''အပြင်း ဟင်း စိုင်းက ဖူးနုကို အတော်သံယော

ရှိတာပဲနော်၊ အေးလေ ကိုယ်တိုင်ကလည်း တစ်ဦးတည်းသောသာ

ဆိုတော့ စိုင်းအတွက် ချစ်စရာညီမလေး ကောက်ရသလို ဖြစ်

မှာပေါ့''

''ထင်လို့ပါ''

''ရှင်''

''ကိုယ့်ကို ခေမာ ဘာပြောစရာရှိလဲ ပြောပါ''

စိုင်းဝန်းမား မျက်နှာချောချောက တည်ငြိမ်ခန့်ညားခြင်

တွေနှင့် ချောမွေ့နေသလို နန်းခေမာမျက်နှာလေးကို စူးစိုက်ကြည့်

လာသည့် အကြည့်တွေက အေးစက်လှတာမို့ နန်းခေမာရင်ထဲ

ဒိတ်ခနဲတော့ ဖြစ်သွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် စိုင်းဝန်းမားဆိုသည့် လူချောလူခန့်ကြီး

ကို နန်းခေမာချစ်သည်။ မြတ်နိုးသည်။ စိုင်းဝန်းမား သူမကို

မချစ်မှန်းသိရက်နှင့် ပိုင်ဆိုင်ရယူလိုသည်။

စိုင်းဝန်းမားနှင့်သာ အတူနေခွင့်ရမည်ဆိုလျှင် သူမလော

ပျော်ရမည့်သူ မရှိဟု ယုံကြည်သည်။ ထိုကြောင့်လည်း လူကြီး

ချင်း စီစဉ်သည့် လက်ထပ်ဖို့ကိစ္စကို သဘောတူလက်ခံခဲ့သည်





အဲဒီတုန်းက စိုင်းဝန်းမားဆိုတာ မိန်းမမုန်းသမားကြီးဖြစ်

သည်။ ဘယ်လိုမိန်းမကိုမှ အကျွမ်းတဝင် တရင်းတနှီးမရှိ။

နန်းခေမာဆိုသည့် သူမကိုသာ နှစ်ဘက်မိဘ မျက်နှာထောက်ပြီး

လက်ခံဆက်ဆံသည်။

အခုတော့ စိုင်းဝန်းမားဆိုသည့် လူချောကြီးနားမှာ ဘယ်

အရပ် ဘယ်ဒေသကမှန်းမသိသော သူမဘဝကို သူမပင်မသိသော

အတိတ်မေ့နေသည့် မိန်းမလှလေးတစ်ယောက် ရောက်နေသည်။

အသက်ကလေးက နုနုငယ်ငယ်။ ရုပ်ကလေးကျတော့လည်း ကြွရွ

နုပတ်ကာ ဝင်းမွတ်နုညက်နေသည်။

ခေမာရင်ခွင်ကို ဖူးနုဟု စိုင်းဝန်းမားကိုယ်တိုင် အမည်ပေး

ထားသည့် မိန်းမလှလေးရောက်လာထဲက နန်းခေမာရင်ထဲ သောက

ရောက်ခဲ့ရသည်။ စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။

လက်ထပ်ဖို့ကိစ္စကို အလျင်စလိုစီစဉ်ဖို့ လူကြီးမိဘတွေကို

အပူကပ်မိသည်။ ဒါကလည်း စိုင်းဝန်းမားဆိုသည့် ကိုလူချောကို

ဆုံးရှုံးစွန့်လွှတ်ရမည်ကို ကြောက်၍ပါ။

နန်းခေမာအနားမှာ နန်းခေမာအချစ်ကို လိုချင်သူများစွာ

ရှိနေသည့်ကြားက နန်းခေမာဆိုသည့် သူမက စိုင်းဝန်းမားမှ စိုင်း

ဝန်းမား ဖြစ်၍နေတော့လည်း ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာတိုင်းမှာ စိုင်းဝန်းမားအလိုကျ လိုက်လျောအရှုံးပေးချင်နေမိသည်။ အခုပဲ နှစ်ကိုယ်ကြားပြောရမည့် စကားကို တခြားသူစိမ်းမိန်းကလေးတစ်ယောက်ရှေ့မှာ ပြောခိုင်းနေသည်ဆိုတော့ စိုင်းဝန်းမာဘက်က သိပ်ကိုလွန်နေမှန်းသိပေမယ့် နန်းခေမာကိုယ်တိုင် သူ့အပေါ်မှာ တခြားတစ်ပါးသော မိန်းမတွေလို စိတ်ဆိုးစိတ်ကောက်မပြရဲ။ ပြ၍လည်း ရမည်မဟုတ်။

ထို့ကြောင့် စိုင်းဝန်းမားမျက်နှာချောချောကို အလှဆုံးအပြုံးဖြင့် မော့မော့လေးကြည့်ပြီး အနူးညွှတ်အညင်သာဆုံး နွေးနွေးလေးပြုံးပြလိုက်မိသည်။

''သြော် တခြားကိစ္စမဟုတ်ပါဘူး၊ ခေမာတို့ မင်္ဂလာကိစ္စအတွက် မာမီစီစဉ်ထားတဲ့ သတို့သား သတို့သမီးဝတ်စုံ ကြည့်ကြဖို့ပါ''

''နန်းခေမာကြိုက်ဖို့က အဓိကပါ၊ နန်းခေမာကြိုက်ရင် ကိုယ်လည်းကြိုက်မှာပါ''

''မဟုတ်ဘူးလေ ခေမာက စိုင်းနဲ့အတူတူသွားကြည့်ဖို့ စီစဉ်ထားတာဆိုတော့ စိုင်းအားတဲ့တစ်နေ့မှ အတူသွားကြည့်ကြတာပေါ့''

''ကိုယ်မအားဘူး နန်းခေမာ''





''စိုင်းအားတဲ့ရက်အထိ ခေမာစောင့်မှာပါ စိုင်း''

''ကောင်းပြီလေ ဒါဆိုလည်း တစ်ရက်တော့ အတူသွားကြတာပေါ့''

''ဖူးနုကိုလည်းခေါ်မယ်နော်''

''ဘာလို့လဲ''

''စိတ်ဓာတ်အပြောင်းအလဲ ဖြစ်သွားမလားလို့ပါ''

''ကောင်းသားပဲ''

အလျှောက်ကောင်း၍ အထောင်းသက်သာသည်ရယ်လို့ပဲဆိုဆို နန်းခေမာနှင့် စိုင်းဝန်းမားတို့ မကြာခင် လက်ထပ်တော့မည့် မင်္ဂလာသတို့သမီး သတို့သားအဖြစ် ဝတ်စုံပြည့် ဝတ်ဆင်ပွဲကို ပထမဆုံး ဖူးနုခေါ် စာရတ်ကို ပြချင်သည့် စိတ်ဆန္ဒပြည့်သွားသည့်အတွက် နန်းခေမာ ကျေနပ်သွားသည်။

''တခြားပြောစရာ ဘာမှမရှိပါဘူး ဒါပါပဲ၊ ဖူးနုရော ဒီမှာနေရတာ ပျော်ရဲ့လား''

''ပျော်ပါတယ် မမ''

''ဒါပေါ့ကွယ် နောက်ဆို မမတို့ မင်္ဂလာပွဲလည်း ကြုံရဦးမှာဆိုတော့ ဒီထက်တောင် ပိုပျော်ရဦးမှာပါ''

''အဟင်း ဟင်း ဟင်း''



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စကားကိုယ် သဘောကျပြီး နန်းခေမာ ရယ်မော လိုက်ပေမယ့် စိုင်းဝန်းမားနှင့် ဖူးနုခေါ် စောရတ်က သူမနှင့်အတူ လိုက်မရယ်ဘဲ ငြိမ်နေတာမို့ နန်းခေမာရင်ထဲ ဘာမှန်းမသိ အောင့် သက်သက်ဖြစ်သွား၏။

◆ ◆ ◆



## အခန်း (၅)

ပူနွေးတောက်ပသော နေခြည်နုနုထွေးထွေးကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာက စောရတ်တစ်ယောက် ရွှင်လန်းစွာ နိုးထလာသည်။ ဘာလိုလိုနှင့် ခေမာရင္ခ်ကို စောရတ်ရောက်လာ သည်မှာ တစ်လပြည့်ပေတော့မည်။

အခုထက်ထိ သူမအခြေအနေက ဘာတစ်ခုမှမထူးသေး။ ဆရာဝန်ကြီးပေးသည့် ဆေးတွေကို ဦးစိုင်းဝန်းမားကိုယ်တိုင် စောရတ်ကို ဂရုတစိုက်တိုက်သလို အချိန်ရှိသ၍ စောရတ်နှင့် ပတ်သက်မည့် အတိတ်ခရီးကိုရှာဖွေဖို့ ကြိုးစားနေခြင်းကို စောရတ် သိသည်။

စောရတ်ကိုယ်တိုင်လည်း သူမဘယ်သူလဲ။ ဘာတွေ ဖြစ်ခဲ့လဲဆိုတာ သိချင်လှပါပြီ။ သို့သော်လည်း အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တိုင်း ဘာတစ်ခုမှ ဖြစ်ခွင့်မရ။ ခေမာရင့်မှာ ဦးစိုင်းဝန်းမား၏မာမီ ကျန်းမာရေးအခြေအနေက အားလုံးကို ရင်ခုန်စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်နေသည့်အတွက် အားလုံးရှိရှိသမျှလူတွေ စိတ်ရှိသလောက် ဘာတစ်ခုမှ မလှုပ်ရှားရဲ။

လှုပ်ရှားခွင့်လည်းမရ။

ထိုအထဲမှာ အဓိက အရေးအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သော ဦးစိုင်းဝန်းမားလို လူတစ်ယောက်အတွက် ပိုဆိုးသည်။ ကိုယ်တိုင်ဆရာဝန်တစ်ယောက်ဖြစ်၍ သူ့မာမီကျန်းမာရေး အခြေအနေကို ပိုနားလည်သည်။ ပိုဂရုစိုက်သည်။ ဒါကြောင့်လည်း နန်းခေမာကို လက်ထပ်ဖို့ကိစ္စ သူ့ဘက်က လုံးဝသဘောမတူဘဲ ခေါင်းညိတ်လက်ခံခဲ့သည်။

နန်းခေမာက ဖူးနုဟု အမည်သစ်ဘဝသစ်နှင့် စာရေတ်ကို မကြည်ဖြူသော်လည်း ဦးစိုင်းဝန်းမားကိုချစ်၍ ဦးစိုင်းဝန်းမား၏ သဘောကိုလိုက်၍ ကျေနပ်ခြင်းမရှိသော်လည်း ဘာတစ်ခုမှ ဆန့်ကျင်ခြင်းမပြု။

ဒါကိုပဲ ဖူးနုခေါ် စာရေတ်ရင်ထဲ တိတ်တဆိတ် အံ့သြနေမိသည်။ နန်းခေမာလိုနေရာမှာ တခြားတစ်ယောက်ဖြစ်ခဲ့ရင် အခု နန်းခေမာလို သဘောထားကြီးနိုင်ပါမည်လားမသိ။

ဝိုး ၊ မိုး ၊ ၀၇၆ပ



သေချာပေါက် ဖူးနုခေါ် စာရေတ်အပေါ် တစ်နည်းနည်းဖြင့် မကောင်းကြံပေမည်။ အနည်းဆုံးက ဖူးနုခေါ် စာရေတ် မရှိအောင် လွှင့်စင်သွားအောင် လုပ်ကြမည်မလွဲ။

သူမနားသာ ဦးစိုင်းဝန်းမားကိုယ်တိုင် မားမားမတ်မတ်ရှိမနေခဲ့လျှင် ခေမာရင့်မှာ ဒီလိုပုံစံနှင့် ရပ်တည်နေနိုင်မှာ မဟုတ်တာလည်း သေချာသည်။

''ဒေါက် ဒေါက်''

''ဘယ်သူလဲ''

''နန်းအောပါ မမ၊ မေမေကြီးက မမ နံနက်စာစားပြီးရင် သူ့အခန်းထဲ လာခဲ့ပါဦးလို့ မှာလိုက်လို့ပါ''

''လာခဲ့မယ်လို့ပြောလိုက်နော် နန်းအော''

''ဟုတ်ကဲ့ မမ''

အိပ်ရာကို သေသပ်အောင်သိမ်းဆည်းပြီး နာရီကိုကြည့်လိုက်တော့ စာရေတ် မျက်လုံးလေးဝိုင်းသွားသည်။ ဟယ် ရှစ်နာတောင် ထိုးပြီးပါရောလား။ ဘယ်လောက်အထိများ အိပ်ပုပ်ကြီးသွားပါလိမ့်။ ဦးဝန်းမားသာသိရင် ရှက်စရာ။ မိန်းကလေးဖြစ်ပြီး ဒီလောက် အိပ်ဖြစ်မိတာကို စိတ်ညစ်ညစ်နှင့် ရေချိုးခန်းထဲပြေးဝင်ပြီး ခေါင်းလျှော်ရေချိုးပစ်လိုက်သည်။

ဝိုး ၊ မိုး ၊ ၀၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရေပူရေအေး အသင့်ရှိသဖြင့် ရေချိုးရတာ အဆင်ပြေသည်။ ကမန်းကတန်း အဝတ်အစားလဲ နှုတ်ခမ်းနီ မိတ်ကပ်ဖွဖွလိမ်းပြီး ဆံပင်ရေစိုတွေကို အမြန်ခြောက်အောင် ဟဲယားဒရိုင်ယာဖြင့် မှုတ်ရသည်။

ဆံပင်မခြောက်တခြောက်မှာပင် ဒေါ်စပ်မြတ်ဝတီ စောင့်နေမှာကိုသိသဖြင့် စိတ်ကမဖြောင့်။ လူငယ်ဖြစ်ပြီး ဒီလောက်အိပ်ရပါမည်လားဟု ကိုယ့်ကိုကိုယ် အပြစ်တင်ရင်း အခန်းထဲက ခပ်သုတ်သုတ်လေး ပြေးထွက်လာမိသည်။

ဆံပင်တွေဆို လုံးဝခြောက်သေးတာမဟုတ်။

မတာတ်နိုင်။

ခေမာရင့်၏ အရှင်သခင်မကိုယ်တိုင် စောင့်နေသည်ဆိုတော့ ခြေလှမ်းကို ပိုတိုး၍အမြင့်မှာ တစ်ဖက်ကလာသူရင့်ခွင်ထဲ အင့်ခနဲ ပြစ်ထွေးရောက်ရှိသွားသည်။

"ဖူးနု"

"ဦးဝန်းမား"

"ကြည့်စမ်း ခေါင်းက ရေစိုတွေလည်း ခြောက်အောင် မသုတ်ဘဲနဲ့ ဒါကဘာယ်လဲ"

"မေမေကြီး စောင့်နေတယ်ဆိုလို့ပါ"





ထူသောမျက်ခုံးအစုံ တွန့်သွားတာမြင်ရသည်။ ဖူးနုဆိုသည့် မိန်းမလှလေး၏ ကတိုက်ကရိုက်ပုံစံကို မကြိုက်မှန်းသိသဖြင့် ပြုံမြန်ကြဲခိုင်သော လက်အစုံထဲမှာ ပိုက်ထွေးခံနေရသော သူ့မကိုယ်လေးကို ရုန်းဖယ်မိသည်။

"ကိုယ်က ကျန်းမာတာလည်းမဟုတ်ဘဲနဲ့ ဂရုစိုက်မှပေါ့"

"ဖူးနု နောက်ဆို ဂရုစိုက်ဆင်ခြင်ပါ့မယ် ဦးဝန်းမား"

ခပ်ဖျော့ဖျော့ သင်းမွှေးသော ကိုယ်ရနံ့နှင့် အိထွေးမွေးမြသော ခန္ဓာကိုယ်အထိအတွေ့ကို ဂရုမစိုက်သလို လက်အစုံကို အသာအယာ ဖြေလွှတ်ပေးလိုက်ပေမယ့် သိပ်လှသည့် ဖူးနုဆိုသည့် ကလေးမကိုကြည့်ကာ စိုင်းဝန်းမား ရင်တွေခုန်နေသည်။

သူ့ ဘဝ်ာတွေဖြစ်နေပြီနည်း။

"ကိုယ်လည်း မာမီဆီသွားမှာဆိုတော့ အတူလိုက်ခဲ့ပေါ့"

"ဟုတ်"

ပုတ်သင်ညိုမလေးက စိုင်းဝန်းမားနှင့်အတူ ပါလာသည်။ မာမီ ကျန်းမာရေးကြောင့်ပင် နန်းခေမာနှင့် လက်ထပ်ရန် သဘောတူခဲ့ရခြင်းဖြစ်သည်။

"ဟော…သားနဲ့သမီး အတူလာကြတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မာမီ့မျက်နှာလေး ကြည်လို့ပါလား၊ နေလို့ကောင်းတယ်ထင်တယ်"

"ဒါပေါ့ကွယ်၊ မာမီ မြန်မြန်နေကောင်းမှ မြေးချီနိုင်မှာလေ၊ အဟင်း ဟင်း"

"လာ…သမီးလေး"

ဒေါ်စပ်မြတ်ဝတီက သားဖြစ်သူနှင့် ပြုံးရယ်စကားပြောရင်း သားနားမှာ အတူရပ်နေသည့် စောရုတ်ခေါ် ဖူးနုကို လက်ကမ်း၍ လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

"ကြည့်ပါဦးသားရယ်၊ မာမီသမီးလေးက ချစ်စရာမကောင်းဘူးလား၊ သားနေရာမှာ မာမီသာဆိုရင် ဒီလောက်ချစ်စရာကောင်းတဲ့ မိန်းမလှလေးကို တခြားသူကို ပြန်ပေးရက်နိုင်မှာမဟုတ်ဘူး"

"ဖြစ်ချင်ရာဖြစ် တစ်ခါထဲ အပိုင်သိမ်းထားလိုက်တယ်"

"သမီးလေးကရော မာမီတို့နဲ့ တစ်သက်လုံး နေနိုင်မလား ဟင်"

"နေချင်ပါတယ် အန်တီ"

မျက်နှာလှလှလေးကို ချစ်စနိုး ခပ်ပြုံးပြုံးကြည့်နေရုံနှင့် မပြီး။ စောရုတ်လက်ကလေးတစ်ဖက်ကို မလွှတ်တမ်း ဆုပ်ကိုင်





သားလျက် သူ့အိပ်ရာဘေးမှာ အထိုင်ခိုင်းထားလျက် မေးနေခြင်းဖြစ်သည်။

"မာမီလို့ခေါ်ပါလား သမီးလေးရယ်၊ မာမီ့ဘဝမှာ သမီးလေးလောက် အပြစ်ကင်းစင်ရိုးသားတဲ့ မိန်းကလေးမျိုး တစ်ခါမှ တွေ့ဖူးသေးဘူး၊ မာမီလို့ခေါ်ပါဦး သမီးလေးရယ်"

စောရုတ် အကြည့်လဲ့လဲ့တွေက အနားမှာ အတူရှိနေသည့် စိုင်းဝန်းမား၏ တည်ကြည်ခန့်ညားချောမောလှန်းသော မျက်နှာ၌ ဖျတ်ခနဲရောက်သွားသည်။

စိုင်းဝန်းမားအကြည့်တွေကလည်း နုနယ်လှပသော စောရုတ်၏ မျက်နှာလေးမှာသာ စူးစိုက်ရောက်ရှိလျက် အကြည့်ချင်းဆုံမှာ ဦးခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"မာမီ စိတ်ချမ်းသာအောင် ခေါ်လိုက်ပါဖူးနု"

"မာမီ"

"သမီး"

"မာမီ"

"သမီး…မာမီ့သမီးလေးရယ်"

ဒေါ်စပ်မြတ်ဝတီက အနားမှာရှိနေသည့် ဖူးနုတစ်ဖြစ်လဲ စောရုတ်ကိုယ်လေးကို သိမ်းကျုံးပွေ့ပြီး ရင်ခွင်မှာ တင်းကျပ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားခိုက်…

"ဂျိမ်း…ဒိန်း…ဒလိန်း"

"ဒလိန်း"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော မိုးထစ်ချုန်းနှင့်အတူ စောရတ်ခေါင်းထဲမှာ မိုက်ခနဲ ပြာမှောင်သွားခိုက် သူမအာရုံထဲ မပီပြင်မသည်းကွဲသော လူရိပ်တွေ ဖျတ်ခနဲ ဖျတ်ခနဲ ရောက်လာ၏။

သူတို့ ဘယ်သူတွေလဲ။

ဘာတွေဖြစ်နေကြတာလဲ။

လူကြီးတစ်ယောက်က အဒေါ်ကြီးတစ်ယောက်ပါးကို ရိုက်ချလိုက်သည့် မြင်ကွင်းတစ်ခု။ ထိုမြင်ကွင်းနှင့်တစ်ထပ်တည်း ကျယ်လောင်စွာ မိုးထစ်ချုန်းသံကြီး ကြောက်စရာထွက်ပေါ်လာသည်။

"မာမီ…မာမီ"

"သမီး…သမီးဘာဖြစ်တာလဲ"

"အား"

"ဖူးနု…ဖူးနု"

"လုပ်ပါဦးသားရေ သမီးလေး မေ့သွားပြီ"

"ကျွန်တော် သူ့အခန်းကိုခေါ်သွားမှဖြစ်မယ် မာမီ၊ ဒေါ်အဲလာကို မာမီနှားလွှတ်လိုက်မယ်၊ ခေါင်းကဒဏ်ရာကြောင့် ဒီလိုဖြစ်သွားတာပါ မာမီ၊ စိတ်အေးအေးနေပါ"

"ကျွန်တော် သူ့ကို လိုအပ်တာတွေ စစ်ဆေးလိုက်ဦးမယ်"

"မာမီ ရင်တွေတုန်လိုက်တာသားရယ်"

"အခြေအနေထူးရင် လာပြောဦးနော်သား၊ မာမီ သမီးလေးအတွက် ဆုတောင်းနေမယ်"

"ဟုတ်ကဲ့ မာမီ"

မာမီ့ရင်ခွင်ထဲက ဖူးနုကိုယ်လေးကို ပေါ့ပါးစွာ ပွေ့ယူချီပြီး မာမီ့အခန်းထဲက ထွက်အလာမှာ ဒေါ်အဲလာ မာမီအခန်းထဲ ပြေးဝင်သွားတာ မြင်လိုက်ရသည်။ ဖူးနုအခြေအနေက ဘာကိုမှ စိတ်မချရ။ သူမတစ်ယောက်ထားဖို့ကလည်း အဆင်မပြေ။

နန်းခေမာနှင့်လက်ထပ်ပြီးလျှင် မေခာရင့်မှာပဲ သူနှင့်အတူ ကိုက်နေဖို့ ပြောရန်သာရှိသည်။ မာမီ့ကိုရော ဖူးနုကိုပါ ပြစ်ထားရမဖြစ်။ အိပ်ရာပေါ် ဖူးနုကိုယ်လေးကို အသာချသိပ်လိုက်ချိန်ထိ သူမ သတိမရသေး။

ဖူးနုကို စတွေ့သည့်နေရာကို သူမကို ခေါ်သွားရမည်ကိုသိ



www.burmeseclassic.com

www.burmeseclassic.com



လျက်နှင့် မလုပ်နိုင်သေး။ အတိတ်ဟောင်းနှင့်ပတ်သက်၍လည်း အခုချိန်ထိ ဘာတစ်ခုမှ သတိမရ။ အပြင်မှာ မိုးရောလေပါ ပြင်းထန် စွာရွာလာသည်။

ကြည်လင်သော မိုးကောင်းကင်က အခုတော့ ပြိုတော့ မည့်မိုးနှယ် ညိုမှောင်လျက် ချက်ချင်းယူပြစ်လိုက်သလို ပတ်ဝန်း ကျင်က အမှောင်ထုကြီးစိုးသွားပုံကို သူ လှမ်းကြည့်လိုက်သည်။

မိုးချုန်းသံတွေက အဆက်မပြတ်။ လျှပ်ရောင်တွေ ကလည်း တစ်ဝင်းဝင်း တစ်ပြောင်ပြောင်။ သစ်ပင်သစ်ကိုင်းတွေ က သည်းထန်ပြင်းပျသော မိုးလေထဲမှာ ကြောက်စရာအသံတွေ ပြုလျက် လေနှင်ရာတိမ်းလို့ လဲပြိုကျတော့မလား မှတ်ထင်ရ၏။

"အင်း...ဟင်း...ဟင်း"

"ဖူးနု ချာတိတ်"

"ချာတိတ်"

အသံက ဝေးရာက နီးလာသလို ထင်ရပြီး တစ်ဖန်နီးရာ က ပြန်ဝေးသွားသည်။

"စော...စော"

ဘယ်သူလဲ။

စောဆိုတာ ဘယ်သူလဲ။

မိုးထဲလေထဲမှာ သူမတစ်ယောက်တည်း ထွက်ပြေးနေ သည်။ ကြောက်လန့်တုန်လှုပ်ခြင်း။ ချောက်ချားဝမ်းနည်းခြင်းတွေနှင့် အပြင်မှာ မျက်ရည်ပူတွေ အဆက်မပြတ် စီးကျနေပါလျက် သူမကို ညှာကယ်တင်မည့်သူကမရှိ။

"ချာတိတ်...ချာတိတ်"

"အင်း...ဟင်း"

"မာမီ...မာမီ"

"ဒိန်း...ဒလိမ်း...ဒလိမ်း"

"အား...အမလေး"

"ချာတိတ်"

ထိတ်လန့်ချောက်ချားခြင်းတွေနှင့် ဖွေးဖြူသွားသည့် မျက်နှာလေးမှာ ကြောက်ရွံ့ခြင်းတွေနှင့် အိပ်ရာက ဝုန်းခနဲ ထအပြေးမှာ စိုင်းဝန်းမား သူမကိုယ်လေးကို အချိန်မှီ ဖမ်းဆွဲထိန်း ချုပ်ထားသည့်ကြားက မမှီ။

"လွှတ်...လွှတ်...စောကိုလွှတ်"

"ချာတိတ် ကိုယ်ပါ သတိထားလေ"

"ဟင့်အင်း...ဟင့်အင်း"

"လူဆိုးတွေ...လူဆိုးတွေ ကြောက်တယ်၊ ကြောက်

www.burmeseclassic.com



တယ်''

''စောကြောက်တယ်''

''စော''

ပထမဆုံး သူမကိုယ်သူမ စောဟု စတင်ပြောလာခြင်း ဖြစ်သည်။ တစ်ပိုင်းတစ်စသော အတိတ်ခရီးလမ်းစက လက်တွေ့ ဘဝနှင့် ရောထွေးလျက် ခြောက်လှန့်တတ်သော အိပ်မက်ဆိုးမက် နေသူ ဖြစ်နေဟန်တူပါသည်။

စိုင်းဝန်းမား တင်းကျပ်စွာ ပွေ့ဖက်ထားသည့်ကြားက ဆတ်ဆတ်တုန်နေသည့် ခန္ဓာကိုယ်လေးကြောင့် သူမ ဘယ်လောက် ကြောက်လန့်နေသည်ကို သူနားလည် သဘောပေါက်လိုက်သည်။

''မကြောက်နဲ့လေ စော၊ စောနားမှာ ကိုယ်ရှိတယ်''

''ဦးဝန်းမားလားဟင်''

တုန်ရီနေသံလေးက ချောက်ချားခြင်းတွေနှင့် စိုင်းဝန်းမား ကိုယ်ကြီးကို လက်လှမ်းမီသ၍ နစ်နေအောင် တုံ့ပြန်ဖက်ထား သူလေးကြောင့် တစ်ယောက်ရင်ခုန်သံကို တစ်ယောက်ကြားနေ သည်။

''ဦးဝန်းမား''

''ဗျာ''





''စော စောကို လူဆိုးတွေ လိုက်ဖမ်းနေကြတာ ဦးဝန်းမား သိလား၊ သူ သူတို့ စောကို ဖမ်းမိသွားရင် စောကို စောကို မာမီ လိုပဲ သတ်ပစ်ကြမှာ''

''မာမီ ဟုတ်လား''

''ချာတိတ်နာမည်ကလည်း စောတဲ့လား''

''ရှင်''

''အတိတ်မေ့နေတာ ပြန်သတိရလာပြီလား စော''

''အတိတ်မေ့နေတယ် စောကလား''

''ဟုတ်တယ်လေ''

''အတိတ် ဟင့်အင်း စောဘာမှမသိဘူး၊ ဦးဝန်းမား ဆာ ဘာမှမသိဘူး''

''စော...စော...အဟင့်...ဟင့်...ဟင့်''

ဝမ်းပမ်းတနည်း ရှိုက်ငိုချလိုက်သူလေးက စိုင်းဝန်းမား ရင်ခွင်ထဲမှာ မျက်နှာလှလှလေးကို ထိုးနှစ်ဝှက်ကွယ်ထားခြင်းကြောင့် ဆာဆိုသည့် မိန်းမလှလေး၏ မျက်ရည်တွေက စိုင်းဝန်းမား ရင်ဘတ်ကြီးကတစ်ဆင့် အသည်းနှလုံးထဲသို့ စိမ့်ဝင်စီးဆင်းသွား သလား ထင်ရသည်။

''မငိုနဲ့လေ စော၊ တော်ကြာ ခေါင်းတွေသိပ်ကိုက်လာ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်''

''ဂျိမ်း··ဒိန်း··ဒလိမ်း''

''အမလေး''

ပြင်းထန်ကျယ်လောင်သော မိုးထစ်ချုန်းသံကြောင့် စောရတ် ရှိစုမဲ့စုအင်အားလေးဖြင့် စိုင်းဝန်မားကိုယ်ကြီးကို တင်းနေအောင် ဖက်ထားလျက် ဆတ်ဆတ်တုန်နေသည်။

''ကြောက်တယ် ဦးဝန်မား၊ စော ကြောက်တယ်၊ သူတို့ စောကိုသတ်ကြမှာ၊ လူဆိုးတွေ၊ စောနားမှာနေပါနော်၊ စောကို ထားမသွားပါနဲ့ အဟင့်···ဟင့်''

''စောရယ်''

''ဒါက ဘယ်လိုဖြစ်နေတာလဲ စိုင်း''

ပြင်းထန်ကျယ်လောင်သောအသံက အပြင်မှာ ပြင်းထန်စွာ ရွာနေသော မိုးလေနှင့်အပြိုင် ပြင်းထန်ဆိုးရွားသလို မီးနယ် ဝင်းဝင်းတောက်လောင် ကျွမ်းစေမည့် အကြည့်စူးစူးရှရှတွေက လည်း နန်းခေမာသာ နဂါးမလေးဆိုရင် စိုင်းဝန်မားနှင့် စောတို့ နှစ်ဦးစလုံး နေရာမှာတင် ပြာကျသွားနိုင်သည်။

''နန်းခေမာ''

''မမ''





''မင်း ဘယ်လို ဒီနေရာကိုရောက်လာတာလဲ နန်းခေမာ''

''ဘာဖြစ်လို့လဲ စိုင်း၊ ဒီနေရာက နန်းခေမာ လာလို့မရတဲ့ ကန့်သတ်နယ်မြေ ဖြစ်နေလို့လား''

''မင်း ဘာစကားပြောတာလဲ နန်းခေမာ''

''စိုင်းလက်ထဲက မိန်းကလေးကို အခုလွှတ်လိုက်ပါ စိုင်း''

''ဘာကွ၊ မင်း ဘာပြောလိုက်တယ်''

ပိုင်စိုးရဲဝံ့သည့်စကားက စိုင်းဝန်မား မာနကို လာထိခြင်း အဖြစ်ကို နန်းခေမာက ဂရုမစိုက်။ သူမပြောချင်တာကို ဆက်ပြောလိုက်ခြင်းဖြင့် စိုင်းဝန်းမား ဒေါသဒီဂရီကို အမြင့်ဆုံးသို့ ဆွဲတင်ပါသည်။

''အဖြေက ရှင်းရှင်းလေးပါ စိုင်း၊ မုန့်ကိုသာ ဝေစားနိုင်မယ်၊ အချစ်ကို ဝေမစားနိုင်ဘူး၊ အချစ်ဝေသယ္ယရာဘွဲ့လည်း မယူနိုင်ဘူး''

''နန်းခေမာ···မင်း အခု ဒီအခန်းထဲက ချက်ချင်းထွက်သွားလိုက်စမ်း''

''မသွားဘူး စိုင်း၊ စိုင်းရင်ခွင်ထဲ ပိုင်စိုးပိုင်နင်းဝင်ပြီး မျက်ရည်ခံယိုး၊ စိုင်းကို အမိဖမ်း အပိုင်သိမ်းနေတဲ့ မိန်းမကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထုတ်ပြီးမှ သွားနိုင်မယ်''

''ဦးဝန်းမား''

''ဟိတ်…ဒီကိုလာစမ်း၊ စိုင်းကိုဖက်ထားတဲ့ လက်တွေကို အခုလွှတ်လိုက်၊ ပြောမရရင် ငါကိုယ်တိုင် လာဆွဲဖြုတ်မှာနော်''

''အမလေး…လုပ်ပါဦး၊ မမကို စောကြောက်တယ် ဦးဝန်းမား၊ စော ကြောက်တယ်''

မနာလိုဝန်တိုစိတ်ဖြင့် ဒေါသရမ္မက်ပြင်းထန်စွာ လောင်ကျွမ်းနေသော နန်းခေမာက ဘာကိုမှ ဂရုမစိုက်နိုင်အောင် သူမမျက်စိရှေ့က မြင်နေရသည့် မြင်ကွင်းကြောင့် အကြီးအကျယ်သွေးပျက်တုန်လှုပ်နေသည်။

သူမလို မိန်းကလေးတစ်ယောက်ကို ဘယ်တုန်းကမှ အရေးမလုပ်ခဲ့သည့်လူက အခုတော့ ဘာမှမဟုတ်သည့် အခြေအမြစ်မရှိသည့် မိန်းကလေးတစ်ယောက်ကျမှ ပျာယာခတ်နေတာကိုကြည့်မရအောင် မုန်းမိသည်။

ဒီကြားထဲက စော ခုတင်ပေါ်မှာ တစ်ယောက်ကိုတစ်ယောက် အတင်းကျပ်ဆုံး ပွေ့ဖက်ထားသည့်ပုံစံနှင့် ခုတင်ပေါ်မှာ ဖြစ်ချင်တိုင်းဖြစ်နေတာ မြင်ရတော့ စဉ်းစားဆင်ခြင်ဉာဏ်





တွေ ပျောက်ကုန်သည်။

အမှားအမှန်တွေ ဘာတစ်ခုမှ မခွဲခြားနိုင်တော့။ ဟန်ဆောင်ထားသမျှ မင်းသမီးမျက်နှာဖုံးကလည်း ဗြုန်းစားကွာကျသွားည်။ ဒေါသ မနာလိုစိတ်က နန်းခေမာတစ်ကိုယ်လုံးအရှိန်ပြင်းစွာ လောင်ကျွမ်းဝါးမြိုသွား၏။

''နန်းခေမာ့…မင်း…မင်း''

''ဘာဖြစ်လဲ၊ ခေမာနဲ့ မကြာခင်လက်ထပ်တော့မယ့်စိုင်းအပေါ်မှာ ဒီလောက်တောင် ပြောပိုင်ခွင့်မရဘူးလား''

''မရဘူးကွ၊ မရဘူ''

''ဟင်''

''မင်းနဲ့ကိုယ် လက်ထပ်ထားတာ မဟုတ်ဘူး နန်းခေမာ၊ ပြီးတော့ သူဟာ ကိုယ့်လူနာတစ်ယောက်၊ ဘာဖြစ်လို့ မင်းဘာက ဒီလောက် သဘောထားသေးသိမ်ရတာလဲကွဟင်''

စောက ကိုယ်လေးသိမ့်သိမ့်တုန် ရှိုက်ငင်နေသလို စိုင်းဝန်းမား ဒေါသတွေကလည်း နန်းခေမာ၏ ပိုင်စိုးလိုစိတ်ပြင်းထန်မှုအောက်မှာ ပေါက်ကွဲသွားသည်။

နန်းခေမာကို တစ်ထိုင်တည်း ကြည့်မရအောင် မုန်းသွားသည်။ အစကတည်းက မာမိုမျက်နှာကြောင့် ကျန်းမာရေး အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကိုကြည့်ပြီး လက်ထပ်ဖို့ကိစ္စ သဘောတူခဲ့သမျှ အခုတော့ စိတ်ကုန်သွားသည်။

နန်းခေမာနှင့် ရှေ့ဆက်ရမည့်ခရီးကို စိတ်ကုန် စိတ်ပျက်သွားသည်။ ဤမိန်းမကို ဒီလောက် စိတ်သဘောထားသေးမည်ဟု ထင်မထားခဲ့။

"စိုင်း…ခေမာကို ဘာပြောလိုက်တယ်"

"ကြားတဲ့အတိုင်းပဲ နန်းခေမာ၊ မကျေနပ်ရင် မင်းကြိုက်သလို လုပ်နိုင်တယ်"

"စိုင်း"

"အိး…အဟင့်…ဟင့်"

တင်းမာပြတ်သားသည့်လေသံ၊ အထင်မြင်သေးသည့် ရူးရှုအကြည့်တို့ဖြင့် မှုန်တည်နေသော စိုင်းဝန်းမား မျက်နှာချောချောကို ဝမ်းနည်းကြေကွဲစွာ ရူးစိုက်ကြည့်နေရာက မျက်နှာကို လက်ဖဝါးဖြင့်အုပ်၍ ရှိုက်ကြီးတငင် ငိုကြွေး ထွက်ပြေးသွားသော နန်းခေမာကို စိုင်းဝန်းမားကလည်း မတားပါ။

"ဘာမှမကြောက်နဲ့နော် စော၊ စောနားမှာ ကိုယ် ရှိနေမယ် ဟုတ်လား"

သူ့ရင်ခွင်ထဲက စောကို ကလေးတစ်ယောက်လို အနူးညံ့





အညင်သာဆုံး ချော့မော့နှစ်သိမ့်စကားဆိုတော့ စောက မျက်ရည်တွေနှင့် စိုင်းဝန်းမား မျက်နှာကို ကျေးဇူးတင်ဝမ်းသာစိတ်ဖြင့် အားကိုးတကြီး မော့ကြည့်သည်။

မျက်ရည်တွေ ပေလူးနေသော လှပနွဲ့သည့် မျက်နှာလေးကို ငုံ့ကြည့်လာသော စိုင်းဝန်းမားနှင့် မျက်နှာချင်းအပ်မျှ ဝင်တိုးမိခိုက် ကိုယ်စီရင်မှာ တသိမ့်သိမ့် လှိုက်ခုန်သွား၏။

အပြင်မှာ လေရောမိုးပါ ပြင်းထန်စွာ ကျနေဆဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''စော တောင်းပန်ပါတယ် ဦးဝန်းမား၊ စောကြောင့် မမနဲ့ ဦးဝန်းမား အထင်မှားစရာတွေ ဖြစ်ခဲ့ရတာကိုပါ''

စော အကြည့်က မဝံ့မရဲ၊ အသံက တိုးတိုးလေး။

''အဲဒီအတွက် ကိုယ့်မှာ နောင်တမရှိဘူး စော၊ အားလုံး နန်းခေမာ စိတ်တိုင်းကျ ကြိုက်သလိုဆုံးဖြတ်နိုင်တယ်''

စိုင်းဝန်းမားလေသံက ဘာခံစားချက်မှမရှိ၊ မျက်နှာ ချောချောကလည်း ပကတိတည်ငြိမ်နေသည်။ နန်းခေမာနှင့် ပတ်သက်ပြီး သူ့ရင်ထဲ အားလုံးဗလာဖြစ်နေခြင်းအဖြစ်ကို စော နားလည်ဟန်မတူပါ။

သူ့မျက်နှာကိုသာ တအံ့တဩ အမူအရာလေးနှင့် နားမလည်သလို မော့မော့လေး ပြန်ကြည့်နေသည်။





''ဒါ...ဒါပေမဲ့ စောကြောင့် ဦးဝန်းမားတို့ မင်္ဂလာပွဲ ပျက်သွားရင် ဘယ်လိုလုပ်မလဲဟင်''

''ပျက်ပေါ့''

''ဟင်''

စိုင်းဝန်းမား ဝင်းမွတ်နုဖတ်နေသော စော၏မျက်နှာလှလှ လေးကို ငုံ့ကြည့်လိုက်သည်။ သူ့ကိုတုံ့ပြန်မော့ကြည့်နေသည့် ရွှန်းစိုနက်မှောင်နေသည့် မျက်လုံးအစုံက ကြည်လင်ရှင်းသန့်နေ၏။

''နန်းခေမာနဲ့ပတ်သက်သမျှ စောခေါင်းထဲက ထုတ်ပစ် လိုက်၊ ကိုယ့်ခေါင်းထဲမှာလည်း သူ မရှိဘူး၊ ကိုယ်ပြောတာ စော နားလည်လား''

''ဟုတ်ကဲ့''

တကယ်က စောကိုယ်တိုင်က စိုင်းဝန်မား စကားကို နားလည်သလိုလို နားမလည်သလိုလိုပါ။

''ဒီညရော ထူးဆန်းတဲ့အိပ်မက်တွေ မက်သေးလား''

အိပ်မက်ဆိုမှ စော ခေါင်းထဲ အကြောင်းအရာတချို့ ရောက်လာ၏။

ညကမက်တဲ့ အိပ်မက်တွေထဲ စော အမှတ်ထင်ထင် အရှိဆုံး အိပ်မက်တစ်ပိုင်းတစ်စက စော အသိတရားထဲ အပြေး



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

"ညက အိမ်ကြီးတစ်အိမ်ထဲမှာ စော ရောက်နေတယ်"

"ဟုတ်လား၊ ပြီးတော့ ဘာတွေဖြစ်သေးလဲ"

စောမျက်နှာလှလှလေး ညိုးသွားသည်။ ရွှန်းတောက်သော မျက်ဝန်းဝေရီထဲမှာ မျက်ရည်ရိပ်တချို့ ဖြာဆင်းလာ၏။

"မိုးတွေ တအားရွာနေတယ်၊ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေပြီး လျှပ်စီးတွေလက်နေတယ်၊ စောကတော့ ကြောက်ပြီး ငိုနေတာ၊ တစ်ကိုယ်လုံးကို ခိုက်ခိုက်တုန်နေတာပဲ သိလား"

ပြောရင်း စောရင်ထဲ ကြောက်ရွံ့စိတ်နှင့် အမျိုးအမည်ခွဲခြားရက်ခက်သော ဝမ်းနည်းနာကျင်မှုကို ခံစားရလာ၏။

"စောကို သူတို့ထားသွားတာ စောသိတယ်"

"ဘယ်သူတွေက ထားသွားတာလဲ"

"စော မသိဘူး ဦးဝန်းမား၊ ဒါပေမဲ့ စောစိတ်ထဲမှာ တစ်စုံတစ်ခုကို စွန့်လွှတ်ဆုံးရှုံးလိုက်တာကိုပဲ စော သိနေတယ်"

"စောရယ်"

ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ နွေးခနဲစီးစွတ်သွား၏။

"စော ဘယ်အချိန်ထိ စောအတိတ်ကိုမသိဘဲ နေနေ





ရမှာလဲဟင်"

"ဒါကတော့…"

"စောသိပါတယ် ဦးဝန်းမားရယ်၊ စောရဲ့အတိတ်ကို အချိန်မရွေး ပြန်သတိရနိုင်သလို ဘယ်တော့မှ ပြန်သတိမရနိုင်ခဲ့ရင် စောကို..စောကို.."

"မငိုနဲ့လေ စော"

စကားရှေ့မဆက်နိုင်ဘဲ အင့်ခနဲ ဝမ်းနည်းစွာ ငိုချလိုက်သော့ စိုင်းဝန်းမား ရင်အစုံကို စော မျက်ရည်စက်တွေက အင်အားပြင်းစွာ ပုတ်ခတ်သွား၏။

"စောနားမှာ ကိုယ်ရှိနေပဲ စော၊ ဘာအားငယ်စရာရှိလဲ၊ အတိတ်ကို ပြန်သတိရရ မရရ စောကို ကိုယ်တာဝန်ယူတယ်"

"မဖြစ်နိုင်တာ မပြောပါနဲ့ရှင်၊ အခုလို အခြေအနေမှာတောင် မမနန်းခေမာက စောကို သတ်ပစ်ချင်နေလောက်အောင်မုန်းနေတာ၊ လက်ထပ်ပြီးရင် ပိုဆိုးမှာပေါ့"

"နန်းခေမာကို ကိုယ်လက်ထပ်မယ်လို့ ဘယ်သူပြောလဲ"

"ရှင်"

"မျက်ရည်တွေသုတ်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com

''ဟုတ်''

ပါးပြင်က မျက်ရည်တွေကို ကမန်းကတန်းသုတ်လိုက်သည်။ ရင်ထဲမှာတော့ ဘာတစ်ခုမှ သေချာရေရာခြင်းမရှိသော အနာဂတ်ဘဝခရီးအတွက် စိတ်မှာ တုန်လှုပ်နေသည်။

''စောရဲ့အတိတ်ခရီးကို အမြန်ဆုံး ပြန်ရှာတွေ့အောင်လို့ ကိုယ်တို့ ခရီးထွက်ကြရမယ်''

''ခရီးထွက်မယ် ဟုတ်လား''

စိုင်းဝန်မား ခေါင်းညိတ်သည်။

မာမီကျန်းမာရေးကြောင့် စောအတွက် လိုအပ်သည့်ကို တချို့ သူ့ဘက်က ဆောင်ရွက်စီမံရန် နောက်ကျခဲ့သည်။

အခုတော့ မာမီအခြေအနေကလည်း စိတ်ချရပြီ။ မာမီ ဖြစ်စေချင်သည့် နန်းခေမာကို လက်ထပ်ဖို့ကိစ္စကိုလည်း သူ့ဘက်က ကတိပေးပြီးပြီ။

ဒီလိုအချိန်မှာ စောအတွက်

သူမ ပျောက်ဆုံးနေသည့် အတိတ်ခရီးကို ရှာဖွေရန် ခရီးထွက်မှဖြစ်မည်ဟု သူဆုံးဖြတ်သည်။

''စောတို့ ဘယ်ကိုသွားကြမှာလဲဟင်''

''စိမ်းစားပင်တွေ့ကို''





စောက စိုင်းဝန်မားစကားကို နားမလည်။ လှပဝိုင်းစက်သော နက်ရှိုင်းသည့် မျက်ဝန်းရွဲကြီးကို ဝန်းရံထားသည့် မျက်တောင်ကော့ကြီးကို ဖျတ်ခနဲပင့်မော့ကြည့်သည်။

''အဲဒီနေရာမှာ စောကို စတွေ့ခဲ့တာဆိုတော့ အတိတ်ကို ပြန်သတိရလိုရငြား ကိုယ်တို့ အဲဒီကိုပြန်သွားကြည့်မှဖြစ်မယ်၊ အနီးအနား ပတ်ဝန်းကျင်ကို လက်လှမ်းမီသမျှ စုံစမ်းကြမယ်၊ အကောင်းရင် အဲဒီနေရာကို လျှောက်ကြည့်ရင် စော အတိတ်ကို တချို့တစ်ဝက် ဒါမှမဟုတ် တစ်စိတ်တစ်ပိုင်း ပြန်သတိရချင် ရလာနိုင်တာပေါ့''

စော စိတ်ဝင်တစား နားထောင်သည်။

တကယ်လည်း ဒီလိုဘဝဆိုးထဲက လွတ်မြောက်ချင်လှပါပြီ။ ခေမာရဲ့မှာ ပြည့်စုံချမ်းသာစွာနေရပေမယ့် နည်းနည်းလေးမှ မပျော်။

ကိုယ့်အိမ်ကိုယ့်ယာ မဟုတ်သော၊ ကိုယ်နှင့်သိကျွမ်းခြင်းမရှိသော လူစိမ်းများအလယ်မှာ အတိတ်ကို ဘာတစ်ခုမှသတိမရဘဲ နေရထိုင်ရသည့်ဘဝက ဘာတစ်ခုမှ အဓိပ္ပာယ်မရှိ။

ကောင်းကောင်းဆိုးဆိုး အတိတ်ကို ပြန်သတိရပြီး ဘဝမှန်ထဲမှာပဲ နေထိုင်ချင်သည်။ အိပ်မက်တွေထဲမှာ သူမဘဝကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရှာတွေ့နိုင်မလားဟု မျှော်လင့်ကြည့်သည်။

အကြောင်းအရာတွေက ဟိုတစ်စ ဒီတစ်စ။ ဘာဆိုဘာ ရေရာခြင်းမရှိ။ ဒီကြားထဲ ဦးဝန်းမားနှင့် လက်ထပ်ရန် လူကြီးချင်း ...ဆောဆွဲထားသည့် မမနန်းခေမာက စောနှင့် ဦးဝန်မားကို အထင်လွဲသွားသည်။

စိတ်ထဲမှာ ငို၍ တင်းကျပ်ရှုပ်ထွေးကုန်သည်။ ဦးဝန်းမားကို ...စကားဆိုတော့ သူကလည်း ဂရုမစိုက်။ နန်းခေမာကို ဦးဝန်းမား စိတ်မဝင်စားတာက အရေးမကြီး။

ခေမာရှင့် စံအိမ်၏ အရှင်သခင်မ ဦးဝန်းမား၏ မာမီကိုတော့ အားနာသည်။ မျက်နှာပူသည်။ စောကြောင့် မေမေကြီးကိုယ်တိုင် မျှော်လင့်ထားသော ဦးဝန်းမား၏ မင်္ဂလာပွဲပျက်သွားမည်ဆိုလျှင် စောအနေနှင့် ခေမာရှင့်မှာ ဘယ်လိုမျက်နှာမျိုးနှင့်မှ ဆက်နေရန် မသင့်တော့ပါ။

စောအတိတ်ကို အမြန်ဆုံးရှာပြီး ခေမာရှင့်က ထွက်သွားမှ မမနန်းခေမာရော မေမေကြီးပါ စိတ်ချမ်းသာနိုင်မည်။

"စောတို့ ဘယ်တော့ခရီးထွက်ကြမှာလဲဟင် ဦးဝန်းမား"

"မနက်ဖြန်"

"အို"





စောရင်ထဲ တဒုတ်ဒုတ် စိတ်လှုပ်ရှားသွားသည်။

"အိပ်ရေးဝအောင်အိပ်၊ ပေးထားတဲ့ ဆေးတွေကို မှန်မှန်သောက်၊ နန်းခေမာအကြောင်း လုံးဝမစဉ်းစားနဲ့ ကြားလား"

"ဟုတ်ကဲ့"

မတိုင်ပင်ဘဲ နှစ်ယောက်အတူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ စူးရှရှန်းလဲ့သည့် ဦးဝန်းမား၏ အကြည့်တွေက စောမျက်ဝန်းအစုံကို ထွင်းဖောက်၍ နှလုံးသားကို ကိုင်လှုပ်သွား၏။

ဖြူနုသော ပါးပြင်နှစ်ဖက် နှင်းဆီခင်းဖြစ်သွားကာ ချက်ချင်းလိုပင် မျက်လွှာချအကြည့်လွှဲလိုက်မိသူက စော။

"ခရီးထွက်ဖို့ လိုအပ်တာတွေ သွားဝယ်ကြမယ်၊ ကိုယ်နဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

ဘယ်ကိုသွားမှာလဲဟု မမေးရဲ။

ခြေလှမ်းကျဲကြီးတွေနှင့် စောနားက လျှောက်သွားသူနောက်ကိုသာ အပြေးလေးလိုက်ခဲ့သည်။ စောအတွက် ကားတံခါးကို သူကိုယ်တိုင်ဖွင့်သည်။

ခေမာရှင့်က စောတို့ကားလေး ဝေါခနဲပြေးအထွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲကို ခပ်ကြမ်းကြမ်းကွေ့ဝင်လာသည့် ကားတစ်စီးဖြင့် ပွတ်ကာ သီကာလေး ရှောင်တိမ်းမိသည်။ ဘာရယ်မဟုတ်၊ တစ်ဘက်ကား ရှိရာ စောရတ် လှမ်းအကြည့်။

တစ်ဘက် ကားပေါ်ကလူကလည်း စောရတ်တို့ကားကို အကြည့်၊ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် မျက်လုံးချင်းဆုံသွား၏။

"ဟင်"

ကားနှစ်စီး ဝေါခနဲ ဆန့်ကျင်ဘက်သို့ ပြေးထွက်သွားသည့်တိုင် စိတ်လှုပ်ရှားစွာ ကားပေါ်က မိန်းမလှလေး၏မျက်နှာကို မလွှတ်တမ်း နောက်တစ်ကြိမ် လှမ်းကြည့်မိသူက ခေမာရင့်ခြံအတွင်းသို့ ချိုးကွေ့ဝင်ရောက်သွားပြီဖြစ်သော ကားပေါ်ကလူဖြစ်သည်။

ဟိုကောင်မလေးပါလား။

ဘယ်လိုလုပ်ပြီး ခေမာရင့်ကို ရောက်နေပါလိမ့်။

"စိုင်းအောင် ဆင်းလေကွာ၊ ငိုင်တိုင်တိုင်နဲ့ ဘာဖြစ်နေတာလဲ"

"ဟိတ်ကောင် တိုးကြီး၊ ဟိုကောင်မလေးကွ ဟိုကောင်မလေး"



"ဘယ်ကောင်မလေးလဲကွ၊ မင်းဟာ အလန့်တကြား"

"ဘယ်ကောင်မလေးရမှာလဲကွ၊ မဟူရာစံအိမ်က ဦးခွန်မောင်ရဲ့မယားပါသမီးဆိုတဲ့ ကောင်မလေး"

"ဘာ"

စိုင်းအောင် မျက်နှာကို တိုးကြီးပါ အလန့်တကြားကြည့်လိုက်သည်။ မဟူရာစံအိမ်ဆိုတာနဲ့ တိုးကြီး မျက်နှာပျက်သွားသလို စိုင်းအောင်လည်း မျက်နှာပျက်သွားသည်။

ပြောစရာစကားတွေ အများကြီးရှိနေပေမယ့် ခေမာရင့်အဲမှာမို့ ကိုယ်စီ မျိုသိပ်လိုက်ကြသည်။

"ဟော…ရောက်လာကြပြီလား၊ အခုပဲ မင်းတို့ကို မမကြီးက မျှော်နေတာကွယ့်"

"ဟုတ်ကဲ့ခင်ဗျာ"

အိုက်ပုအမေ ဒေါ်သူဇာက ဒေါ်စပ်မြတ်ဝတီ ဧည့်သည်အဖြစ် တိုးကြီးနှင့် စိုင်းအောင်ကို ပြုံးရွှင်စွာ ကြိုဆိုနေရာပေးလိုက်သည်။

"ထိုင်ကြဦးနော်၊ မမကြီးကို မင်းတို့ရောက်ပြီဆိုတဲ့ အကြောင်း သွားပြောလိုက်ဦးမယ်"

ဧည့်သည်တွေကို ထားကာ ဒေါ်သူဇာ ဒေါ်စပ်မြတ်ဝတီ

www.burmeseclassic.com

www.burmeseclassic.com



အခန်းဘက် ထွက်သွားသည်။

"ဘယ်လိုလုပ်ကြမလဲ တိုးကြီး"

"အခြေအနေအရပေါ့ကွ၊ ဒီအခြေအနေရောက်မှ ဘာလုပ်ရမှာလဲ"

"ကောင်မလေးက တို့ကိုမှတ်မိသွားရင်ရော"

"အဲဒီတော့လည်း တစ်ခါတည်း နှုတ်ပိတ်သင့် နှုတ်ပိတ်ရမှာပေါ့"

တိုးကြီးစကားကြောင့် စိုင်းအောင် ပါးစပ်ပိတ်သွားသည်။ စိတ်ထဲမှာတော့ မိုးသည်းညက အဖြစ်အပျက်ကို ပြန်မြင်ယောင်နေသည်။ မိုးလေထဲမှာ မနိုင်တနိုင်သယ်လာရသော ငွေထုပ်ကြီးနှင့် ခေါင်းမှာ ဒဏ်ရာနှင့် လဲနေသည့် သဏ္ဌာန်လေးတစ်ခု။

ဒီကောင်မလေး မသေသေးပါလား။

ခေမာရဋ္ဌမှာ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံရလိမ့်မည်ဟု မထင်ခဲ့။

"ပိုမှာ အသွားကြီးလာနေပြီကွ၊ ခပ်တည်တည်နေ"

တိုးကြီးက မှုပျက်နေသည့် စိုင်းအောင်ကို ကျိတ်သတိပေးသည်။ ဝိုးလ်ချဲပေါ်မှာ ထိုင်နေသည့် ဒေါ်စပ်မြတ်ဝတီကို အိုက်ပုအမေ ဒေါ်သူဇာက တွန်းလာသည်။





"နေကောင်းတယ်နော် ဒေါ်လေး"

"ဒီလိုပါပဲကွယ်၊ ကောင်းလိုက်ဆိုးလိုက်ပေါ့၊ မင်းလည်း ငါ အခေါ်လွှတ်မှပဲ လာတော့တယ် စိုင်းအောင်ရယ်၊ မင်း သမီးလေးရော နေကောင်းရဲ့လား"

"ကောင်းပါတယ် ဒေါ်လေး၊ ဒါ ကျွန်တော့်သူငယ်ချင်း တိုးကြီးပါ"

"အေးကွယ်၊ တွေ့ရတာဝမ်းသာပါတယ်၊ နန်းအေးခြေထောက်ကို ခွဲစိတ်ကုသလိုက်တာ သိပ်မှန်သွားတယ်နော် စိုင်းအောင်"

ဒေါ်စပ်မြတ်ဝတီက စိုင်းအောင်သမီး နန်းအေးအတွက် ဝမ်းသာနေသည်။ အချစ်ဆုံး ဝမ်းကွဲညီမမွေးသော စိုင်းအောင်ကို ဒေါ်စပ်မြတ်ဝတီက တူသားတစ်ယောက်လို ချစ်သည်။ သံယောဇဉ်လည်း ကြီးသည်။

စိုင်းအောင်မှာ အမေ မရှိတော့။ အဖေနှင့်နေသော်လည်း အရက်သမားလုံးလုံး ဖြစ်သွားသော အဖေကြောင့် ငယ်စဉ်ကတည်းက ကိုယ့်ဝမ်းကိုယ်ရှာစားရသည့် ကလေးအဖြစ် ဒေါ်စပ်မြတ်ဝတီက မပြတ်ပေးကမ်း စောင့်ရှောက်ခဲ့သည်။

သူ့ခြံမှာ အလုပ်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းအောင် အိမ်ထောင်ပြုတော့လည်း လက်ဖွဲ့ငွေအဖြစ် ငွေအရင်းအနှီးထုတ်ပေးသည်။ နှလုံးရောဂါသည် ဖနီးကြောင့် ငွေမစုမိ။ ဒီကြားထဲ သမီးလေးကိုယ်ဝန် ရလာသဖြင့် သမီးလေးကိုမွေးပြီး စိုင်းအောင်ဖနီး ဆုံးသွားသည်။

ကလေးကို ဂရုတစိုက် ပိုးမွေးသလို မွေးလာသည့်ကြား က ခြေထောက်တစ်ဖက် သစ်ပင်ပိပြီး အရိုးကျိုးသွားသည်။

နှန်းအေးအတွက် လိုအပ်သည့် ဆေးဖိုးငွေကို ဒေါ်စပ်မြတ်ဝတီ ထုတ်ပေးလိုက်ပေမယ့် ထိုငွေက လောင်းကစားထဲ ပါသွားသည်။

"အေး··မင်းကိုခေါ်ရတာ တခြားမဟုတ်ဘူး၊ ပေးစရာလေး ရှိလို့၊ ရော့··ဟောဒီမှာ မင်းသမီးလေးအတွက်ယူသွား"

ငွေစက္ကူထည့်ထားသည့် အိတ်တစ်လုံး စိုင်းအောင်ရှေ့ ရောက်လာသည်။ ငွေက မနည်းကြောင်း အထုပ်ကြည့်ရုံနှင့် သိသည်။

"ဒေါ်လေး"

"ဘာမှမပြောနဲ့ စိုင်းအောင်၊ ဒါ ကလေးအတွက် လိုအပ်တာငွေအားလုံး လုပ်ပေးလိုက်၊ ကဲ···ကဲ··သွားတော့၊ ငါ နေကောင်းမှ ကလေးကိုလာကြည့်ဦးမယ်"





"ဒေါ်လေး လာကြည့်စရာမလိုပါဘူးဗျာ၊ သမီးကို တွေ့ချင်ရင် ကျွန်တော် ခေါ်လာပါမယ်"

"ဒါဆို ပိုအဆင်ပြေတာပေါ့ စိုင်းအောင်ရယ်၊ မင်းလာမယ့်ရက် ကြိုဖုန်းဆက်လိုက် ကြားလား"

"ဟုတ်ကဲ့ ဒေါ်လေး၊ ကျွန်တော် ပြန်လိုက်ဦးမယ်"

"အေး"

ငွေထုပ်ကိုပိုက်ပြီး ဒေါ်စပ်မြတ်ဝတီကို နှုတ်ဆက်၍ ကားပေါ် ဤနေ့မြှုက် တက်ခဲ့ကြပေမယ့် နောက်ကျောမလုံသလို ဖြစ်နေမိသည်။

ခေမာဋ္ဌရိက အထွက်မှာ တိုးကြီးက စိုင်းအောင်ဘက် လှည့်ကြည့်သည်။

"ဟိုကောင်မလေးအကြောင်း ဘာလို့ မင်းအပေါ်ကို မမေးခဲ့တာလည်းကွ ငတုံးရ"

"ဘယ်လိုမေးရမှာလဲကွ၊ တော်ကြာ အမေးမတတ်လို့ ဟိုကိစ္စရိပ်မိသွားမှ ပြဿနာ"

နှစ်ယောက်စလုံး ပြန်ငြိမ်သွားသည်။

"ဆရာကြီးကို ဟိုကောင်မလေးအကြောင်း ပြောမှထင်တယ် စိုင်းအောင်"



www.burmeseclassic.com

www.burmeseclassic.com



တိုးကြီးက သူ့အကြံကို လှည့်ပြောသည်။ စိုင်းအောင် လည်း မဖြေတတ်။ ခေမာဋ္ဌရှ်မှာ ထိုကောင်မလေးကို တွေ့ပြီး ကတည်းက စိုင်းအောင် တုန်လှုပ်နေတာလည်း သိသည်။

''မင်းသဘောက ဘယ်လိုလဲ''

''ငါ မသိဘူး တိုးကြီး၊ မင်းကြိုက်သလိုလုပ်''

''ဒါဆိုလည်း ပြီးရော''

ကားအရှိန်ပိုအမြင့်မှာ လက်ထဲက ငွေထုပ်ကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားရင်း စိုင်းအောင်တစ်ကိုယ်လုံး ဖောချွေး ပျံလာ၏။

ဒေါသတကြီး မောင်းနှင်လိုက်သော သခင်အလိုကျ ကားက မည်းနက်သောလမ်းအတိုင်း တရိပ်ရိပ်ပြေးတက်သွားသည်။

◆ ◆ ◆



## အခန်း (၁၀)

''တော်ပြီလား၊ ဒီအင်္ကျီလေးပါ ယူလေ''

စောလက်ထဲကို ဖြူဆွတ်ဆွတ် ယုန်မွေးအင်္ကျီလေး ရောက်လာသည့်အတွက် ဦးဝန်းမားကို စော မော့ကြည့်လိုက်သည်။

''တော်ပြီ ဦးဝန်းမား၊ စောယူတာတွေ သိပ်များနေပြီ''

''ဒီအင်္ကျီပါ ထည့်လိုက်ဗျာ''

''ဦးဝန်းမား''

စော လှမ်းတားပေမယ့် ဦးဝန်းမားက စောကိုမကြည့်။ ဖြူဆွတ်ဆွတ်အင်္ကျီလေးက ဦးဝန်းမားကြောင့် စောအဝတ်အိတ်ထဲ ရောက်လာသည့်အတွက် ရင်မောစွာ ပင့်သက်ဖြာမိသူက စော ဖြစ်သည်။

ဦးဝန်းမားကို အားနာမျက်နှာပူရမည့် အဖြစ်တွေက စောမှာ သိပ်ကိုများနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ဘယ်သူမှန်းမသိသောစောကို ကျွေးမွေး ပြုစုစောင့်ရှောက်ပေးသည်။ ဆေးကုသပေးသည်။ အဝတ်အစား တွေ လိုအပ်တဲ့အသုံးအဆောင်တွေ ဝယ်ပေးသည်။

စောမှ အနေမခက်လျှင် မည်သူ အနေခက်မည်နည်း။

"သွားမယ်လေ၊ ဘာလုပ်နေတာလဲ"

"ဟုတ်ကဲ့"

ရှေ့က ဦးဆောင်သွားသူနောက် အထုပ်အပိုးတွေနှင့် အမီလိုက်လာသော စောကို သူ လှည့်ကြည့်သည်။

"ပေး…အဲဒီအိတ်တွေ"

"စော နိုင်ပါတယ် ဦးဝန်မား"

"အို"

စောစကားကို မကြားသလို စောလက်ထဲက အိတ်တွေ ကို ဘာစကားတစ်ခွန်းမှ မပြောဘဲ ခပ်တည်တည်ဆွဲယူလိုက်သူ ကြောင့် စော အလန့်တကြားလေး လွှတ်ပေးလိုက်ရ၏။

"သွား…ရှေ့က"

"ရှင်"

"နောက်မှာ လူနှစ်ယောက် ကိုယ်တို့နောက်ကို လိုက် နေတယ်၊ လှည့်မကြည့်နဲ့၊ ဣန္ဒြေမပျက် ဆက်လျှောက်နေ"

"ဟုတ်…ဟုတ်ကဲ့"





သူ့အသံက တိုးတိုးကျိတ်ကျိတ်။

မျက်နှာထားကလည်း ခပ်တည်တည်ကြီးဆိုတော့ ဘာမှန်းညာမှန်းမသိဘဲ စောစိတ်ထဲ ကြောက်စိတ်အလိုလိုဝင်လာ သည်။

"မြန်မြန်လျှောက်စမ်း စော၊ ပြီးရင်ရှေ့က လမ်းချိုးလေး ထဲ ဝင်လိုက်"

သူပြောသည့်အတိုင်း စောခြေလှမ်းတွေ မပြေးရုံတမယ် ရှေ့က လူအုပ်ကြားထဲ ဝင်တိုးလိုက်ပြီး ညာဘက်ထောင့်ချိုးက လမ်းကွေ့လေးထဲ ဖျတ်ခနဲ ပြေးဝင်လိုက်သည်။

"ဒီဘက်ကိုလာ"

ဦးဝန်းမား၏ ခိုင်မာနွေးထွေးသော လက်တစ်ဖက်က စောလက်နုနုထွေးထွေးကို တင်းကျပ်စွာဆောင့်ဆွဲလိုက်တာမို့ သူ့ရင်ခွင်ထဲ ထွေးခနဲရောက်သွားသည်။

ဆိုင်တစ်ဆိုင်နောက်မှာ နှစ်ယောက်စလုံး အသက်မရှူဘဲ စောင့်ကြည့်နေခိုက်မှာ လူနှစ်ယောက် ပျာပျာယာယာနှင့် တစ်စုံ တစ်ရာကို လိုက်ရှာနေဟန်ဖြင့် စောတို့နှစ်ယောက် ကို ဖြတ်ကျော် သွား၏။

"သေချာတယ်၊ ဒီလူတွေ ကိုယ်တို့နောက်ကို လိုက်နေ တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူတွေလဲဟင်”

“ကိုယ် မသိဘူး”

“ဟင်”

“လာ...အိမ်ပြန်ကြမယ်”

မလွှတ်တမ်း ဆုပ်ကိုင်ထားသည့် ဦးဝန်းမား လက်ထဲက စောလက်လေးကို ရုန်းယူရန်ပင် အချိန်မရ။ သူဆွဲခေါ်ရာနောက်ကို ဒရောသောပါးပုံစံဖြင့် စော ပါသွားသည်။

“ဟော..ဟိုမှာ”

“ဘာလဲ..စော”

“ခုနက လူနှစ်ယောက် ဦးဝန်းမား၊ စောတို့ကို မြင်သွားပြီ”

စော ညွှန်ပြရာသို့ စိုင်းဝန်းမား လှမ်းအကြည့်မှာ ထိုလူနှစ်ယောက်နှင့် အကြည့်ချင်းဆုံသွားသည်။ ပုံစံတွေက ခပ်ကြမ်းကြမ်း။ ကြည့်ရှုပုံတွေကလည်း မရိုးသား။ မြင်ရုံနှင့် မိတ်ဆွေမဖြစ်နိုင်မှန်း သူ သဘောပေါက်လိုက်၏။

“စောတို့နောက်ကို လိုက်လာကြပြီ ဦးဝန်းမား”

“ဂရုမစိုက်နဲ့လေ၊ စောနားမှာ ကိုယ်ရှိနေတာပဲ၊ သူတို့ဘာမှမလုပ်နိုင်ပါဘူး”

ကြောက်စိတ်ဖြင့် တုန်ရီလှုပ်ရှားနေသော စောကို





ိုင်းဝန်းမား အားပေးစကားပြောလိုက်ရပေမယ့် စိတ်ထဲမှာ သူတို့ ုံစံတွေကိုကြည့်ပြီး မသင်္ကာတော့။

နှစ်ယောက်စလုံး၏ မျက်လုံးတွေက စိုင်းဝန်းမားထံမှာ ဘက် စောထံမှာသာရှိနေကြောင်း သူ သတိပြုမိသည်။ လောလော ဆယ် စောက သူမအတိတ်ကို ဘာတစ်ခုမှ သတိမရပေမယ့် ီလူတွေပုံစံမှာ စောကို သိထားသူများဖြစ်ကြောင်း အမူအရာတွေက ဘက်သေခံနေသည်။

စောဆိုသည့် မိန်းမလှလေးမှာ မည်သို့သောမိန်းကလေး ဖြစ်သနည်း။

ဒီလူနှစ်ယောက်ကရော။ စောနှင့်မည်သို့မည်ပုံ ပတ်သက် ၍ စောနောက်ကို အရိပ်လိုလိုက်ရတာလဲဆိုတာ စိုင်းဝန်းမား သိချင် လာသည်။

“ကားထဲမှာ စော ခဏနေခဲ့ဦး”

“ဦးဝန်းမား ဘယ်သွားမလို့လဲ”

“မကြာပါဘူး၊ ခဏလေး၊ ပစ္စည်းတစ်ခုဝယ်ပြီး ပြန်လာခဲ့ မယ်”

စောကို ကားထဲမှာထားခဲ့ပြီး စောနောက်ကို လိုက်နေသည် ဟု ထင်ရသော လူနှစ်ယောက်ရှိရာ မားမတ်ခန့်ညားသော ခြေ လှမ်းကျဲကြီးများဖြင့် စိုင်းဝန်းမား လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမဟန်မှန်း သိသော ထိုလူနှစ်ယောက်ကလည်း စိုင်းဝန်းမား သူတို့ဆီလာမှန်းသိဟန်နှင့် တစ်ယောက်တစ်နေရာ ခွဲထွက်ကာ နေရာက လစ်ထွက်သွားကြပုံက ဖျတ်လတ်မြန်ဆန်သည်။ လူနှစ်ယောက်ကို အမိဖမ်းပြီး စောအကြောင်း မေးမြန်းစုံစမ်းရန်ကြံရွယ်ထားသော စိုင်းဝန်းမားအကြံအစည်ပျက်သွားသည်။

''ဦးဝန်းမား''

အနီးကပ်ခေါ်လိုက်သော စောအသံကြောင့် စိုင်းဝန်းမား နောက်ကို ချာခနဲလှည့်ကြည့်လိုက်တော့ ဖြူဖွေးဖျော့တော့သော မျက်နှာနှင့် စောကို တွေ့လိုက်ရသည်။

''ကားထဲမှာမနေဘဲ ဘာလို့ ကိုယ့်နောက်လိုက်လာတာလဲ''

''ကြောက်လို့ပါ ဦးဝန်းမား''

သူ သက်ပြင်းချလိုက်သည်။

စော ကြောက်နေမှန်းသိ၍ဖြစ်သည်။ ငိုမဲ့မဲ့ဖြစ်နေသည့် စောပုံစံလေးက သူသာ တစ်ခုခုပြောလိုက်ရင် အခုပဲ ငိုချမှာကို သိသည်။

''စော ကြောက်ရမယ့်လူ ဘယ်သူမှမရှိတော့ပါဘူးဗျာ လာ…သွားကြမယ်''

နူးညံ့ညင်သာစွာ သူဆိုလိုက်မှ စောမျက်နှာလေး ပြန်ကြည်လာသည်။ ကားရှိရာ ပြန်လျှောက်လာပေမယ့် သူတို့ကို စောင့်ကြည့်မည့်သူ မရှိတော့။

''လူဆိုးတွေလားမသိဘူးနော် ဦးဝန်းမား''

ဘယ်လိုလူဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ပါဘူး၊ စောကိုသာ တစ်ခုခုဖြစ်မှာ စိုးရိမ်တာပါဆိုသည့်စကားကိုတော့ စိုင်းဝန်းမား မိတ်ထဲကပဲ ဆက်ပြောလိုက်ပါသည်။

ကားက လမ်းအတိုင်းတရိပ်ရိပ်ပြေးနေသလို နှစ်ယောက်လုံး ဘာစကားမှမဆိုမိဘဲ အတွေးကိုယ်စီဖြင့် ငြိမ်နေမိကြသည်။

''ခုနက လူနှစ်ယောက်ကို စော မှတ်မိလား''

''ရှင်''

''သူတို့မျက်နှာတွေကို စော သေချာတွေ့လိုက်ရလားလို့ မေးတာပါဗျာ''

''သူတို့မျက်နှာတွေကို စောကြောက်လို့ သေချာမကြည့်လိုက်ရဘူး ဦးဝန်းမား၊ ဒါပေမဲ့ သားရေဂျာကင်အနက် ဝတ်ထားတဲ့ လူရဲ့ ညာဘက်ပါးပြင်မှာ အမာရွတ်ကြီးရှိတာတော့ စော သိတယ်''

စိုင်းဝန်းမား၏ ထူထဲစိမ်းညို့သော မျက်ခုံးအစုံ တွန့်ခနဲဖြစ်သွားသည်။ သူကိုယ်တိုင် ထိုလူနှစ်ယောက်ကို အနီးကပ်မြင်နိုင်ရလိုက်တာမဟုတ်ဘဲ စောက ဘယ်လိုလုပ် မျက်နှာပေါ်က






www.burmeseclassic.com

www.burmeseclassic.com


အမာရွတ်ရှိနေတာကို အတိအကျပြောနိုင်တာလဲဆိုသည့် အတွေး ကြောင့် ဖြစ်ပါသည်။

"ကိုယ်တောင် သေချာသတိမထားလိုက်မိတာကို စောက ဘယ်လိုသတိထားမိတာလဲ"

ထိုမေးခွန်းကို စောကိုယ်တိုင် တိကျသေချာစွာ မဖြေ တတ်ဘဲ ဖြစ်သွားသည့်အတွက် ငြိမ်ကျသွားသည်။

"ကိုယ်မေးတာ ဖြေဦးလေ စော"

"စော မသိဘူး ဦးဝန်းမား၊ စောစိတ်ထဲမှာ ဒီလိုပဲထင် လို့ ပြောလိုက်မိတာထင်တယ်"

စောနဲ့ ထိုလူနှစ်ယောက်ကြားမှာ တစ်ခုခုတော့ရှိရမည် ဟု စိုင်းဝန်းမား တွေးလိုက်သည်။ သိစိတ်တစ်ပိုင်းက စောဘ အစတ်အပိုင်းအားလုံး မေ့နေပေမယ့် မသိစိတ်တစ်ပိုင်းမှာ စော ကိုယ်တိုင်မသိသော အကြောင်းအရာတွေကို သိနေပုံမျိုးဖြစ်သည်။

"ထူးဆန်းလိုက်တာနော်၊ စော ဘာလို့ ဒီလူ့မျက်နှာက အမာရွတ်ကို ကြိုသိနေရတာလဲမသိဘူး"

စောကိုယ်တိုင် သူမအဖြစ်ကို အံ့ဩနေသည်။

"တစ်နေရာရာမှာ အဲဒီလူကို စောကိုယ်တိုင် မြင်ခဲ့ တွေ့ခဲ့ဖူးလို့ နေမှာပေါ့"

"မြင်ခဲ့ တွေ့ခဲ့ဖူးတယ် ဟုတ်လား၊ သူ့ပုံစံက ကြောက်





ရာကြီးဆိုတော့ ဘယ်လိုနေရာမှာများ အဲဒီလူကြီးကို စော ကိုယ်တိုင် မြင်ခဲ့တွေ့ခဲ့ပါလိမ့်နော်"

ထိုအဖြေကို စောကိုယ်တိုင် သိပ်သိချင်နေသည်။ ဦးနှောက်ကို ဖျစ်ညှစ်ပြီး အတိတ်ကအရိပ်တွေကို ဖွတ်အတင်း ဥုံးစားဖို့ ကြိုးစားကြည့်သည်။ ဗလာအတိဖြစ်နေသော ဦးနှောက် အသိတရားထဲမှာ စော သိလိုသောအဖြေနှင့် ပတ်သက်သမျှ ဘယ်လိုအရာကိုမှ ရှာမတွေ့။

"သိပ်လည်းစဉ်းစားမနေနဲ့ဦး စော၊ အကြောင်းတိုက်ဆိုင် လာရင် ဒီအဖြေတွေဟာ သူ့အလိုလိုပေါ်လာမှာပဲ၊ ကိုယ်စီစဉ်ထား တဲ့အတိုင်း စောကို စတွေ့တဲ့ စိမ်းစားပင်ကွေ့ရောက်ရင် စော သိချင်တဲ့အဖြေထဲက တစ်စိတ်တစ်ပိုင်းပဲဖြစ်ဖြစ် အားလုံးပဲဖြစ်ဖြစ် တစ်ခုခုတော့ သိရလိမ့်မယ်လို့ ကိုယ်ထင်တယ်"

"တီ…တီ"

ကားတစ်စီးက ကားဟွန်းသံပေး၍ သူတို့စီးလာသည့် ကားကို အရှိန်ပြင်းပြင်းဖြင့် ဖွတ်အတင်းကျော်ဖြတ်သွားသဖြင့် စိုင်းဝန်းမား တစ်ဘက်ကားရှိရာကို လှမ်းကြည့်လိုက်သည်။

"ဦးပါနော်ပါလား"

နန်းခေမာ၏ဦးလေး ဦးပါနော်ကားက စိုင်းဝန်းမားကား ကို ကျော်တက်ပြီး သူ့ကားရှေ့က ခပ်မိုက်မိုက်လာပိတ်ရပ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကျိုး"

"ကျိုး"

ကားနှစ်စီးလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို လမ်းပေါ်မှာ ရပ်သွားသည်။ စိုင်းဝန်းမားဘက်က ဘာတစ်ခုမှ လှုပ်ရှား မပြုရသေးခင် တစ်ဘက်ကားပေါ်က ဝှန်းဝှန်းဒိုင်းဒိုင်းနှင့် နန်းခေမာ၏ဦးလေးတော်သူ ဦးပါနော် ဆင်းလာသည်။

လူမှုရေးအရ ဘယ်လိုမှဆက်ပြီး ငြိမ်နေလို့မဖြစ်တာမို့ ကားပေါ်က စိုင်းဝန်းမား ဆင်းလိုက်သည်။

"နေကောင်းတယ်နော် အန်ကယ်"

"ကောင်းသမှ ဒေါင်ဒေါင်ကိုမြည်နေတာပဲ၊ နေပါဦး မင်းက ငါ့အချစ်ဆုံးတူမလေး မအိပ်နိုင် မစားနိုင်နဲ့ တငိုငို တရယ်ရယ်ဖြစ်အောင် ဘာတွေပြောလိုက်တာလဲကွဟင်"

"ဒီလိုပဲ စကားပြော အဆင်မပြေဖြစ်ကြရုံပါ အန်ကယ်"

ဒေါသဖြစ်နေသော ဦးပါနော်က စိုင်းဝန်းမားစကားကို ကျေနပ်ပုံမရဘဲ မျက်လုံးကြီးပြူးကြည့်သည်။

"စောဆိုတာ ဒီကောင်မလေးလား"

"ဟုတ်ပါတယ်"

"မင်းက ငါ့စိမ်းမြင်လို့ ငါးကင်ပစ်ချင်တာမဟုတ်လား စိုင်းဝန်းမား၊ ငါ့တူမလေး အခြေအနေကိုကြည့်ရင် သိတယ်ကွ





မှားလည်လား"

"နန်းခေမာ အထင်လွဲသွားတာပါဗျာ"

"အထင်လွဲတယ်ဆိုကတည်းက အထင်လွဲအောင်နေလို့ ပေါ့ကွ၊ နောက်တစ်ခါ ငါ့တူမ မျက်ရည်ထပ်ကျလို့ကတော့ ခင်းကိုရော ဒီကောင်မလေးရော မလွယ်ဘူး မှတ်ပါ"

ဦးပါနော် ဒေါသတကြီး ပြောချင်ရာပြောပြီး စိုင်းဝန်းမား ရှေ့က ဆောင့်အောင့်ပြီး လှည့်ထွက်သွားပုံက ကလေးဆန်လှသည်။

စိုင်းဝန်းမားကို နှုတ်ပင်မဆက်။

ကားပေါ်ပြန်တက်ပြီး ဝေါခနဲမောင်းထွက်သွားပုံကိုကြည့်ကာ သူ မရယ်ချင်ရယ်ချင်နှင့် တစ်ချက်ရယ်လိုက်ပြီး သူ့ကားကို မောင်းထွက်ခဲ့သည်။

"မမနန်းခေမာ ဦးလေးလားဟင်"

"ဟုတ်တယ်"

"စောကြောင့် ဦးဝန်းမားကို အရမ်းအထင်လွဲနေပြီ၊ မမနန်းခေမာကို စောကိုယ်တိုင် ရှင်းပြတောင်းပန်လိုက်ရင်ရော ဟင်"

"ပိုဆိုးမှာပေါ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



နန်းခေမာက စောကို ခေမာဠရ်က ထွက်သွားစေချင်နေပြီဖြစ်ကြောင်း စိုင်းဝန်းမား ကောင်းစွာသဘောပေါက်ပါသည်။ သူတို့ကိစ္စကို ရှေ့ကို မည်သည့်ပုံစံနှင့် ဆက်ရမည်မသိသော်လည်း ခေမာဠရ်က စောထွက်သွားမှာကိုတော့ သူကိုယ်တိုင် အလိုမရှိပါ။

စောမျက်နှာလှလှလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်သူတွေထဲမှာ စိုင်းဝန်းမားကိုယ်တိုင် အပါအဝင်ဖြစ်နေမိကြောင်း ဘယ်သူမှမသိပေမယ့် တိတ်တဆိတ်ဝန်ခံချင်နေမိသည်။

"မနက်ဖြန် ခုနစ်နာရီစထွက်မယ်၊ အသင့်ပြင်ထားပါ"

"ဟုတ်ကဲ့"

အိမ်ရှေ့မှာ ကားရပ်သွားသည်နှင့် ကောင်မလေးတစ်ယောက် ပြေးထွက်လာပြီး စောလက်ထဲက အိတ်တွေကို ဆီးကြိုယူပါသည်။

"မောင်ဝန်းမား ပြန်လာရင် မမကြီးက သူ့ဆီခဏလာပါဦးလို့ မှာထားတယ်ကွဲ့"

အိုက်ပုအမေ ဒေါ်သူဇာက နောက်ဖေးမီးဖိုဆောင်ကထွက်လာပြီး အသိပေးလာသဖြင့် အပေါ်တက်မည့် စိုင်းဝန်းမား၏ ခြေအစုံတန့်သွားသည်။

"မာမီ အခုဘယ်မှာလည်း ဒေါ်သူဇာ"

"အိမ်နောက်က သစ်ခွအိမ်ထဲမှာပါ မောင်ဝန်းမား"





"ကျွန်တော် အခုပဲသွားတွေ့လိုက်မယ်"

မားမတ်ခန့်ညားသော အသွင်ဖြင့် မာမီရှိနေမည့် သစ်ခွအိမ်ရှိရာသို့ ခြေဦးတည်လိုက်သည်။ အေးချမ်းဆိတ်ငြိမ်သည့် ပန်းဥယျာဉ်လေးထဲမှာ မာမီကိုယ်တိုင် ပိုးလ်ချဲပေါ်က ပန်းပင်တွေကို ရေပန်းကရားလေးနှင့် ရေလောင်းနေသည်။

"မာမီ"

"လာ..သား၊ ဒီမှာထိုင်ပါဦးကွယ်၊ သားနဲ့ နန်းခေမာ ဘာတွေဖြစ်ကြတာလဲ"

"သူက မာမီ့ကို ဘာပြောလို့လဲ မာမီ"

မာမီညွှန်ပြသည့် ခုံတန်းဖြူဖြူလေးမှာ ဝင်ထိုင်ရင်း သူသိချင်တာကို စိုင်းဝန်းမား မေးလိုက်တော့ မာမီက သူ့သားမျက်နှာကို စေ့စေ့ကြည့်သည်။

"နန်းခေမာကို သား သဘောမကျဘူးမဟုတ်လား"

"လက်ထပ်ပါမယ်လို့ မာမီ့ကို ကတိပေးထားပြီးပါ မာမီ"

ကျယ်လောင်သော သက်ပြင်းရှိုက်သံက မာမီ့ထံမှ သူ့ထံ ပျံ့လွင့်လာသည်။

"ဒီလိုလည်းမဟုတ်သေးဘူးထင်တယ်၊ မာမီအပေါ် ကတိတည်ချင်တာနဲ့ သား မချစ်မနှစ်သက်တဲ့ မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရမယ်ဆိုတာ''

''မာမိ စိတ်ချမ်းသာဖို့က အဓိကပါဗျာ၊ တခြား ဘာမှ စဉ်းစားမနေပါနဲ့''

''သားက စောကိုချစ်နေတယ်လို့ နန်းခေမာက မာမို့ကို ပြောတယ် သား''

စိုင်းဝန်းမား နည်းနည်းတော့ ငြိမ်သွားသည်။ ဒီလိုစကားမျိုးတွေ မာမီနားအရောက် နန်းခေမာ ပြောလိမ့်မည်မထင်ခဲ့။ တမင် ထုတ်ဖော်နေစရာမလိုသဖြင့် သူ ခေါင်းညိတ်ဝန်ခံလိုက်သည်။

''ဟုတ်တယ် မာမီ၊ စောကို ကျွန်တော်ချစ်တယ်''

''မာမီလည်း အဲဒီလိုထင်သားပဲ၊ စောလေးကို မာမီလည်း ချစ်တယ်၊ နဖူးစာ ရှာလည်ဆိုတာ ဒါပဲထင်တယ်''

မာမို့စကားကြောင့် သူ့ရင်ထဲနွေးသွားသည်။ စောက သူ့ရင်ကို တစ်ရစ်ပြီးတစ်ရစ် ချည်ငင်သလို ရစ်ပတ်လာသော အချစ်ကြိုးတစ်ချောင်း ဖြစ်မှန်းမသိ ဖြစ်လာရခြင်းတည်း။

''သား စိတ်ချမ်းသာသလို ဆုံးဖြတ်ပါကွယ်''

''ဘာကိုလဲ မာမီ''

''သားအိမ်ထောင်ရေးကိုလေ''

''မာမီ''

ဒေါ်စပ်မြတ်ဝတီက သားဖြစ်သူ စိုင်းဝန်းမား၏သဘော

ဝိုး:မိုး:၁၁၆ပေ



ထားကို နားလည်စွာ ချစ်စနိုးပြုံးသည်။

''သားပျော်ရင် မာမီလည်း ပျော်ပါတယ်ကွယ်၊ မာမီ ပြောချင်တာ ဒါလေးပါ၊ သား သွားနားချင် နားတော့လေ''

''မာမီရယ်''

ပြုံးနေသည့် မာမို့မျက်နှာကို ကျေးဇူးတင်စွာ ကြည့်လိုက်သည်။

◆ ◆ ◆

ဝိုး:မိုး:၁၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

စိမ်းအုပ်ညို့မှိုင်းသော သစ်ပင်တောအုပ်နှင့် အနီးက မြင်တွေ့နေရသော ချုံနွယ်ဝိတ်ပေါင်းများကို စိတ်ဝင်တစား စောငေးကြည့်မိသည်။

နေရာက ကျောက်တောင်ကမ်းပါးနေရာနှင့် သိပ်မဝေး။ တစ်ဖက်မှာ နက်စောက်သော ချောက်ကမ်းပါးက လူ့အသက်ပေါင်းများစွာကို ဝါးမျိုနိုင်ရန် ပါးစပ်ကို အစွမ်းကုန်ဖွင့်လှစ်ထားသည့် သေမင်း၏မျက်နှာပြင်နှင့် ဆင်ဆင်တူသည်။

''စိမ်းစားပင်ကျွေ့ဆိုတာ ဒါပဲ စော''

''နာမည်ကိုက ကြောက်စရာကြီးနော် ဦးဝန်းမား''

''အဖြစ်အပျက်တွေကလည်း ပိုပြီးကြောက်စရာကောင်းမယ်ထင်တယ်၊ အနီးကပ်သွားကြည့်မလား''





''ဟင့်အင်း၊ စော မသွားချင်ဘူး၊ ဒီကလှမ်းကြည့်ရတာတောင် စိတ်ထဲမှာ တစ်မျိုးကြီးပဲ''

စောမျက်နှာလေး ပျက်နေသလို အသံကလည်း တုန်နေ၏။ တိတ်ဆိတ်နေသည့် ချောက်ချားဖွယ် ပတ်ဝန်းကျင်မှာ သက်ရှိလူသား‌အဖြစ် ဦးဝန်းမားနှင့် စောတို့ပဲ ရှိသည်။

ဒီလိုအချိန်မှာ စောတို့ တစ်ခုခုဖြစ်ခဲ့မည်ဆိုလျှင်ပင် ကယ်တင်မည့်သူ မရှိ။ ခေါင်သည်။ နက်သည်။ ချောက်ချားဖွယ်ရာ အဖြစ်ဆိုးတွေသာ ကြီးစိုးနေသောနေရာကို လူတွေအားလုံးတတ်နိုင်သမျှ ဝေးသည်ထက်ဝေးအောင် ရှောင်ကွင်းကြသည်မှာ ဘာမှမဆန်း။

ဆန်းသည်က စောလို နုနုငယ်ငယ် မိန်းမသားလှလှလေးကို ဒီလို နာမည်ဆိုးနှင့်ကျော်ကြားသည့် ချောက်ချားဖွယ်နေရာမှာ ဦးခေါင်းဒဏ်ရာနှင့် သတိလစ်လျက် တွေ့ခဲ့ရခြင်းဖြစ်သည်။

''ဒီနေရာပဲထင်တယ်''

''ဘာကိုလဲဟင်''

''စောကို ကိုယ်တွေ့ခဲ့တာလေ''

''ဟင်''

ဦးဝန်းမားက ချုံနွယ်ထူထပ်သော တောလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးလက်အေး လျှောက်သွားနိုင်ပေမယ့် ဦးဝန်းမား နောက် လျှောက်လိုက်လာရသည့် စောကတော့ လူရော မူရော ပျက်နေသည်။

ခြေထောက်တွေက ခဲဆွဲထားသလို လေးကန်တုံ့နှေးနေသည်။ မျက်စိအကြည့်တွေကလည်း တစ်နေရာပြီးတစ်နေရာ ဖျတ်ခနဲ ဖျတ်ခနဲ ရွေ့သွားတိုင်း မျက်နှာလှလှလေး ဖွေးခနဲဖြူဖြူသွားသည်။

"ဒီလိုနေရာကို စောက ဘာဖြစ်လို့ တစ်ယောက်တည်း ရောက်နေတာလဲ ဦးဝန်းမား"

"အဲဒါ ကိုယ်အသိချင်ဆုံးအဖြေပဲ၊ စောတစ်ယောက်တည်း ခေါင်းမှာ ဒဏ်ရာနဲ့ မိုးရေထဲမှာ လဲနေတယ်"

"စောအနီး ပတ်ဝန်းကျင်မှာ လူတစ်ယောက်မှမရှိဘူး ဆိုတာ ဖြစ်နိုင်ပါ့မလဲ၊ ဦးဝန်းမားကရော ဘာလို့ ဒီနေရာကို ရောက်လာရတာလဲ"

"ဟိုးမှာလေ...မြင်လား"

ဦးဝန်းမား ညွှန်ပြရာဘက်သို့ စော ခေါင်းလေး ချာခနဲ လည်သွားသည့်အခိုက်မှာ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားသည့် ကုတ်အင်္ကျီဝတ် လူတစ်ယောက် ဘွားခနဲ စောမြင်ကွင်းထဲ ရောက်





လာသည်နှင့် ကြောက်စရာကောင်းသော ကန့်လန့်ဖြတ်အမာရွတ်နှင့် မျက်နှာကြီးက စောအာရုံထဲ ဘွားခနဲ ဝင်လာပုံက လျှပ်စီး လက်သလို ဖျတ်ခနဲ ရောက်လာ၏။

"အား"

"စော...ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲ အုပ်ကွယ်ပြီး ရှုံ့ရှုံ့ဝါးဝါး ထိတ်လန့်ချောက်ချားစွာ ဟစ်အော်လိုက်သော စောကြောင့် နိုင်မာသော လက်အစုံဖြင့် စောကိုယ်လေးကို သူ့ရင်ခွင်မှာ အတင်းကျပ်ဆုံး ဖက်ထားလိုက်ရ၏။

"သူ..သူပဲ ဦးဝန်းမား၊ စော ကြောက်တယ်၊ ကြောက်တယ်"

"စော သတိထားလေ၊ သူဆိုတာ ဘယ်သူလဲ၊ ကိုယ်တို့နဲ့ မျက်နှာချင်းဆိုင်နေရာက လာနေတဲ့လူလား"

တဆတ်ဆတ်တုန်နေသည့် စောကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားရင်း မျက်စိရှေ့ကလူကို လုံးဝအလေးစ်မပေးဘဲ စောနားတိုကပ်ကာ တိုးတိုးကျိတ်ကျိတ် မေးလိုက်၏။

"ဟင့်အင်း...သူ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ၊ စော ကြောက်တဲ့လူကို စောသိ



www.burmeseclassic.com

www.burmeseclassic.com

လား''

''ဟို..ဟို..မျက်နှာမှာ အမာရွတ်နဲ့လူ''

''ဟင်''

စောကိုယ်လေးကို ဖက်ထားသော စိုင်းဝန်းမားလက်အစုံ ပိုတင်းသွားသည်။

''စောတို့ ဒီနေရာက အမြန်ဆုံးပြန်ကြရအောင် ဦးဝန်းမား၊ ဒီနေရာကြီးကို စော ကြောက်တယ်''

ဦးထုပ်နှင့်လူက စိုင်းဝန်းမားတို့ကို အံ့သြထူးဆန်းသော အမူအရာနှင့်ကြည့်ပြီး သူတို့နားက ခြေလှမ်းကျဲကြီးတွေနှင့် ဖြတ်သွားသည်။

သာမန်ခရီးသွားတစ်ယောက်ထက်မပိုသော ရိုးသားသည့် မျက်နှာကို စိုင်းဝန်းမား သေချာစူးစိုက်ကြည့်နေခိုက်မှာ စောထံမှ ကျိတ်၍ရှိုက်ငင်လိုက်သော ငိုသံထွက်လာသည်။

''မငိုနဲ့လေ စော၊ စောနားမှာ ကိုယ်ရှိနေတာပဲ၊ ဘာကို ကြောက်ရမှာလဲ''

စောက သူ့ကို စကားတုံ့ပြန်ခြင်းမပြု။ ဦးခေါင်းကို တွင်တွင်ခါလျက် ကိုယ်လေးသိမ့်သိမ့်တုန်အောင် ရှိုက်ငိုခြင်းဖြင့် သူ့အင်္ကျီရင်ဘတ်မှာ စောမျက်ရည်တွေနှင့် နွေးထွေးစိုစွတ်သွား





သည်။

''စောရယ်''

စိုင်းဝန်းမားဘဝမှာ ပထမဆုံးအကြိမ်အဖြစ် သူအင်မတန် ချစ်မြတ်နိုးရသော မိန်းမလှလေးတစ်ယောက်ထံမှ လှိုက်လှဲ သည်းထန်စွာ ငိုကြွေးနေပုံကို မြင်တွေ့ဖူးခြင်းဖြစ်သည်။

စောကို မည်သို့နှစ်သိမ့်ချော့မော့ရမှန်းမသိသဖြင့် သူ့ ရင်ခွင်ထဲက စောမျက်နှာလှလှလေးကို လက်တစ်ဖက်ဖြင့် ဆွဲယူ ငုံ့မောလျက် မျက်နှာချင်းဆိုင်လိုက်သည်။

''တိတ်ပါ စောရယ်၊ မင်းမျက်ရည်တွေကို ကိုယ်မမြင် ချင်ဘူး၊ မငိုနဲ့နော်''

တိုးတိတ်ညင်သာစွာ အနူးညွတ် အသိမ်မွေ့ဆုံး သူဆိုလိုက် သည်။ ပန်းနုသွေးရောင်ကြွပြီး မျက်ရည်တွေကြားမှာ အလှကြီး လှနေသည့် စောမျက်နှာလေးပေါ်က မျက်ရည်တွေကို လက်ချောင်း များဖြင့် ချစ်မြတ်နိုးစွာ သိမ်းဖယ်ပေးနေမိသည့်အဖြစ်ကို သူကိုယ် သူလည်း သတိမထားမိ။

''ဦးဝန်းမား''

''ပြောပါ စော''

''စောကိုခွင့်လွှတ်ပါ၊ ရုတ်တရက် စောစိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

မထိန်းနိုင်ဘူးဖြစ်သွားတယ်''

စိုင်းဝန်းမားရင်ခွင်ထဲက စောကိုယ်လေးကို ရုန်းထွက်လိုက်သဖြင့် သူ လွှတ်ပေးလိုက်သည်။

''ကိုယ်နားလည်ပါတယ်၊ မျက်နှာမှာ အမာရွတ်ရှိတဲ့ လူကို စော ဘယ်လိုမှတ်မိတာလဲ''

''စော မှတ်မိတာမဟုတ်ပါဘူး ဦးဝန်းမား၊ စောမျက်လုံးထဲ အဲဒီလူမျက်နှာကြီး ဘွားခနဲ သူ့အလိုလိုပေါ်လာတာပါ''

''ဪ''

စောရင်ထဲက တုန်လှုပ်ချောက်ချားခြင်းကို ကျိတ်၍မျိုသိပ်လိုက်ပြီး ဦးဝန်းမားရှေ့မှာ ကြိုးစားပြီး ဣန္ဒြေမပျက်နေနိုင်အောင် စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားသည်။

အတိအကျ မပြောနိုင်ပေမယ့် ဒီနေရာမှာ အန္တရာယ်အငွေ့အသက်ရနေသလို စိတ်က ထင်နေသည်။

''စောတို့…''

''ဟိုးမှာလေ၊ အဲဒီလမ်းအတိုင်းသွားရင် ဝံအော် ဆိုတဲ့ ရွာလေးရှိတယ်၊ စောကိုတွေ့တဲ့ညက ကိုယ်နဲ့အိုက်ပု ဝံအော်က ပြန်လာတာ''

''ဝံအော်''





''စော သိလို့လား''

''ဟင့်အင်း၊ စော မသိပါဘူး ဦးဝန်းမား''

စောသိတာက ဒီနေရာက အမြန်ဆုံးထွက်သွားဖို့ပါဆိုတာကိုတော့ စောစိတ်ထဲကပဲ ပြောလိုက်ပါသည်။

''ဒီဘက်လမ်းကိုသွားရင် ကိုယ်တို့ခေါ်လာခဲ့လမ်းအတိုင်း ခေမာရဋ္ဌကို ရောက်မယ်၊ ဒီဘက်ကိုသွားရင်တော့ မိုင်းမောကို ရောက်တယ်''

မိုင်းမော။

စောရင်ထဲ ဒိန်းခနဲဖြစ်သွားကာ စိတ်လှုပ်ရှားစွာ ဦးဝန်းမားညွှန်ပြသည့်လမ်းကို မျက်စိတဆုံး ငေးမျှော်ကြည့်လိုက်မိသည်။

မိုင်းမောဆိုသည့်အမည်က စောအတွက် ရင်းနှီးကျွမ်းဝင်နေပါလား။

''နေဦး၊ ကိုယ် စဉ်းစားမိပြီ၊ စောကို မိုင်းမောကို လိုက်ပို့မယ်၊ လာ‥ခေမာရဋ္ဌပြီးရင် မိုင်းမောက ဒီနေရာနဲ့အနီးဆုံးနေရာဆိုတာ ကိုယ်မေ့သွားတယ်၊ စောက မိုင်းမောကလည်း ဖြစ်နိုင်တာပဲ''

စိုင်းဝန်းမားကာက ခေမာရဋ္ဌကိုသွားသည့်လမ်းနှင့် ဆန့်ကျင်ရာသို့ ဦးတည်ပြေးထွက်သွားသည့်အခိုက်မှာ လူတို့ကား



www.burmeseclassic.com

www.burmeseclassic.com



နားကို တခြားကားတစ်စီး အရှိန်ပြင်းစွာ ပြေးဝင်လာ၏။

စိုင်းဝန်းမား လှမ်းကြည့်လိုက်တော့ ကားပေါ်လူတွေ အားလုံး သူ တစ်ခါမှမတွေ့ဖူးသော မျက်နှာစိမ်းတွေဖြစ်နေသည်။

ရုပ်ရည်တွေကလည်း ခပ်ကြမ်းကြမ်း။ စိုင်းဝန်းမားတို့ကို ကြည့်နေသည့် အကြည့်တွေကလည်း ရန်သူတစ်ယောက်ကို ကြည့်သည့်အကြည့်များဖြစ်နေ၍ စိုင်းဝန်းမား မျက်ခုံးအစုံ တွန့်ခနဲ ဖြစ်သွားသည်။

ကားကို အရှိန်လျှော့ပေးလိုက်၏။

တစ်ဖက်ကားက ဝေါခနဲ ဖြတ်တက်သွားပြီး ခပ်လှမ်း လှမ်းအရောက်မှာ လမ်းပေါ် ကန့်လန့်ဖြတ်ပိတ်ရပ်ပစ်တာ မြင်လိုက် ရသည်။

"ဂွး"

"ကျွီး"

"ကျွီး"

စိုင်းဝန်းမား သူ့ကားကိုရပ်လိုက်ပြီး တစ်ဖက်ကားပေါ် လှမ်းကြည့်လိုက်တော့ ကားပေါ်က လူလေးငါးယောက် ဆင်းလာ သည်။

"ဦးဝန်းမား"





စောထံမှ အလန့်တကြား အော်သံလေး ထွက်လာသည်။

အခုတလော ဘာတွေ ဘယ်လိုဖြစ်နေသည်မသိ။ စိုင်းဝန်းမား ဘဝမှာ တစ်ခါမှမကြုံဖူးတာတွေချည်း လာကြုံတွေ့နေရသည်။

အခြေအနေကို စောင့်ကြည့်နေဆဲမှာပင် လူငါးယောက် က စိုင်းဝန်းမားကားကို ဝိုင်းလိုက်သည်။

"ခင်ဗျားတို့ ဘာလုပ်မလို့လဲ"

"ကောင်မလေးကို ငါတို့နဲ့ထားခဲ့ရင် ဘာပြဿနာမှ မဖြစ်ဘဲ မင်းသွားချင်ရာ သွားလို့ရတယ်"

"ဘာ"

"ဦးဝန်းမား"

စောက စိုင်းဝန်းမားလက်မောင်းတစ်ဖက်ကို တုန်လှုပ် ချောက်ချားစွာ ခပ်တင်းတင်းလေး ဖက်ထားရင်း ကားအပြင်က လူတွေကို ကြောက်လန့်စွာ လှမ်းကြည့်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ငါတို့ ဘယ်သူတွေဆိုတာ အရေးမကြီးဘူး ကိုယ့်လူ၊ စိတ်လည်းမဝင်စားနဲ့၊ ဟိတ်ကောင်…ကောင်မလေးကို ဆွဲခေါ် ခဲ့စမ်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး..ဦးဝန်းမား၊ စောကို ကယ်ပါဦး"

စောဘက်က ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး ၎ နှစ်ယောက်က စောကို ကားပေါ်က ခပ်ကြမ်းကြမ်း ဆွဲချသည် အတွက် စောက ငယ်သံပါအောင် အော်ပြီး စိုင်းဝန်းမားလက်ကို မလွှတ်တမ်း ဆွဲထားသည်။

"ဟိတ်လူတွေ စောကို ခင်ဗျားတို့ ဘာလုပ်တာလဲ"

"မင်းအပူမပါဘူးလို့ ပြောထားသားပဲ"

"ဦးဝန်းမား"

"စော"

နှစ်ယောက်နှင့်တစ်ယောက် အင်အားမမျှ။ သူမျက် ရှေ့မှာပင် စော ကားအောက်ပါသွားတာကို မြင်လိုက်တာနှင့် စိုင်းဝန်းမား မျက်လုံးထဲ ပြာသွားသည့်အတွက် ကားပေါ်ကအဆင်း မှာ နီးရာလူကို စတင်ဟိုက်ခိုက်သည်။

"ကဲကွာ"

"ခွပ်...ခွပ်"

"တို့ကိစ္စထဲ ဝင်ရှုပ်တဲ့ကောင်၊ ချကွာ"

"ဒုတ်"

"ဦးဝန်းမား"





စိုင်းဝန်းမားအမည် စော အကျယ်ကြီးလှမ်းအော်ပေမယ့် စိုင်းဝန်းမား မကြား။ အတိုက်အခိုက် ကျွမ်းကျင်ပုံရသော လူတစ်စု နှင့် အပြန်အလှန် လုံးထွေးသတ်ပုတ်နေရခြင်းဖြင့် အခြေအနေက ချက်ချင်းရှုပ်ထွေးသွားသည်။

ကိုယ်တိုင်က အားကစားလိုက်စားသူလည်းဖြစ်၊ ကိုယ်ခံ ပညာလည်း တတ်ကျွမ်းထားသဖြင့် တခြားသူတွေလို ရုပ်ပျက် ဆင်းပျက် အလူးအလဲမခံရသော်လည်း တစ်ယောက်နှင့်အများ ဖြစ်သဖြင့် လူကို တော်တော်ထိမိသည်။

"မလုပ်ပါနဲ့၊ ဦးဝန်းမားကို မလုပ်ပါနဲ့"

"ဒုတ်"

"အမလေး...ဦးဝန်းမား သေပါပြီ"

"ကျွီ"

"ဟိတ်ကောင်တွေ မင်းတို့ ငါ့ဆရာကို ဘာလုပ်ကြ တာလဲကွ ဟင်"

"ဟာ...လူတွေလာပြီဟေ့"

"အိုက်ပု"

"ဆရာ...ကျွန်တော် လာပြီ"

"ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်"

"အား"

"ဟာ..ဆရာ...ဆရာ"

"ဦးဝန်းမား"

အိုက်ပုနှင့် ခြံအလုပ်သမားတွေ ပြေးလာတာကို မြင်လိုက်ရပြီးနောက် စိုင်းဝန်းမား ဦးခေါင်းကို မာကျောလေးလံသောအရာဖြင့် ထိရိုက်မိကာ လောကကြီးတစ်ခုလုံး အမှောင်ကျသွားသည်။

◆ ◆ ◆



## အခန်း (၁၂)

"အဟင့်...ဟင့်...ဟင့်"

အကြားအာရုံမှာ ပထမဆုံး ဝင်ရောက်သည်က တိုးတိုးတိတ်တိတ် ကျိတ်ငိုနေသော အသံလေးဖြစ်သည်။ နောက်တော့ သူ့လက်ဖဝါးတစ်ဘက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် လက်ချောင်းလေးများ။

စိုင်းဝန်းမား အတွေးတွေက ဖျတ်ခနဲ သူဖြစ်ခဲ့သည့် ရန်ပွဲရှိရာ ရောက်သွားသည်။ တဆစ်ဆစ်နာနေသော ဦးခေါင်းဒဏ်ရာက သူ့အခြေအနေကို ဖော်ပြသည်။

အိုက်ပု ရောက်လာ၍ သူနှင့်စော ကံကောင်းသွားသည်။ အထူးသဖြင့် စောအတွက် ပို၍ကံကောင်းသည်။ သေချာသည်က ဒီလူတွေ စောကို သိနေခြင်းဖြစ်သည်။

သူတို့ထဲက တစ်ယောက်ယောက်ကိုမိလျှင် ပျောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



နေသော စောရဲ့အတိတ်ကို စမ်းတဝါးဝါးနှင့် ရှာနေစရာမလိုတော့၊

ဦးဝန်းမားရယ်…။

မျက်ရည်ပေါက်ပေါက်ကျရင်း ဦးဝန်းမားလက်ကို စော ပါးပြင်မှာအအပ် တင်းကျပ်စွာဆုပ်ညှစ်လာသည့် စိုင်းဝန်းမား လက်ချောင်းလေးများကြောင့် စော အငိုလေးတန့်သွားသည်။

''ဦးဝန်းမား''

''အင်''

ထူးသံကြောင့် စော ဝမ်းသာသွားသည်။

''ဟင်…သ…သတိရလာပြီနော် ဟုတ်လား''

''အင်း''

မျက်လုံးကိုမဖွင့်ဘဲ အသံပြုသဖြင့် စော မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းဆွဲဖယ်ရင်း စိုင်းဝန်းမား မျက်နှာနား သူမမျက်နှာလေးကို ကပ်ပြီး ငုံ့ကြည့်သည်။

သတိရနေသောသူက ဘာကြောင့် သူမကို မျက်လုံးဖွင့်မကြည့်ရသနည်း။ မျက်လုံးဖွင့်မရတော့လို့များလား။ ပြီးတော့ ခေါင်းကဒဏ်ရာကြောင့်ပဲ စောလို အတိတ်တစ်ခုလုံး ဘာတစ်ခုမှ သတိမရအောင် မေ့သွားဦးမှာလား။

အနားမှာလည်း ဘယ်သူမှမရှိ။

တစ်ချိန်လုံး စောင့်ကြည့်နေကြသည့် အိုက်ပုအပါအဝင်





အားလုံး အိပ်နေကြပြီ။ အချိန်ကလည်း မနည်းတော့။ စော တစ်ယောက်တည်းသာ သူ့ သတိမရမချင်း ဖွဲကောင်းကောင်းနှင့် စောင့်နေခြင်းဖြစ်သည်။

''သတိရရင် မျက်လုံးဖွင့်ကြည့်ပါလားဟင်''

တိုးတိုးလေး သူ့နားကပ်ပြောသည့် စောအသံလေးက စိုးရိမ်စိတ်ဖြင့် တုန်ခါနေသလို စိုင်းဝန်းမားလက်ကို သူမလက်လေး နှစ်ဘက်ဖြင့် ပိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိပြန်သည်။

''စော စိတ်ပူလို့ပါနော်''

မျက်ဝန်းအစုံ တလှုပ်လှုပ်ဖြင့် ဖြည်းဖြည်းချင်း ပွင့်လာတော့ စော ရင်ခုန်သွားသည်။ အကြည့်ချင်းအဆုံမှာ စောဘက်က အချိုမြိန် အလိုက်လှဲဆုံး ပြုံးလိုက်ပြီး…

''စောလေ၊ စောကို မှတ်မိလားဟင်''

''ဟင့်အင်း''

''ဟင်''

စောလက်ထဲ တင်းကျပ်စွာဆုပ်ကိုင်ထားသော စိုင်းဝန်းမား လက်ကို လွှတ်ကျမသွားအောင် မနည်းသတိထားလိုက်ရသည်။

''မင်း ဘယ်သူလဲ''

''အို''

မျက်နှာလှလှလေး ဖွေးဖြူသွားကာ ပါးပြင်ပေါ် မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



တွေ လျှောခနဲ ပြုတ်ကျလာသည်။ သူ စောကို မမှတ်မိတော့ ပါပဲလား။

''ဦးဝန်းမား''

ဒါ စောကြောင့်ဆိုသည့် အတွေးနှင့် ဘာမှစဉ်းစားမနေ တော့ဘဲ စိတ်ထိခိုက်စွာ ဦးဝန်းမား ရင်ခွင်ထဲ စောကိုယ်လေးကို ပစ်လှဲပြီး သူ့ကိုယ်ကြီးကို လွတ်ထွက်သွားမှာစိုးသည့်အလား တအားဖက်ပြီး ငိုချလိုက်သည်။

''ဟိတ်…သတိထားလေ''

စောအပြုအမူကြောင့် စိုင်းဝန်းမား လန့်သွားသည်။

''ဟင့်အင်း…ဟင့်အင်း…စောကို သတိရပါ၊ စောကို မေ့မပစ်ပါနဲ့၊ ဦးဝန်းမားမရှိဘဲ စော မနေရဲဘူး၊ စောကို မထားခဲ့ပါနဲ့''

''စောရယ်''

သူ့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို ငိုနေသော စောကိုယ်လေးကို မြတ်နိုးစွာ တုံ့ပြန်ထွေးဖက်ထားလျက် ချစ်စနိုး သူပြုံးလိုက်သည့်အဖြစ်ကို စော မသိလိုက်ပါ။

သူ့ကို တကယ့် ဆရာဝန်မကြီးတစ်ယောက်လို သူမကို မှတ်မိခြင်းရှိ မရှိ စစ်ဆေးမေးမြန်းနေပုံလေးကို အသည်းယားတာ နှင့် သူမကို ခပ်တည်တည်ပြန်အစမှာ စောက အဟုတ်ထင်ပြီး





သူ့ရင်ခွင်ထဲ အလန့်တကြား ပြေးဝင်ပစ်လှဲ ရှိုက်ငိုခြင်းဖြစ်ပါသည်။

''စောကို မထားခဲ့ပါနဲ့ ဦးဝန်းမားရယ်၊ စောကိုမထား ခဲ့ပါနဲ့''

''မထားခဲ့ပါဘူး စောရယ်''

''ဟင်…ဦးဝန်းမား ပြန်သတိရပြီ''

''ကိုယ် ဘယ်တုန်းကမှ သတိမမေ့ခဲ့ပါဘူးဗျာ၊ စောကို ချစ်လို့စတာပါ''

''စတာ''

''အင်း''

မျက်ရည်တွေနှင့် စောက သူ့ကို ကြောင်တောင်တောင် လေး ပြန်ကြည့်သည်။ သူ ချစ်စနိုး တိုးဖွဖွာရယ်ရင်း စောပါးပြင် လေးကို အသာငုံ့နမ်းလိုက်တော့ စော ပါးလေးတွေ ရဲရဲတောက် သွားပြီး သူ့ရင်ခွင်ထဲက အလန့်တကြား ရုန်းထွက်သည်။

''စောကိုညာတယ်၊ လွှတ်''

''ဟင့်အင်း၊ ချစ်တာတော့ မညာပါဘူးဗျာ''

''ဟင်''

''ကိုကို စောကိုချစ်တယ်''

''အို''

လူနာလုပ်သူက စောကိုယ်လေးကို ပေါ့ပါးစွာ သူ့ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဆွဲယူပစ်လိုက်တာကြောင့် စော လန့်ပြီး ရုန်းဝေမယ့် သူက မလွှတ်ပါ။

"ကိုကို့ကို ချစ်သလား"

"ခေါင်းမှာဒဏ်ရာကြီးနဲ့"

"နှလုံးသားက ဒဏ်ရာက ပိုအရေးကြီးပါတယ်ဗျာ"

ပြောရင်း စောမျက်နှာ လှလှလေးကို မျက်နှာချင်း တိုးဖော့ ရှိုက်နမ်းလိုက်တာမို့ စော ဘာမှမပြောနိုင်ဘဲ သူ့ရင်ခွင်ထဲ မှိန်း ကျပ်သွားသည်။

"အို…တော်ပါတော့၊ တော်ကြာ လူတွေဝင်လာလို့ တွေ့သွားရင်"

"ဘာဖြစ်လဲ၊ အားလုံးကို ကြေငြာပြီးသွားတော့ မကောင်း ဘူးလား"

"အခုမှသတိရကာဆိုတော့ ငြိမ်ငြိမ်နေရင် ပိုကောင်း မယ်ထင်ပါတယ်"

"ကိုကိုက နာတာရှည်လူမမာနဲ့ တူနေလို့လား"

စော မဖြေတတ်ပါ။

သူ့ရင်ခွင်ထဲကသာ ရုက်စနိုး ဖွတ်အတင်းရုန်းထွက်ဖို့သာ ကြိုးစားနေသဖြင့် သူကလည်း စောအကြံကိုသိသလို ပို၍ ရင်ခွင် မှာ နစ်နေအောင် ဆွဲဖက်လျက် စိတ်ရှိလက်ရှိ အားပါးတရ





မျက်နှာချင်းဆိုင် ဖွတ်တိုးဝေ့ ရှိုက်နမ်းပါသည်။

"ကိုကို့ကိုထားပြီး ဘယ်သွားမလို့လဲဆိုတာ ပြောပါ ဦးဗျာ"

"ဟို…ဒါန်တီကို ဦးဝန်းမား သတိရပြီဆိုတဲ့အကြောင်း သွားပြောရမှာမဟုတ်လား"

"ကိုကို မဟုတ်ဘူးလား"

တိုးရှိုက်နင့်မောသော သူ့အသံကို နားမထောင်ရဲ။ နူးညံ့ ပိုလက်သော မျက်ဝန်းတောက်တောက်များ၏ အကြည့်မှာ စော ရင်တွေ တဒုတ်ဒုတ် အခုန်မြန်လျက် အနေရခက်စွာ ရှက်ရွံ့ တုန်လှုပ်နေသည်။

"ချစ်တယ်လို့ပြော"

"ဟို…မမနန်းခေမာ"

"အို"

နှုတ်ခမ်းအစုံ နွေးထွေးနာကျင်သွားသည်။

သူက စောကို စကားဆိုခွင့်မပြုတော့။ မှိန်းနစ်သွားသော အချစ်များကြားမှာ သူ့ကိုယ်ကြီးကို စော အလင်္ကာကြားလေး ဖက်တွယ်ထားမိသည်။

"မဆိုင်တဲ့စကားတွေပြောရင် နောက်တစ်ခါ ပိုဆိုးမယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့…"

"ဘာဖြစ်လဲ"

"စော မချစ်ရဲဘူး"

"ဘယ်သူ့ကိုလဲ"

"ဦးဝန်းမားကို"

"ကိုကိုလို့ ပြန်ခေါ်"

နီရဲစိုစွတ်သော နှုတ်ခမ်းနှစ်လွှာကို မကြည့်ဝံ့သဖြင့် ဖျတ်ခနဲ စော အကြည့်လွှဲသွားပုံကို သူ သဘောကျစွာ ပြုံးလိုက်သည်။

"စောကိုယ်တိုင် ကိုယ့်ကိုယ်ကို ဘယ်သူမှန်းမသိဘဲနဲ့"

"ကိုကို သိနေတာပဲ"

"ဟင်"

အံ့ဩမယုံကြည်နိုင်ဟန်လေးဖြင့် စောက စိုင်းဝန်းမား မျက်နှာချောချောကို ဖျတ်ခနဲ မော့ကြည့်တော့ ရှုန်းစိုတောက်ပသော နူးညံ့ညို့ မျက်ဝန်းအစုံမှာ ရင်ထဲနွေးခနဲဖြစ်သွားသည်။

"စောဘဝကို တကယ်သိနေတာဆိုရင် စောက…စောက…ဘယ်သူလဲဟင်"

ကိုကိုဟုလည်း မခေါ်။

ဦးဝန်းမားလို့လည်း မသုံး။





လိုရင်းစကားလုံးကို ရွေးပြီးသုံးနေသော စောပုံစံလေးက သူ့ကို ပို၍ချစ်မြတ်နိုးစရာ ဖြစ်လာ၏။

"စောက စောပေါ့"

"ရှင်"

"မနက်ဖြန်ပဲ မာမီကို ဖွင့်ပြောလိုက်တော့မယ်"

"မဖြစ်နိုင်တာရှင်"

စောငြင်းဆန်စကားကို သဘောမကျစွာ စောမျက်နှာလှလှလေးကို သူ စိုက်ကြည့်ပစ်သည်။

"ဘယ်သူက မဖြစ်နိုင်တာလဲ၊ ကိုကိုကလား၊ စောကလား"

"နှစ်ယောက်စလုံးပါ၊ ဟော…အပြင်က အသံကြားတယ်၊ စောကိုလွှတ်ပါ"

"ဒီတစ်ခါပဲရမယ်နော်၊ နောက်တစ်ခါဆို မရဘူး"

ပါးပြင်ကို ငုံ့နမ်းပြီး ဖြေအလွှတ်မှာ နီးကပ်လာသည့် ခြေသံကြောင့် တွန့်ကြေနေသော အဝတ်များကို ကမန်းကတန်း ဆွဲဆန့်လိုက်ရသည်။

"ဆရာ…သတိရနေပြီလား"

"အင်း…မာမီရော"

"ဆေးတိုက်ပြီး သိပ်လိုက်ရတယ် ဆရာရယ်၊ တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



လုံး စိတ်ပူနေတာ၊ ဆရာနားကကို မခွာဘူး၊ ဆရာ အခြေအ
ကောင်းတယ်မဟုတ်လား''

''ကောင်းပါတယ်''

အိုက်ပုက မှုပျက်နေသော စောကို လှမ်းကြည့်
ဆရာနှင့် စော အခြေအနေကို သဘောပေါက်သွားကာ အသ
တသိ နှုတ်ဆက်လိုက်သည်။

''မနက်ကျမှပဲ ဟိုလူတွေအကြောင်းဆရာ့ကို မေး
မယ်၊ အခုဆရာလည်း စိတ်ချရပြီဆိုတော့ စိတ်ချလက်ချ သွား
တော့မယ်၊ ဆရာ့နားမှာ မမလေးပဲ စောင့်လိုက်ပါဦးဗျာ''

''ဟုတ်ကဲ့''

''ကျွန်တော်သွားပြီ ဆရာ''

အခန်းတံခါးကို အိုက်ပုကိုယ်တိုင်ဆွဲပိတ်သွားကာမှ
အကြည့်တွေက ဦးဝန်းမားရှိရာ ဖျတ်ခနဲ ရောက်သွားသည်

''ဆွေးနွေးပွဲက မပြီးသေးဘူးနော် စော''

''အို''

''မနက်ဖြန် ကိုကိုလိုချင်တဲ့ အဖြေရမှဖြစ်မယ်၊ အခု
စောလည်း သိပ်ပင်ပန်းနေပြီဆိုတော့ အိပ်လိုက်တော့''

''ဂွတ်နိုက် စော''

''ဂွတ်နိုက်''





သူ့အခန်းထဲက ထွက်လာသည်နှင့် စောတစ်ယောက်
သူမအိပ်ခန်းရှိရာ တအားပြေးသွားကာ မျက်နှာလှလှလေးကို
ခေါင်းအုံးဖြူဖြူလေးထဲ ထိုးအပ်နစ်ကွယ်လိုက်၏။

ရှက်လိုက်တာဟယ်။

ဦးဝန်းမားက စောကိုချစ်တယ်တဲ့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

နေခြည်က ဝင်းပနေ၏။

ကျေးငှက်တို့အော်မြည်သံကြောင့် နိုးထလာသူ၏ အ...

တရားထဲ ပထမဆုံး ဝင်ရောက်လာသူက စောဆိုသည့် မိန်းမ...

လေးဖြစ်သည်။

နူးညံ့အိထွေးသော အတွေ့။

ချိုမြိန်ပြင်းရှသော ရင်ခုန်လှိုက်မောဖွယ် ချစ်အနမ်းတို့...

ပြန်လည်သတိရလိုက်တော့ စိုင်းဝန်းမား တစ်ကိုယ်လုံး ရှိန်း...

နွေးသွားသည်။

''အား...ကျွတ်..ကျွတ်''

ကိုယ်ကိုလှုပ်အရွေ့မှာ ဦးခေါင်းဒဏ်ရာကို သွားထိသ...

ဆစ်ခနဲ နာသွားသည်။ အဖျားသွေးနည်းနည်း ရှိနေပေမယ့် ...





...သန်းနေသည်။

နံနက်အစောကြီး မာမီကိုယ်တိုင် သူ့ကိုလာကြည့်သည်။ ...တ်ချရပြီဆိုမှ ဘုရားခန်းထဲဝင်သွားသည်။ သူ အိပ်ရာမှမထသေး ...ဘဲ ငြိမ်လျက် အဖြစ်အပျက်တွေကို တွေးနေသည်။

စော ဘယ်သူဘယ်ဝါဆိုတာ သူ မသိပေမယ့် သိတဲ့ ...လူတစ်စုက သေချာပေါက်ရှိနေရုံသာမက စိုင်းဝန်းမား လက်ထဲ ...အပင် စောကို လုယူဖို့ ကြိုးစားလာကြသည်။

စော အတိတ်မေ့နေတာကို သိပုံမရ။ ပုံစံတွေကြည့်ရ ...တာ လူကောင်းတွေမဟုတ်တာ သေချာသည်။ ထိုထက်ပို၍ သေချာသည်က, ထိုလူစုမှာ စော၏မိသားစုဝင်များ မဟုတ်ကြ ...ခြင်းပင်။ စောမိသားစုဆိုလျှင် ဒီလိုပုံစံနှင့် ကြမ်းရိုင်းစွာ ပြောဆို ...ပြုမူဆက်ဆံမည်မဟုတ်။

ဒါဖြင့် ထိုလူစုက မည်သူတွေနည်း။ စောကိုမေး၍လည်း ...ရမည်မဟုတ်။ သူမကိုယ် သူမပင် မသိ၍ စိုင်းဝန်းမားက လက်ခံ ...အယ်တင်ထားရသူ။

ရန်သူကိုမြင်၍လည်း မှတ်မိမည်မထင်။ စောနှင့်ပတ်သက် ...ပြီး မကြာခဏ သက်ပြင်းချရသူ ဖြစ်မှန်းမသိဖြစ်လာသည်မှာ ...စောဆိုသည့် မိန်းမလှလေးကို စတွေ့ရသည့်အချိန်ထဲကဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု စောက သူချစ်သူ သူမြတ်နိုးတန်ဖိုးထားရသည့် မိန်းကလေးဖြစ်လာကော ပိုရှုံရင်ပူလာသည်။

"ကျွိုး"

အခန်းတံခါးပွင့်လာ၍ သူလှမ်းကြည့်လိုက်တော့ အိုက်ပု ကို တွေ့လိုက်ရသည်။

"ဆရာ"

"သက်သာရဲ့လား"

"ချက်ချင်းကြီးတော့ ဘယ်ကောင်းနိုင်ပါမလဲကွ၊ အဖျား သွေး နည်းနည်းရှိပေမယ့် လူက လန်းနေပါတယ်"

"ဘယ်သူတွေလဲ ဆရာ၊ ဘာဖြစ်လို့ ဆရာတို့ကို ရန်ရှာ တာလဲ"

"လူတွေကိုတော့ ငါလည်းမသိဘူး အိုက်ပု၊ သေချာ တာက အဲဒီလူတွေအားလုံး ဓားကို သိနေကြတာပဲ"

"မိတ်ဆွေတွေတော့ မဟုတ်တာသေချာတယ် ဆရာ သူတို့ထဲက တစ်ယောက်ယောက်ကို မိလိုက်ရင် စော ဘယ်သူ ဆိုတာ သိမှာပဲ"

"ငါလည်း အဲဒီလိုတွေးမိတယ်၊ မင်းကြိုးစားပြီး လိုက် ရှာကြည့်စမ်းကွာ"





"စိတ်ချပါဆရာ၊ ဆရာသာ ကိုယ့်ကျန်းမာရေး ကိုယ် ...ိုက်ပါ၊ ဆရာသိချင်တဲ့အဖြေရအောင် ကျွန်တော် ကြိုးစား ...တယ်"

အိုက်ပုက စိုင်းဝန်းမားကို သေချာကရုစိုက်ပြီး လိုအပ် ...တွေ ပြုစုလုပ်ကိုင်ပေးသည်။

"ကိုးနာရီကျရင် ဆရာဦးကောင်းဇော် ဆရာကို ...ကြည့်လိမ့်မယ် ဆရာ၊ တခြား ကျွန်တော် ဘာလုပ်ပေးရဦး ...လဲ"

"ရပြီ၊ မင်းသွားစရာရှိတာ သွားလိုက်တော့"

"ကျွန်တော် သွားပြီ ဆရာ"

အိုက်ပု စိုင်းဝန်းမားအခန်းထဲက အထွက်မှာ မာမီနှင့် ...သူဇာ အခန်းထဲဝင်အလာနှင့် ဆုံကြသည်။ အိုက်ပုအမေ ...သူဇာ ကိုယ်တိုင် စိုင်းဝန်းမားအတွက် စွတ်ပြုတ်ပန်းကန် ...လာခြင်းဖြစ်သည်။

"ခေါင်းထဲက နာသေးလား သား"

"နည်းနည်းပါမာမီ၊ ဒါလည်း ဆေးသောက်ရင် ပျောက် ...မှာပါ"

"မသေကောင်း မပျောက်ကောင်း သားရယ်၊ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



လူတွေကများ မာမီ့သားကို ရန်မူချင်ရတာလဲ''

''လူမှားတာပါ မာမီ''

မာမီစိတ်အေးအောင် ပြောလိုက်သည်။

''မှားစရာလူ ရှားလို့ကွယ်၊ ရဲစခန်းတိုင်ရင် အကျယ်…
သလို ဖြစ်မှာစိုးလို့သာ ငြိမ်နေရတာ၊ မာမီတော့ အဲဒီလူတွေ…
လုံးဝမကျေနပ်ဘူး''

မာမီ မကျေနပ်သလို စိုင်းဝန်းမားလည်း မကျေနပ်…
သို့သော် စောကို မည်သည့်အန္တရာယ်မှ ကျရောက်ခြင်းမရှိအော…
စောင့်ရှောက်ကာကွယ်ခွင့် ရလိုက်ရခြင်းကိုတော့ အထူးကျေ…
မိသည်။

''စွတ်ပြုတ်လေးသောက်လိုက်ဦး သား''

မာမီ စိတ်ကျေနပ်စေရန် ဒေါ်သူဇာ လက်ထဲက စွတ်ပြု…
ပန်းကန်ကို စိုင်းဝန်းမား လှမ်းယူလိုက်သည်။

''နန်းခေမာလည်း သားကို လူနာသတင်း လာ…
လိမ့်မယ်ကွဲ့''

စွတ်ပြုတ်ရည်သောက်မည့်ဇွန်းက လေထဲမှာ တစ်…
တစ်ပျက် ရပ်တန့်သွားကာ မျက်ခုံးတွန့်သွားသည်။ အခုချိန်…
နန်းခေမာကို သူ မတွေ့ချင်။





သူ အတွေ့ချင် အမြင်ချင်ဆုံး မျက်နှာလေးမှာ စော ဖြစ်ပြီး စောအသံ စောဟန်လေးများကိုသာ မျက်တောင်မခတ် ကြည့်မြင်လိုသူဖြစ်သည်။

''သူ ဘယ်လိုလုပ်ပြီး ကျွန်တော့်ကိစ္စကို သိသွားတာလဲ မာမီ''

''ဆရာဝန်ကြီး ဦးကောင်းဇော်ကို အိုက်ပု သွားပင့်တုန်းက အဲဒီမှာ နန်းခေမာရဲ့ အဒေါ် ရှိနေတယ်တဲ့၊ ခဏတဖြုတ်တော့ တွေ့လိုက်ပါကွယ်၊ သားတို့ကိစ္စက ဘာတစ်ခုမှ ပြတ်ပြတ်သားသား မဆုံးဖြတ်ရသေးဘူး မဟုတ်လား''

''စောကိုပဲ ကျွန်တော် လက်ထပ်မယ် မာမီ''

''ဒါက သားအပိုင်းလေ၊ နန်းခေမာဘက်က သဘောကိုလည်း ထည့်တွက်ရဦးမှာပေါ့''

မာမီစကား မှန်နေသဖြင့် စိုင်းဝန်းမား ဘာမှထပ်မပြော တော့ဘဲ စွတ်ပြုတ်ကို ငုံသောက်လိုက်သည်။

သူနှင့်ပြဿနာဖြစ်ပြီးကတည်းက ခေမာရင်ကို နန်းခေမာ မလာတော့။ အခု ပထမဆုံးရောက်လာခြင်းဖြစ်သည်။

''သိပ်လည်း စိတ်ညစ်မနေပါနဲ့ သားရယ်၊ ဖူးစာဆိုတာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ချင်မှဖြစ်တာမျိုးပါ၊ သားအတွက် ဖူးစာရှင်



www.burmeseclassic.com

www.burmeseclassic.com



အစစ်အမှန်ဆိုတာ ဘယ်သူဆိုတာ အချိန်က ဖြေပေးသွားပါလိမ့်မယ်''

မာမီက စိုင်းဝန်းမား စိတ်ခံစားချက်ကို နားလည်သလို ကြင်နာစွာ နှစ်သိမ့်စကားဆိုလိုက်သဖြင့် စိုင်းဝန်းမားရင်ထဲ အနည်းငယ် ပေါ့ပါးသွားသည်။

''သား အနားယူလိုက်ဦး၊ မာမီတို့ သွားလိုက်ဦးမယ်''

''စားချင်တာရှိရင် ဘာဖြစ်ဖြစ် ဒေါ်သူဇာကို ပြောနော် ကလေး''

''ဟုတ်ကဲ့''

မာမီက အရင် စိုင်းဝန်းမားအခန်းထဲက ဦးလှိုင်ဖြင့် ထွက်သွားသည်။

''စောရော ဒေါ်သူဇာ''

''အယ်နာနဲ့ ဈေးသွားတယ် မောင်ဝန်းမား''

''ဈေးကို''

စိုင်းဝန်းမားရင်ထဲ ဇဝေဇဝါ ရင်ပူသွားသည်။ သူမအနားမှာ မားမားမတ်မတ် ကာကွယ်စောင့်ရှောက်ရမည့် ယောကျ်ားသား မပါဘဲနှင့် အယ်နာဆိုသည့် ကလေးမလေးနှင့် လူအများ စည်ကားရှုပ်ထွေးနေသော ဈေးကို ဘာကြောင့်သွားရသနည်း။





သူမအပေါ် အချိန်မရွေးကျရောက်လာနိုင်သည့် အန္တရာယ်ကို သူမ သတိမရတော့ဘူးလား၊ အခုလည်း သူ့ကြောင့် စိုင်းဝန်းမား ကိုယ်တိုင် အိပ်ရာပေါ်ရောက်နေသည်။

သူ့မျက်ကွယ်မှာ စောသာ တစ်ခုခုဖြစ်သွားလျှင်။

''သူတို့သွားတာ ကြာပြီလား ဒေါ်သူဇာ''

''သိပ်မကြာသေးပါဘူး မောင်ဝန်းမား၊ ဘာဖြစ်လို့လဲ''

''အိုက်ပုရော''

''စောစောကပဲ သူကား ထွက်သွားပြီကွဲ့''

ကိစ္စကတော့ ပြတ်ပြီဟု တွေးလိုက်သည်။ အိုက်ပု ကိုယ်တိုင်လည်း စောတစ်ယောက် အယ်နာနှင့် ဈေးလိုက်သွားတာ သိပုံမရ။

သူ ဘယ်လိုမှ ငြိမ်နေလို့မရတော့ဘဲ ခုတင်ပေါ်က ဆင်းလိုက်သည်။ စောမျက်နှာလေးကို အချိန်မီမမြင်ရလျှင် သူ့ရင်တွေ ပေါက်ကွဲလွင့်စင်သွားတော့မည်ထင်သည်။

သူ အခန်းထဲအထွက်မှာ ဒေါ်သူဇာမျက်နှာမှာ အံ့သြခြင်းတို့ဖြင့် စိုးရိမ်သွားတာမြင်ရသည်။

''ခေါင်းက ဒဏ်ရာကြီးနဲ့ ဘယ်သွားမလို့လဲ မောင်ဝန်းမား''



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားရောက်ပါ ဒေါ်သူဇာ၊ ကျွန်တော် အပြင်သွားတာ မာမီကိုမသိပါစေနဲ့"

"ဒါပေမဲ့ ဆရာဝန်ကြီးက…"

"စိတ်ချပါ၊ ကျွန်တော် အခုပဲ ပြန်လာမှာပါ"

"မောင်ဝန်းမား"

ခြေလှမ်းကျဲကြီးတွေက ရပ်ထားသော သူ့ကားပေါ် ရောက်သွားသည်။ ဒေါ်သူဇာ သူ့နောက်က ပြေးလိုက်လာမှန်း သိပေမယ့် လှည့်မကြည့်၊ ကားကို ဝေါခနဲ မောင်းအထွက်မှာ အိမ်ပေါက်ဝတွင် ရပ်ကျန်ရစ်သော ဒေါ်သူဇာကို လက်တစ်ဖက် မြှောက်ပြခဲ့သည်။

အခုချိန်မှာ သူ့ရင်ထဲက ခံစားချက်တွေကို ဘယ်သူမှ စာနာနားလည်နိုင်မှာမဟုတ်။ သူ့ကို မျက်နှာချင်းမဆိုင်ရဲတာနှင့် အယ်နာနှင့်အတူ ဈေးကို ဘုမသိဘမသိ မကြောက်မရွံ့ လိုက် သွားသော စောကိုလည်း တုတ်ဖြင့် ခပ်ဆတ်ဆတ်လေး ရိုက်ချင် သည်။

သူမကြောင့် စိုင်းဝန်းမား ဒဏ်ရာရခဲ့တာ မသိလို့လား။ ရန်သူရှိသည့်နေရာကို တည့်တည့်သွားဖြစ်အောင် သွားလိုက်သေး သည်။





"တီ"

"စိုင်း"

နန်းခေမာ ပါလား။

သူ့ကားနား ဝေါခနဲရောက်လာသည့် ကားက တခြားသူ့ ကား မဟုတ်ဘဲ နန်းခေမာကား ဖြစ်နေသဖြင့် စိုင်းဝန်းမား မရယ် မပြုံး တစ်ချက်ကြည့်ပြီး ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

ကားကို ဝေါခနဲ အရှိန်မြှင့်လိုက်တော့ နန်းခေမာကား က သူ့ကားနောက်က ထပ်ကြပ်ပါလာသည်။ သူ ဂရုမစိုက်။ စောနှင့် သူ့အခြေအနေကို နန်းခေမာ တွေ့လျှင် သူ့အလိုလို လက်လျှော့သွားလိမ့်မည်။

သီးသန့်ခေါ်ရှင်းနေစရာ မလိုတော့။ ဒါလည်း တစ်မျိုး ကောင်းသည်။ ကားကို ဈေးရှေ့အရောက် မောင်းအလာမှာ အယ်နာနှင့်အတူ ဈေးထဲကထွက်လာသော စောကို အဖြူရောင် ယုန်မွေးအင်္ကျီလေးဖြင့် တွေ့လိုက်ရသည်။

သူ ဘာမှစဉ်းစားနေခြင်းမပြုဘဲ ကားကို စောနှင့်အယ်နာ နား ကွေ့ခနဲ ထိုးဆိုက်ရပ်တန့်ပစ်လိုက်သည်။

"ဦးဝန်းမား"

"ကားပေါ်တက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ရှင်''

သူ့ကိုမြင်လိုက်တာနှင့် စောမျက်နှာလှလှလေးက ဖွေးခနဲ ဖြူသွားရာမှ မျက်ဝန်းချင်းအဆုံမှာ ပါးလေးတွေ ရဲရဲနီရွေးသွားပုံကို မြတ်နိုးအသည်းယားစွာ သူ စိုက်ကြည့်ပစ်လိုက်သည်။

''ကားပေါ်တက်ဆိုတာ မကြားဘူးလား''

ကားတံခါးကို စိုင်းဝန်းမားကိုယ်တိုင် ဖွင့်ပေးလိုက်တာမို့ စောတာစံယောက် လေးကန်တွန့်ဆုတ်သော ခြေအစုံဖြင့် သူ့ကားပေါ် မဝံ့မရဲလေး ရောက်လာသည်။

''နိုင်း''

စိုင်းဝန်းမားကား နေရာက ဝေါခနဲပြေးထွက်အသွားမှာ နန်းခေမာ နှုတ်ဖျားက သူ့မဝံ့စံဖက်သသချစ်မြတ်နိုးသူ၏ အမည်ကို စိတ်ထိခိုက်စွာ ခပ်တိုးတိုးလေး ခေါ်မိလျက်သားဖြစ်သွားသည်။

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့်လူက နန်းခေမာကို တစ်ချက်လှည့်မကြည့်။ ဒဏ်ရာကို ဂရုမစိုက်ဘဲ မျှော်လာသည့် စောနှောက်ကို အပြေးလိုက်လာသည်ဆိုတော့ စိုင်းဝန်းမားရင်ထဲက စောအပေါ် ထားရှိသည့် ချစ်မြတ်နိုးမှုအတိုင်းအတာကို နန်းခေမာ ချက်ချင်းသဘောပေါက်သွားသည်။



သူမ၏စိတ်ကူးယဉ်အနာဂတ်လှလှလေးက ဒီနေရာမှာပင် တစ်စစီ တစ်ခုစီ အစိတ်စိတ်အမွှာမွှာ ကွဲကြေစုတ်ပြတ်သွား၏။

မွေးခနဲ စိုစွတ်သွားသည့် မျက်ရည်စီးကြောင်းကို မတားမြစ်မိ။ ထာဝရဆုံးရှုံးလိုက်ရပြီဆိုသော အသိတရားအောက်မှာ နန်းခေမာ နှလုံးသားတစ်ခုလုံး အမှောင်အတိကျသွားသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကားက တရိပ်ရိပ်ပြေးနေသည်။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် လူမမာက မျက်နှာထားတည်တည်ဖြင့်။ အိပ်ရာထဲနေရမည့်အချိန်မှာ ကားကို ဦးတည်ရာမဲ့ စွတ်မောင်းနေ၏။

အပြစ်ရှိသူမှာ စောကိုယ်တိုင်ဖြစ်နေသည့်အတွက် သူမအပေါ် စိတ်ဆိုးဒေါသဖြစ်နေပုံရသူအား ဘယ်နေရာကနေ ဘယ်လိုစကားစရမှန်း မသိသဖြင့် ကားမောင်းနေသူ၏မျက်နှာချောချောကိုသာ မကြာခဏ ခိုးခိုးကြည့်နေမိသည်။

စောသိထားသည်က သူ့ကို ဆေးကုသပေးသည့် အထူးကုဆရာဝန်ကြီး ဦးကောင်းဇော် မနက် ကိုးနာရီ ခေမာရင်ကိုလာမည်။ လိုအပ်တာတွေ ထပ်မံစစ်ဆေးပြီး ဆေးကုသမည်။

ကား၏ဦးတည်ရာက ခေမာရင်မဟုတ်သဖြင့် စောကိုပို၍အနေခက်စေသည်။

ဦး မိုး ဝငေပ



"ဘယ်ကိုသွားမလို့လဲဟင်"

"ကမ္ဘာဆုံးတဲ့အထိ"

"အို"

စိတ်ညစ်သည့်ကြားမှ သူ့အဖြေကို စော ပြုံးမိတော့ မလိုလိုဖြစ်သွားသည်။ စကားပြော တိုဆတ်သူ၊ လူကိုယ်တိုင် ခပ်တည်တည် အမြဲနေတတ်သူက ဒီလိုကျတော့ ကလေးဆိုးနှင့်တူသည်။

"ကိုးနာရီ ဆရာဝန်ကြီးလာမယ်လို့ အန်တီကို ပြောထားတယ်"

ဦးဝန်းမားဟူ၍လည်း မခေါ်။

ကိုကိုဟုလည်း မသုံး။

ဘာနာမ်စားမှမပါဘဲ သူမ ပြောချင်သည့်စကားကို ပြောနေသူကို စိုင်းဝန်းမား ဘာမှမပြောဘဲ လူရှင်းသည့်နေရာရောက်မှာ ကားကို လမ်းဘေးသို့ တအားဆွဲကွေ့ရပ်လိုက်၏။

"အဲဒါ ကိုယ်က ဘာလုပ်ရမှာလဲ"

"ဆေးကုရမှာပါ"

စောမျက်နှာလေးကို သူစိုက်ကြည့်ပစ်လိုက်သည်။ အကြည့်ချင်းအဆုံမှာ စောထံမှ ရှက်အမ်းအမ်းအမူအရာက သူ့ရင်ကို အခုန်မြန်စေသည်။

"စိုးရိမ်တတ်ရင် ဘာလို့ ဒီကို တစ်ယောက်တည်း

ဦး မိုး ဝငေပ

www.burmeseclassic.com

www.burmeseclassic.com



လာလဲ''

''အယ်နာနဲ့ နှစ်ယောက်ပါ''

''သြော်..တော်တော်သတ္တိရှိနေတယ်ပေါ့ ဟုတ်လား''

စော မဖြေပါ။

ပြောစရာအဖြေလည်း မရှိ။

တကယ်တော့ သူနှင့်မျက်နှာချင်းဆိုင်ရမှာ ရှက်တာနှင့် ကြံမိကြံရာ အယ်နာနှင့် ဈေးကိုလိုက်လာခြင်းမျှသာ။

''အဲဒါက..ဟို..ဟို''

''ကိုကို့ကို မတွေ့ချင်လို့ ရှောင်တာမဟုတ်လား''

''မဟုတ်ပါဘူး''

ခပ်တိုးတိုးငြင်းပယ်လိုက်ပေမယ့် စိုင်းဝန်းမားပြောတာ အမှန်ဖြစ်နေသည့်အတွက် သူ့အကြည့်တွေကို ရင်မဆိုင်ရဲစွာ စောက အရင်ဆုံး ခေါင်းငုံ့မျက်နှာလွှဲပစ်သည်။

ဒီနှုတ်ခမ်းတွေ၊ ဒီအကြည့်တွေအောက်မှာ စောနှလုံးသား တွေ လွင့်စင်ပေါက်ကွဲမတတ် ရင်ခုန်ရှက်လန့်ခဲ့တာကို ဘယ်သော အခါမှ မေ့မည်မထင်။

''စော''

''အို...နေပါဦး''

ရင်ခွင်ထဲ ထွေးခနဲဆွဲယူသိမ်းအပွေ့မှာ သူ့ရင်ဘတ်ကို လက်လေးနှစ်ဖက်ဖြင့် ထောက်ထားလျက် အလန့်တကြားဆိုမိ





သူက စောဖြစ်သည်။

''ဘာလဲ''

''ဟို...လမ်းပေါ် လူမြင်ကွင်းကြီးမှာ''

''စိတ်ချပါဗျာ၊ ဒီနေရာမှ စောနဲ့ကိုကိုကလွဲပြီး တခြား ဘယ်သူမှမရှိပါဘူး''

''အို''

အသံလေးတွေ တိတ်သွားသည်။ အေးစက်နေသော စော သားလေးတွေ နွေးထွေးသွားသည်။

''စော''

မျက်နှာလေးငုံ့ချထားသဖြင့် ကာကွယ်သလိုဖြစ်နေသော ဆံနွယ်ရှည်တွေကို သူ သပ်တင်ပေး၍ မေးဖျားလေးကို မော့ယူ လိုက်သည်။

စောက မျက်နှာတိမ်းဖယ်ဖို့ ကြိုးစားတော့ ပခုံးနှစ်ဘက် ဆွဲယူကာ အတင်းအကြပ်ပဲ မျက်နှာချင်းဆိုင်ကြည့်သည်။

''လက်ထပ်ကြမယ်နော် စော''

''စော မပြောတတ်ဘူး''

''ကိုကိုပြောတာပဲ နားထောင်ရင်ရပြီပဲ စောရယ်၊ မာမီ ကိုလည်း စောနဲ့လက်ထပ်မယ့်အကြောင်း ဖွင့်ပြောခဲ့ပြီးပြီ''

''ရှင်''



www.burmeseclassic.com

www.burmeseclassic.com



"မစိုးရိမ်ပါနဲ့ဗျာ၊ မာမိက စောနဲ့ကိုကို့ကို သဘောတူပြီးသားပါ"

"ဒါပေမဲ့..."

"ဘာဖြစ်လဲ စော"

စိုက်ညို့နေသည့် မျက်ဝန်းနက်များနှင့် အဆုံမှာ စောထံမှ ပြောစရာစကားများ ရုတ်တရက် ပျောက်ဆုံးသွားသည်။

"စော ကြောက်တယ်"

"ကိုကို့ကိုလား"

"စော မသိနိုင်တဲ့ အရာအားလုံးကိုပဲ၊ တစ်နေ့ကျရင်..."

"တော်ပြီ စော၊ ပျော်ရမယ့်အချိန်မှာ စိတ်ညစ်စရာစကားတွေ ကိုကို မကြားချင်ဘူး၊ ကိုကိုက စောကိုချစ်တယ်၊ စောက ကိုကို့ကိုချစ်တယ်၊ ဒါဆို လုံလောက်ပြီ၊ ကိုကို့ကို ချစ်တယ်နော်"

"စော မသိတော့ဘူး ကိုကိုရယ်၊ တစ်နေ့ စောကိုသာ ကိုကို မုန်းမသွားပါနဲ့လို့ပဲ ပြောချင်တယ်"

"စိတ်ချပါဗျာ၊ ကိုကိုကတော့ စောကို ဘယ်တော့မှ မုန်းမှာမဟုတ်ပါဘူး၊ စောကသာ..."

"စောက ဘာဖြစ်လဲဟင်"

"ဟင့်အင်း၊ ချစ်တယ်လို့ပြောတာ"





"အို"

စောလက်လေးတွေက သူ့ကိုယ်ကြီးကို မမီမကမ်းလေး ပြန်ဖက်ထားလိုက်ခြင်းဖြင့် သူမရင်ထဲက အချစ်ကို ဖော်ပြပါသည်။ မဆုံးနိုင်သော အနမ်းများဖြင့် ချောမွေ့ဖြားယောင်းခဲ့သည့် ညထဲက စော ကျဆုံးခဲ့ပြီးပါပြီ။

ကိုကို့ကို စောချစ်သည်။

"လွှတ်တော့ ကိုကိုရယ်၊ စော အသက်ရှုကျပ်လာပြီ"

"ကိုကို့ကိုချစ်တယ်လို့ ပြောဦးလေ"

"သိပ်ဆိုးတဲ့ ကိုကို့ကို စော မုန်းပါတယ်"

အမုန်းစကားဆိုသည့် မျက်နှာလေးက ပြုံးချိုနေသဖြင့် မြတ်နိုးစွာ သူ့ ရင်ခွင်မှာ ပိုက်ထွေးယုယမိသည်။

"ပိုမုန်းသွားအောင် ပြစားဦးမှထင်တယ်"

"အို...ကိုကို"

အားမပါသော လက်သီးဆုပ်လေးများက စိုင်းဝန်းမားရင်ဘတ်ကို ထုရိုက်ရင်း စောတစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ငြိမ်သက်သွားသည်။

ခေမာရင့်ကို ပြန်ရောက်တော့ ချစ်သူအလိုဆန္ဒအတိုင်း ကိုကို့အနားမှာ စောနေရသည်။ လူနာက ဆေးကုသချိန်မှအပ တစ်ချိန်လုံး စောလက်လေးကိုဆွဲကိုင်၍ အနမ်းသူခိုးလုပ်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စောမှာ ရှက်ရှက်ဖြင့် ချစ်သူရင်ခွင်မှာ သူမ မျက်နှာလှလှလေး ဝှက်ကွယ်ရှောင်ပုန်းတော့ သူက ချစ်စနိုးရယ်သည်။

နန်းခေမာက ခေမာရဋ္ဌ်ကို လူနာသတင်းမေးပင် ရောက် မလာတော့။ စောကို တစ်ချိန်လုံး မျက်စိအောက်က အပျောက်မခံ နိုင်အောင် သည်းသည်းလှုပ်နေသော စိုင်းဝန်းမား အချစ်ကို အိမ် လူအားလုံးက ကျေကျေနပ်နပ်ပင် မသိဟန်ဆောင်နေကြသည်။

"ကိုကို့ကြောင့် အားလုံးသိကုန်ကြပြီ"

"ဘာကိုလဲ"

"ကိုကိုနဲ့စော ချစ်နေတာကိုပေါ့"

"ဖြစ်နိုင်ရင် တစ်ကမ္ဘာလုံးသိအောင် ကြေညာရမှာ စောသာလျှင် ကိုကို့ရဲ့တစ်ဦးတည်းသော ချစ်သူဖြစ်ကြောင်း"

"ကိုကိုရယ်"

ချစ်သူရင်ခွင်မှာ မျက်နှာအပ်မိသည်။ ဦးခေါင်းကဒဏ်ရာ သက်သာသွားပြီးဖြစ်သလို အဖျားလည်း မရှိတော့သဖြင့် ချစ်သူ နှစ်ဦး အတူမခွဲ တစ်တွဲတွဲပျော်နေကြသည်။

အတိတ်ခရီးကို စော ပြန်သတိရသွားချိန်မှာ စော သူ့ကို ထားသွားနိုင်မှန်းသိသိနှင့် ချစ်သူကို ချစ်သည့်စိတ်တစ်ခုတည်း ဖြင့် စိုင်းဝန်းမား လက်ထပ်လိုက်သည်။

စိုင်းဝန်းမား ပျော်နေတာကိုကြည့်ပြီး အားလုံးပျော်ကြ





သည်။ အဖြူရောင် ဇာဂါဝန်ရှည် သတို့သမီးဝတ်စုံဖြင့် လှချင် တိုင်း လှနေသူကို တစ်ချိန်လုံး ချစ်မြတ်နိုးစွာ လိုက်ကြည့်နေသူ က စိုင်းဝန်းမားဖြစ်သည်။

သူ့ဘဝတစ်သက်တာမှာ မိန်းကလေးတစ်ယောက်ကို ဤမျှ ချစ်မြတ်နိုးသွားလိမ့်မည်ဟု သူကိုယ်တိုင်ပင် မယုံကြည် နိုင်ခဲ့။ အမှန်တကယ်ပင် ချစ်မြတ်နိုးလာမှ ကိုယ်တိုင်အံ့သြခဲ့ရသည်။

ရင်ခုန်ပျော်ရွှင်ခဲ့ရသည်။

စောနှင့်ပတ်သက်သော ရင်ခုန်ပျော်ရွှင်မှုမျိုး တခြား ဘယ်လိုနေရာကမှ မရနိုင်တာလည်း သူပဲသိသည်။

စော သိပ်လှတာကို သူသိသည်။ သို့သော် အခုမြင်တွေ့ နေရသော စောက သူမြင်နေကျ စောထက် အဆပေါင်း မြောက်မြား စွာ ပို၍လှနေသည်။

မည်းနက်ရှည်စက်သည့် စောမျက်လုံးလေးတွေကို ငုံ့မိုး စိုက်ကြည့်ရင်း ရင်ခုန်သံတွေ မြန်လာသည်။ နီရဲပြည့်ဖောင်းသော နှုတ်ခမ်းလေးကို လက်ဖြင့် ဖွဖွထိတို့လိုက်တော့ လှပသော စော မျက်ဝန်းအစုံက ဖျတ်ခနဲ ပိတ်ကွယ်သည်။

"ဘာလုပ်တာလဲကွ၊ ဒီမှာကြည့်နေတယ်၊ မျက်လုံး ပြန်ဖွင့်စမ်းပါဗျာ"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



စောက မျက်လုံးမဖွင့်ရုံမကတော့ဘဲ သူမကိုယ်လေး[illegible]ပါ သူ့ရင်ခွင်ထဲက ရုန်းထွက်သွားသဖြင့် သူမ ဝေးဝေးမပြေးနိုင်အောင် အချိန်မီသည်ဆိုရုံ ကမန်းကတန်း ဖမ်းဆွဲ၍ ရင်ချင်းအ[illegible]ပစ်လိုက်ရသည်။

''ကိုကို့ကို တစ်ယောက်တည်းထားပြီး ဘယ်သွားမ[illegible]လဲ''

''သိဘူး''

စောမျက်နှာလှလှလေးထံ သူ့မျက်နှာ ဖွတ်တိုးဝင်ပြီးမေးတော့ စောထံမှ လှပသော အချစ်မျက်စောင်းက ဒိုင်းခ[illegible]ရင်ကို လာစိုက်သည်။

''စောရယ်''

''အို··ဟင့်အင်း''

သူဟာ စောခင်ပွန်း ဖြစ်နေပြီမှန်း စိတ်ကလက်ခံထားသော်လည်း တကယ်တမ်း နွေးထွေးသော အနမ်းများ ဖွဲ့တည်လာသောအခါ ရှက်လန့်တုန်ယင်စွာ ငြင်းဆန်ရင်း အချစ်[illegible]အလင်္ကာတစ်ပုဒ်ကို ချစ်သူရင်ခွင်ထဲမှာပင် သူဆိုသွားသည့်အတိုင်းမဟုတ်ဘဲ အမှားမှားအယွင်းယွင်း မညီမညာလိုက်ဆိုသူအဖြစ်ရှက်ရွံ့ရင်ခုန်စွာ မျက်ဝန်းအစုံကို စေ့ပိတ်ပစ်လိုက်သည်။

◆ ◆ ◆



## အခန်း (၁၅)

''ဘယ်လိုလုပ်ကြမလဲ မောင်ဝန်းမား၊ ဒေါ်သူဇာပါလိုက်ခဲ့ရမလား''

''ကျွန်တော် ကိုယ်တိုင်သွားမှာဆိုတော့ ဒေါ်သူဇာ မာမီနားမှာပဲ နေပါ၊ အိုက်ပုအခြေအနေ စိတ်ချရပြီဆိုမှ ခေမာရဋ္ဌ်ကို ပြန်ခေါ်လာခဲ့ပါမယ်''

ဒေါ်သူဇာက မျက်ရည်လေးတစမ်းစမ်း။

အားလုံး သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။

ဟန်းနီးမွန်းခရီးအ[illegible]က် ကြိုတင်ပြင်ဆင်ထားသမျှ အိုက်ပုသတင်းကြောင့် ဖျက်လိုက်ရသည်။

မိုင်းမောကိုအသွားမှာ အိုက်ပုစီးသည့်ကား မှောက်သွားသည်။ လူနာအခြေအနေ ဘယ်လိုရှိမှန်းမသိသဖြင့် စိုင်းဝန်းမားကိုယ်တိုင် လိုက်သွားဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စော နေခဲ့နော်"

"ဟင့်အင်း…ကိုကို့ကိုလည်း စော စိတ်မချဘူး၊ ကိုကို သွားတဲ့နောက် ဘယ်နေရာဖြစ်ဖြစ် စောလိုက်မှာပဲ"

"စောရယ်"

သူ့လက်မောင်းတစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လျက် မော့ကြည့်နေသော စောမျက်နှာလေးကို ချစ်မြတ်နိုးစွာ ငုံ့ကြည့်သည်။ သီဝေ့နေသော မျက်ရည်စလေးများ၏ အကြည့်က စိုင်းဝန်းမား ရင်ကိုလာထိသည်။

"ကိုကို"

"စော ကိုကိုနဲ့လိုက်မယ်ဆိုတဲ့အကြောင်း မာမီကို ပြောခဲ့နော် ချစ်"

"ဟုတ်"

ကလေးတစ်ယောက်လို ပျော်ရွှင်သွားသည့် စောပါးပြင်နုကို ဖွဖွငုံ့နမ်းလိုက်သည်။ မာမီက စောကို နားလည်စွာခွင့်ပြုသဖြင့် ခေမာရဋ္ဌက သူတို့ထွက်ခဲ့ကြသည်။

အိုက်ပုအတွက် စိုးရိမ်သည်မှန်သော်လည်း တစ်လမ်းလုံး စောက ပျော်နေသဖြင့် သူပါ စောနှင့်အတူ ကြည်နူးပျော်ရွှင်ခဲ့မိသည်။

ဤမျှ ချစ်စရာကောင်းသော ဇနီးသည်လုလုလေးကို





လက်ဆောင်ပေးသော ကံတရားကိုလည်း ကျေးဇူးတင်မိ၏။

"ကိုကို"

"ဗျာ"

"ဟိုရောက်ရင် စောကလွဲပြီး တခြားဘယ်ကောင်မလေးကိုမှ မကြည့်ရဘူးနော်"

"သဝန်တိုတာလား"

"ဒါပေါ့"

ပြုံးနေသည့် စောမျက်နှာလေးကို ချစ်စနိုးပြုံးကြည့်ရင်း ရင်တစ်ခုလုံး အချစ်စိတ်တို့ပြည့်သိပ်သွားသည်။

"စောလည်း ကိုကိုကလွဲပြီး တခြားကောင်လေးတွေကို မကြည့်ရဘူး"

"စောဘက်ကတော့ စိတ်ချပါနော်၊ ကိုကိုသာ…"

"ကိုကိုက ဘာဖြစ်လဲ"

စော ရုတ်တရက် မဖြေဘဲ သူ့ကိုစိုက်ကြည့်၍ ငြိမ်နေပြီးမှ

"စောတို့ အခုသွားမယ့်ဆေးရုံမှာ ကိုကို့ရဲ့ ရည်းစားဟောင်း ဒေါက်တာမမရှိနေတယ်တဲ့"

"သူငယ်ချင်းပါဗျာ၊ ဘယ်ကရည်းစားရမှာလဲ"

တိုးတုန်သွားအသံလေးနှင့် စိတ်မချဟန် လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဟန်လေးက စိုင်းဝန်းမားကို ပိုစွဲငြိသွားစေသည်။

"ဒါကြောင့် ယောကျ်ားကို စိတ်မချနိုင်ဘဲ လိုက်လာတာ ပေါ့လေ ဟုတ်လား"

"ကိုကိုဆိုရင်ရော"

"စောထက် ပိုဆိုးမှာပေါ့ဗျာ"

"နေစမ်းပါဦး၊ ခင်ဗျားလေးက ဒါတွေဘယ်လိုသိလာ တာလဲ"

"အိုက်ပု ဆေးရုံရောက်နေတာ မမစင်သီယာပဲ ဖုန်းဆက် ပြောတာလေ၊ ဖုန်းစကိုင်တဲ့လူက စောပဲ၊ ကိုကို့ကို မားလို့ ခေါ်ကတည်းက သဘောပေါက်ပြီးသား"

"အဟွန်း..ဟွန်း...ကိုကို့မိန်းမက စုံထောက်လုပ်လို့ ရပြီပဲ၊ ရိုးရိုးသားသား ခင်တာပါဗျာ၊ ချစ်သူတွေဆို စောနဲ့ ဘယ် လက်ထပ်မှာလဲ"

"ဒါပဲနော်၊ စောပေါ်မှာ သစ္စာရှိရမယ်"

"စိတ်ချပါဗျာ"

"ဟိုရောက်ရင်လည်း ခဏခဏ မရယ်ရဘူး"

"အကြောင်းပြချက်ကို အရင်ပြောပါဦးဗျာ"

စောထံမှ ဘာသံမှထွက်မလာဘဲ ပါးလေးတွေ ရွှေးရွှေး နီသွားကာ ရှက်အမ်းအမ်း အမူအရာဖြင့် သူ့ကို ဖျတ်ခနဲ လှမ်း





ကြည့်တာမို့ စော၏ မရိုးသားပုံလေးကို အသည်းယားသွားသည်။

"ဟိတ်...မေးတာဖြေလေ"

"အို...ကိုကိုက ရယ်နေတော့ သူက သဘောကျတယ် ထင်မှာပေါ့"

"ဘာကိုသဘောကျရမှာလဲ၊ အကြောင်းပြချက် မခိုင်လုံ သေးဘူးနော် ကလေးမ၊ မလိမ်ညာတတ်ဘဲနဲ့ လိမ်ညာပြောရင် ကိုကိုက ခွင့်မလွှတ်ဘူးနော်"

"ပြောစမ်း...ကိုကိုရယ်တော့ ဘာဖြစ်လဲ"

"အို...ကိုကိုက ရယ်လိုက်ရင် သိပ်ချစ်စရာကောင်းတာ သူသိသွားမှာစိုးလို့ပေါ့လို့၊ တကယ်မဲ့ မဖြေချင်တာကို ဖွတ်လိုက် ဖြေခိုင်းနေတယ်"

"စောလေးရယ်"

သူ ဘယ်လိုမှ စိတ်မထိန်းနိုင်ဘဲ ကားကို လမ်းဘေး ထိုးရပ်ပစ်လိုက်ပြီး စောကိုယ်လေးကို ရင်ခွင်ထဲ သိမ်းပွေ့ပြီး ပါးလေးကို ရှိုက်နမ်းလိုက်သည်။

"သိပ်ချစ်ဖို့အောင် မပြောနဲ့ကွာ၊ ကြာရင် လိုရာခရီး မရောက်ဘဲ ဖြစ်ကုန်မယ်"

"သွား...ကိုကိုရှူဆိုးကြီး"

"အဟွန်း..ဟွန်း..ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကားလေး လမ်းအတိုင်းပြေးထွက်သွားသည်။ ကြင်စဦး ဓနီးမောင်နှံ၏ ရယ်မောသံလေးတွေကလည်း နောက်ပါးမှာ မင်္ဂလာရှိစွာ စီးမျောကျန်ခဲ့သည်။

"မား"

"ဩော်…စင်သီယာ၊ နေကောင်းတယ်နော်"

"ကောင်းပါတယ် မားရယ်၊ ဒါ နှင့်အမျိုးသမီးလား"

"အေး..စောတဲ့၊ စော..ဒါ ကိုကို့သူငယ်ချင်း စင်သီယာ"

"ဟုတ်ကဲ့"

"လှလိုက်တာ မားရယ်၊ ကြွေရုပ်လေးကျနေတာပဲ၊ ဒါကြောင့် လူပျိုကြီး ရှာန်လျှောသွားတာကိုး"

"အဟွန်း..ဟွန်း..ဟွန်း"

စင်သီယာ ညိုညိုလေးနှင့်လှသည်။ ငွေကြေးချမ်းသာသည့် သူဌေးသမီးဖြစ်ပေမယ့် မာနမကြီး။ စိတ်ရင်းဖြူစင် ရိုးသားသည်။ ပျိုတိုင်းကြိုက် စိုင်းဝန်းမားကို စိတ်ဝင်စားသူတွေထဲမှာ စင်သီယာ အပါအဝင်ဖြစ်သော်လည်း သူမအချစ်က အေးချမ်းသိမ်မွေ့သည်။

ရယူပိုင်ဆိုင်လိုမှုတွေ မရှိ။ အချစ်နှင့် လက်ထပ်ခြင်းဆိုတာ တစ်ခုစီဖြစ်ကြောင်း ခေတ်မီစွာ နားလည်လက်ခံထားသူ





လည်းဖြစ်သည်။

"နှင်ရော လက်မထပ်သေးဘူးလား စင်သီယာ"

"လာမယ်ကြာမယ်ပေါ့ မားရယ်"

နှစ်ဦးအတူ ရယ်မိပြန်သည်။

စောက မရယ်ပါနှင့်ဆိုမှ ခဏခဏ ရယ်ဖြစ်သလိုဖြစ်နေတာကိုပဲ ချစ်မြတ်နိုးစွာ ချစ်ဖနီးကို လှမ်းကြည့်ဖြစ်တော့ ခသိဟန်ဆောင် အကြည့်လွှဲထားသည်။

"လာ..မား၊ ဟိုဘက်မှာ နှင့်လူနာ ကိုအိုက်ပု ရှိတယ်"

"အခြေအနေကရော စင်သီယာ"

"စိတ်ချရပြီ"

"ဒေါက်တာ…ဖုန်းလာနေပါတယ်"

အနီဝတ်ဆရာမလေးတစ်ယောက်ကြောင့် စင်သီယာ နေရာမှာ ရပ်ကျန်ရစ်သည်။

"နှင်တို့ပဲ သွားလိုက်နော် မား"

"အိုကေ…သင့်ခ်ယူး စင်သီယာ"

စောလက်ကလေးကိုဆွဲပြီး အိုက်ပုရှိသည့်နေရာကို လျှောက်ခဲ့သည်။

"ဆရာ"

"ဘယ်လိုလဲ အိုက်ပု နေသာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်ကျိုးမသွားတာ ကံကောင်းတယ်လို့ပဲ ပြောရမှာပဲဆရာ"

ညာခြေထောက်မှာ ပတ်တီးတွေဖွေးနေသလို လက်ဖျံနှင့် မျက်နှာ၊ နဖူးမှာလည်း ဆေးပလာစတာတွေ ပြည့်နေသည်။

"ကားက ဘယ်လိုမှောက်တာလဲကွာ"

အိုက်ပုက စိုင်းဝန်းမားအမေးစကားကို မကြားသလို စောကို မျက်လုံးကြီးပြူးကြည့်သည်။ သူပြောရမည့်စကားကို ပြောသင့်မပြောသင့် စဉ်းစားနေသည့်ပုံမို့ စိုင်းဝန်းမား အိုက်ပုအခြေအနေကိုကြည့်ပြီး သဘောပေါက်သွားသည်။

ဒီကောင် တစ်ခုခုတော့ ထူးနေပြီမှန်း သိလိုက်၏။

"အိုက်ပု အခြေအနေ စိတ်ချရပြီ ဘာမှမဖြစ်ဘူးဆိုတဲ့ အကြောင်း အိမ်ကိုဖုန်းဆက်ပေးပါဦး စော"

"ဟုတ်ကဲ့ ကိုကို"

"အပြင်မှာ သွားပြောနော်စော၊ ဒီမှာက လူနာတွေနဲ့ဆိုတော့"

"စောနားလည်ပါတယ်၊ ခဏလေးနော် ကိုအိုက်ပု"

စိုင်းဝန်းမား လှမ်းပေးသည့် ဖုန်းလေးယူပြီး စော သူတို့နားက ထွက်သွားသည်နှင့် အိုက်ပုက သူ့ဆရာနားကပ်၍ လေသံတိုးတိုးဖြင့်...





"ဟိုလူတွေပဲဆရာ၊ သူတို့ ဒီမှာရှိတယ်"

"ဟင်"

"ကျွန်တော်စုံစမ်းပြီးပြီ၊ ဒီကောင်တွေအားလုံး လူဆိုးတွေချည်းပဲဆရာ၊ ပြီးတော့ ဒီလူတွေက မဟူရာစံအိမ်က သူဌေးဦးခွန်ဆောင်ဆိုတဲ့လူနဲ့လည်း အဆက်အသွယ်ရှိတယ်ဗျာ"

"မဟူရာစံအိမ်က သူဌေးဦးခွန်ဆောင် ဟုတ်လား၊ သူက ဘယ်လိုလူလဲ"

"ကျွန်တော်လည်း သေချာမသိသေးဘူးဆရာ၊ ဒါပေမယ့် မမလေးကိုတော့ သူတို့လူစုက အသေရရ အရှင်ရရ လိုချင်နေတာ သေချာတယ်"

အိုက်ပုစကားကြောင့် စိုင်းဝန်းမားရင်ထဲ ပူသွားသည်။ စောကို တစ်ယောက်တည်းခွဲပြီး ဆေးရုံအပြင်ဘက် လွှတ်လိုက်မိတာကိုလည်း စိတ်ပူသွားသည်။

"စောတစ်ယောက်တည်း အခုအပြင်မှာကွ၊ ငါသွားကြည့်လိုက်ဦးမယ်"

"ရှူး"

"ကျွီး"

"ကိုကို...ကိုကို"

"ဟာ...ဆရာ ဟိုမှာ ဟိုမှာ မမလေးပါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"စော"

ချစ်ဇနီးအမည်ကို ရင်ပွင့်မတတ် လှမ်းအော်ပိုက်ပေ

မမီတော့။ စောပါသွားသည့်ကားက စိုင်းဝန်းမား မျက်စိရှေ့မှ

ချက်ချင်းပျောက်သွားသည်။

"မား"

"ဆရာ"

ဘယ်သူ့ခေါ်သံမှ စိုင်းဝန်းမား မကြားတော့။ ကား

တစ်အားပြေးသွားပြီး စောပါသွားသည့်ကားနောက်ကို အရှိန်

ပြင်း မောင်းလိုက်ခဲ့သည်။

စော...ကိုကို့ရဲ့စောလေးရယ်။ စက်ကုန်ဖွင့်မောင်း

စောပါသွားသည့်ကားကို မျက်မခြေအပြတ်မခံဘဲ ဖွတ်အလိုက်

"ဝုန်း"

"ဒိုင်း"

"ကျွီး"

"ဟာ...စော"

"ဒုန်း"

"အား"

စောပါသွားသည့်ကား သူ့မျက်စိရှေ့မှာပင် တခြား

တစ်စီးနှင့် ဝင်တိုက်မိမလိုဖြစ်သွားရာက လမ်းဘေးသို့ တ





ဆွဲကွေ့ပြီး အရှောင် သစ်ပင်ဖြင့် ဝင်တိုက်မိသွားတာမြင်လိုက်ရသည်။

မျက်လုံးထဲ ပြာခနဲဖြစ်သွားချိန်မှာ သူ့ကားကို တစ်စုံတစ်ရာက အရှိန်ပြင်းစွာ ဝင်ဆောင့်ခံလိုက်ရပြီးနောက် ကမ္ဘာလောကကြီးတစ်ခုလုံး အမှောင်ကျသွားသည်။

"စော"

သူ သတိရရခြင်း ပထမဆုံး တမ်းတခေါ်မြည်လိုက်သူက သူ့အသက်မကချစ်မြတ်နိုးရသော ချစ်ဇနီးအမည်ဖြစ်သည်။

"ဆရာ"

"အိုက်ပု...စော...စောဘယ်မှာလဲ၊ စော ဘာဖြစ်သွားသေးလဲဟင်"

"မလှုပ်နဲ့ဦး ဆရာ၊ ဆရာ့ကို ဆေးသွင်းထားတယ်"

အိုက်ပုက အိပ်ရာထဲမှ လူးလဲထသော သူ့ဆရာကို လှမ်းသတိပေး၍ ဆွဲထားပေမယ့် မရ။ နဖူးကွဲသွားသည်မှတစ်ပါး တခြားဒဏ်ရာ ပြင်းပြင်းထန်ထန် မရသော်လည်း ခန္ဓာကိုယ်အတွင်း အစိတ်အပိုင်းတစ်ခုခုများ ထိခိုက်သွားမလားဟု ဒေါက်တာစင်သီယာကိုယ်တိုင် စိုးရိမ်နေချိန်ဖြစ်သည်။

"ငါဘာမှမဖြစ်ပါဘူး အိုက်ပုရာ၊ စောအကြောင်းသာ ငါ့ကိုပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်လည်း အတိအကျမသိဘူးဆရာ၊ ဒဏ်ရာ... သွားတဲ့ မိန်းကလေးကို သူ့မိသားစုက လာခေါ်သွားတယ်လို့... ပြောတာပဲ''

''စောမိသားစုက ဘယ်သူတွေလဲ၊ ဘယ်ကလဲ အိုက်...''

''စိတ်အေးအေးထားပါ ဆရာရယ်၊ ဆရာသိချင်တဲ့အ... အားလုံး ကျွန်တော်ကြိုးစားပြီး စုံစမ်းကြည့်ပါဦးမယ်''

''လောလောဆယ် ဒေါက်တာက ဆရာ့ကို အိပ်ရာ... မှာပဲ ငြိမ်ငြိမ်နေဖို့ သေချာမှာသွားပါတယ်''

''စော...ကိုကို့ရဲ့စောလေးရယ်''

လမ်းစရှာမရအောင် ပျောက်ဆုံးသွားသော ချစ်ဇနီး... သတင်းကြောင့် စိုင်းဝန်းမား ဦးခေါင်းငိုက်စိုက်ကျသွားသည်။

''မား''

''စင်သီယာ စောအကြောင်း ငါ့ကိုစုံစမ်းပေးစမ်းပါ''

''အေးပါမားရယ်...အခုငြိမ်ငြိမ်နေလိုက်ဦး၊ နင့်ကို... အရင်စစ်ဆေးလိုက်ဦးမယ်''

''ငါဘာမှမဖြစ်ဘူး စင်သီယာ''

''အေးပါ...အေးပါ ခဏလေးနော်''

စင်သီယာက လိုအပ်တာတွေ ခပ်သွက်သွက် စစ်ဆေး... ပြီး သူနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်သည်။





''နင်နဲ့ နင့်မိန်းမအကြောင်း ငါ့ကိုအရင်ပြောစမ်းပါဦး ...ရယ်၊ ဒါမှ ငါဘယ်လို နင်တို့ကို ကူညီနိုင်မလဲဆိုတာ ပိုစဉ်းစား ...နိုင်မယ်ထင်တယ်''

''ဒီလိုစင်သီယာ''

စိုင်းဝန်းမားကပဲ စောနှင့်သူတို့ စတင်ဆုံစည်းပုံကအစ နောက်ဆုံးလက်ထပ်ဖြစ်သည့်အချိန်အထိ အစအဆုံး အားလုံး ရှင်းပြ လိုက်သည်။

''နင့်အကြောင်းကြားရတာ ငါလည်း စိတ်မကောင်းဘူး ...၊ ငါသိရသလောက်တော့ နင့်မိန်းမကို သူ့မိသားစုက လာခေါ် သွားတယ်''

''နင့်ရဲ့စောက နင့်ကို လုံးဝမမေးဘူး၊ လှည့်လည်း ...ကြည့်ဘူး၊ ကြည့်ရတာ သူ့မေ့နေတဲ့အတိတ်ကို ပြန်သတိရသွား ...ပဲ''

''ဟင်''

''စော အတိတ်ကို သတိရသွားပြီဟုတ်လား၊ စင်သီယာ''

''အင်း...အတိတ်ကို ပြန်သတိရသွားမှတော့ နင့်ကို လည်း သူဘယ်မှတ်မိနိုင်ပါတော့မလဲမားရယ်၊ ဒါကြောင့်သာ ...နင့်အနားက ဘာခံစားချက်မှမရှိတဲ့မျက်နှာနဲ့ ထွက်သွားနိုင်တာ ...ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''စောရယ်''

''စိတ်ဓာတ်မကျပါနဲ့ မားရယ်၊ ဖူးစာမှန်ရင် ပြန်ဆုံမှာပါ၊ နှင့်ဘက်က ခွဲတော့ရှိမှဖြစ်မယ်နော်''

''နှင်သိချင်တာတွေ ငါစုံစမ်းပေးမယ်၊ ကိုယ့်ကိုယ်ကို ဂရုစိုက် ဟုတ်လား''

စင်သီယာက သူ့နားက ထွက်သွားချိန်မှာ ဘာမှန်းမသိဘဲ မျက်စိမှိတ်၍ အနာဂတ်ကို ဖွတ်ယုံကြည်ခဲ့ပြီးမှ ကြေကွဲခြင်းတို့က သူ့နှလုံးသားကို ရက်စက်စွာ ရိုက်ပုတ်ထွက်ပြေးသွားသည်။

စွန့်လွှတ်ဆုံးရှုံးရခြင်းဆိုသည့် စကားကို သူ ကြောက်ရွံ့တုန်လှုပ်စွာ လက်ခံလိုက်ရလေပြီ။

◆ ◆ ◆



## အခန်း (၁၆)

နှစ်ခြိုက်စွာ အိပ်ပျော်နေသော သမီးငယ်၏ မျက်နှာကို အစိမ့်စိမ့်ကြည့်ရင်း ဒေါ်စောနန်းမွန်စိတ်တွေ ဝမ်းသာဝမ်းနည်း ဆောက်တည်ရာမဲ့နေသည်။

သုံးလကျော်လေးလနီးပါး မိုးသည်းညတစ်ညမှာ ပျောက်ဆုံးသွားရာက ထင်မှတ်မထားချိန်မှာ ဘွားခနဲ ဒေါ်စောနန်း၏ မျက်စိရှေ့ ပြန်ရောက်လာပုံက အံ့သြမယုံနိုင်စရာကောင်းသလို စိတ်လန့်တုန်လှုပ်ချောက်ချားစရာလည်း ကောင်းသည်။

သမီးကိုယ်ပေါ်မှာ အဖိုးတန်အဝတ်အစားတွေရှိသည်။ တန်ဖိုးကြီးသည့် စိန်ထည်ပစ္စည်းတွေ ပါလာသည်။ အားလုံးထဲမှာ အထူးခြားဆုံးက သမီးလက်ကလေးမှာရှိနေသည့် လက်ထပ်လက်စွပ်ဖြစ်သည်။

ပျောက်ဆုံးသွားသည့် လေးလတာခရီးမှာ သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ခဲ့သနည်း။ ဘယ်သူတွေနှင့် အတူရှိနေခဲ့ပြီး ဘယ်
လူကိုများ လက်ထပ်ခဲ့သနည်း။

ဒေါ်စောနန်းမွန် သိလိုသမျှ အဖြေအားလုံး စောရတ်ကို
တိုင် ဘာတစ်ခုမှမသိ။ ဘာတစ်ခုမှ မမှတ်မိပါဆိုသဖြင့် သ
ကိုယ်လေးကို အတင်းကြပ်ဆုံး ဖက်ငိုမိသည်။

ယှူကျုံးမရသော ခံစားချက်။ မိခင်တစ်ယောက်
ကြီးမားသော ချစ်မေတ္တာ။ စောရတ်ကိုယ်တိုင် မေ့ကွယ်ပျောက်
နေသည့် လေးလတာအဖြစ်အပျက်များ။

စောရတ်ကိုယ်တိုင်လည်း သူမဘာတွေဘယ်လို ဖြ
လဲဆိုတာ သိပ်သိချင်နေတော့ ဒေါ်စောနန်းမွန်အတွက် ပိုဆိုးသည်

ဘုရားတရားမလို့ သမီးနဲ့ပတ်သက် လက်ထပ်ခဲ့သူ
လူ့တော်လူကောင်းပဲ ဖြစ်ပါစေကွယ်။

ဒေါ်စောနန်းမွန်တစ်ယောက်တည်း ကျိတ်မျက်ရည်ကျ
ချိန်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေရာက စောရတ် နိုးလာသည်

"မာမီ ငိုနေလားဟင်"

မျက်ရည်တွေနှင့် မာမီ့ကို တွေ့လိုက်ရတာမို့ စော
ကိုယ်တိုင် စိတ်ထိခိုက်သွားသည်။

"မာမီ သမီးလေးကို ပြန်တွေ့ရတာ ဝမ်းသာလွန်း
ငိုမိတာပါကွယ်၊ အခု ဘယ်နှယ့်နေသေးလဲဟင်၊ ခေါင်းမူး





လား သမီးလေး"

"မမူးတော့ပါဘူး မာမီ"

"စော နေထိုင်ကောင်းပါတယ်"

နေကောင်းပါတယ်ဟု ဆိုလာပေမယ့် လှပသော စော
မျက်နှာလေး ညှိုးလျော်နွမ်းဖျော့နေတာကို စိတ်မသက်သာစွာ
ဒေါ်စောနန်းမွန် မြင်နေရသည်။ သမီးရင်ထဲမှာ ဘာတွေဘယ်လို
ခံစားနေရတာကို ဒေါ်စောနန်းမွန် သိပါသည်။

"စိတ်လန်းသွားအောင် ခြံထဲဆင်းကြမလား သမီးလေး၊
ဒေါ်ကြာယုံကို သမီးအတွက် သံပရာရည် လုပ်ခိုင်းလိုက်မယ်နော်"

"မာမီ"

"ပြောလေ သမီးလေး"

"စောတို့ ဘယ်လိုလုပ်ကြမလဲဟင်"

လက်ထပ်လက်စွပ်လေး ဝတ်ထားသည့် လက်ချောင်း
လေးကို တခြားလက်ကလေးတစ်ဖက်ဖြင့် ပွတ်သပ်ဆုပ်ကိုင်လျက်
မိခင်ဖြစ်သူကို အားကိုးတကြီး မေးလာသူကို ဒေါ်စောနန်းမွန်
ဘယ်လိုဖြေရမှန်းမသိ။

"သမီးပျောက်သွားတယ်ဆိုတော့ သမီးခင်ပွန်းလည်း
ဒီအတိုင်းငြိမ်နေမှာမဟုတ်ပါဘူးကွယ်"

"သမီးကို လိုက်ရှာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"စော်ကြောက်တယ် မာမီ၊ သူနဲ့လည်း စော မတွေ့ချင်ဘူး၊ တွေ့လည်းမတွေ့ရဲဘူး"

"သမီးရယ်"

ပြောရင်း စောအသံလေးတွေ တုန်လာကာ ပါးပေါ် မျက်ရည်ဥလေးတွေ စီးကျလာသည့် သမီးကိုယ်လေးကို ဒေါ်စောနန်းမွန် ရင်ခွင်ထဲ ဆွဲသွင်းပြီး တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်သည်။

သမီးစိုးရိမ်ကြောက်လန့်နေသလို ဒေါ်စောနန်းမွန်ကိုယ်တိုင်လည်း သမီးနည်းတူ ထိတ်လန့်တုန်လှုပ်နေပါသည်။ သမီးထွက်သွားတုန်းက ပြန်ပေးဆွဲသူများထံ ဖြစ်သဖြင့် ပိုဆိုးသည်။

သမီးလက်ထပ်ခဲ့သူဟာ သူတို့ထဲက တစ်ယောက်ယောက်များ ဖြစ်နေခဲ့လျှင်ဆိုသည့် အတွေးက သားအမိနှစ်ယောက်စလုံး၏ အသည်းဗဟိုကို ပြင်းစွာကိုင်လှုပ်သွားမြဲ။

"မငိုပါနဲ့ သမီးလေးရယ်...သမီးဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာသာ မာမီ့ကိုပြောပါကွယ်"

"ဆရာဝန်ရောက်လာပါပြီ မမကြီး"

"ကြွပါ ဒေါက်တာ၊ ကြွပါ"

"လိုအပ်တာလေးတွေ စစ်ဆေးလိုက်ကြရအောင်နော် သမီး"





"ဟုတ်ကဲ့"

သားအမိနှစ်ယောက်၏ မျက်ရည်များကို ဘာတစ်ခုမှ ဝပ်စုမေးမြန်းခြင်းမပြုသော ဆရာဝန်ကို သားအမိနှစ်ယောက် ဒိတ်ထဲက ကျိတ်ကျေးဇူးတင်လိုက်ကြပါသည်။ မိုင်းမောကို ပြောင်းရွှေ့လာသည်မှာ မကြာသေးသဖြင့် အသိမိတ်ဆွေလည်း မရှိသော ဒေါက်တာ မငြိမ်းငြိမ်းအေးဆိုသူက အထူးပင် အေးငြိမ်းသူဖြစ်သည်။

ပြောသမျှ လူနာအခြေအနေကို နားထောင်သည်။ လိုအပ်သည့် စမ်းသပ်မှုပြု၍ ဆေးကုသသည်။ တခြားပုဂ္ဂိုလ်ရေးကိစ္စ ဘာကိုမှ စိတ်မဝင်စား။

စောရတ်အခြေအနေကို ဒေါ်စောနန်းမွန် ပြောသလောက်သာ သိထားသူဖြစ်သည်။

"နဖူးကအနာချုပ်ရိုး အခြေအနေ အားလုံးကောင်းသွားပါပြီ၊ ကျွန်မကို ခွင့်ပြုပါဦး"

"ဒါနဲ့ဒေါက်တာ လူတစ်ယောက်ဟာ သူ့ခေါင်းကို ဒဏ်ရာရသွားတာနဲ့ အတိတ်ကို ပြန်မမှတ်နိုင်တာမျိုး ရှိနိုင်ပါသလား"

"သိပ်ရှိနိုင်တာပေါ့ရှင်၊ တချို့ ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ အခု သမီးလေးမှာ အဲဒီလိုဖြစ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မ…မဟုတ်ပါဘူးရှင်၊ ကျွန်မသိချင်လို့ မေးကြည့်တာမျိုးပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

မာမီကိုယ်တိုင် ဒေါက်ဘာကို အောက်ထပ်ကားနားအထိ လိုက်ပို့သဖြင့် စောရုတ်တစ်ယောက်တည်း အိပ်ရာထက်မှာ အတွေးပေါင်းစုံဖြင့် ကျန်ခဲ့သည်။

သူမမှာ ပိုင်ဆိုင်သူရှိနေပါလားလို့ တွေးလိုက်တိုင်း စောရုတ်တစ်ကိုယ်လုံး ဆောက်တည်ရာမဲ့ တုန်လှုပ်ချောက်ချားသွားရသည်ချည်း။

မိုးသည်းညက ကြောက်စရာမျက်နှာကြီးတွေကို ပြန်မြင်ယောင်မိတိုင်း စောရုတ် သူမအဖြစ်ကို ပို၍ရှုံ့မှန်းဆက်ဆုပ်မိသည်။

မဟုတ်ဘူး…မဟုတ်ဘူး။

မဖြစ်ရဘူး။

သည်းသည်းလှိုက်လှိုက် ရှိုက်ငိုသံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွားသည်။ ကားအက်စီးဒင့်ဖြစ်သည့်နေရာမှာ မာမီ့သူငယ်ချင်းတစ်ယောက် ရှိနေသဖြင့် စောရုတ်ကို မှတ်မိပြီး ချက်ချင်းမာမီ့ထံ ဖုန်းဆက်အကြောင်းကြားပေးခြင်း ဖြစ်သည်။

မာမီကိုယ်တိုင်လည်း သမီးစိတ်နှင့် ထူပူပြာဝေနေချိန်မို့ သူမနှင့်အတူ ကားပေါ်ပါလာသူတွေကို သတိမထားမိ။ ဘာတစ်ခု





မှ ဒဏ်ရာပြင်းပြင်းထန်ထန်မရဘဲ နဖူးချိုစောင်းနေရာမှာသာ ဒဏ်ရာရှိသော စောကို သတိရသည်နှင့် မဟူရာစံအိမ်ကို တစ်ပါတည်း ခေါ်ဆောင်လာခြင်းဖြစ်သည်။

စောကိုယ်တိုင် မာမီ့ကိုတွေ့တော့ တအားဖက်ငိုခဲ့မိသည်။ မိုးသည်းညက အဖြစ်အပျက်တွေအားလုံး တစ်လုံးမကျန် မာမီကို ပြန်ပြောပြနိုင်သည့် စောရုတ်က လေးလအတွင်း ဖြစ်ပျက်ပြောင်းလွဲသွားသော သူမဘဝ၏ ကြောက်စရာအပြောင်းအလွဲကိုတော့ ဘာတစ်ခုမှ ပြန်အစရှာမရအောင် ပျောက်ဆုံးမေ့ကွယ်နေသူဖြစ်နေသည်။

တကယ်ပဲ ခေါင်းကဒဏ်ရာကြောင့် စောရုတ် အတိတ်မေ့ခဲ့သည်ဆိုလျှင် လေးလအတွင်း သူမနှင့်အတူ နေထိုင်ခဲ့သူတွေက မည်သူတွေနည်း။ သူမလက်ထပ်ခဲ့ရသူတွေကရော ဘယ်လိုလူစားဖြစ်မည်နည်း။

စောရုတ် မဟူရာစံအိမ်ကို ပြန်ရောက်နေချိန်မှာ ပထွေးဖြစ်သူ ဦးခွန်မောင်မရှိ။ အလုပ်ကိစ္စဖြင့် ခရီးထွက်သွားသည်မှာ ဆယ်ရက်ခန့်ရှိပြီဟု ဆိုသော်လည်း စောရုတ် စိတ်မဝင်စား။

ရဲစခန်းကလည်း စောရုတ် ပြန်ရောက်လာပုံကို စိတ်ဝင်စားသဖြင့် သူမကြုံတွေ့ခဲ့သော အဖြစ်အပျက်ကို လာရောက်မေးမြန်းသော်လည်း သူမဘက်က ဘာတစ်ခုမှ မဖြေနိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



လက်လျှော့ပြီး ပြန်သွားသူတွေက စောရတ်အကြောင်း သူတို့ဘာသာ ဆက်စုံစမ်းမည့်အကြောင်း စောရတ်တို့သားအမိကို ပြောဆိုနှုတ်ဆက်သွားကြတာကို မှတ်မိသည်။ စောလက်က လက်ထပ် လက်စွပ်လေးကို ဝေဝါးသောမျက်ရည်တွေကြားက ကြည့်လိုက်သည်။

ရှင်ဘယ်သူလဲ။

စောဘဝကို ဘယ်လိုပုံစံနဲ့ ရယူသိမ်းပိုက်ခဲ့တာလဲဆိုတာ စောကိုပြောစမ်းပါ။

ရင်နာစွာ စောမေးလိုက်သံကို မည်သူမျှမကြားပါ။ ဖြူလွှ သော ခေါင်းအုံးလေးထက်မှာ မျက်နှာလေး ထိုးနှစ်၍ တအစ်အစ် ရှိုက်ငိုဖြစ်သည်။

ပခုံးနှစ်ဘက်ကို တင်းကြပ်စွာ ပွေ့ဖက်လာသည့် နွေးထွေး သည့် လက်အစုံကြောင့် မျက်ရည်တွေနှင့် မော့အကြည့်မှာ မာမီ့ မျက်နှာ ခပ်နွမ်းနွမ်း စိတ်မချမ်းမြေ့စွာ တွေ့ရသည်။

"မာမီ"

"သမီးလေးရယ်"

မာမီရင်ခွင်ထဲ ခေါင်းတိုးဝင်မိသည်။

ဘယ်အမေက ကိုယ့်သားသမီး၏ အဖြစ်ဆိုးကို လက်ပိုက် ကြည့်နေရက်နိုင်မည်နည်း။





စောစိတ်ဆင်းရဲသည်ထက် မာမီခမျာ ပို၍ စိတ်ဒုက္ခ ရောက်ရှာမည်။

"စော ဒီမှာ မနေချင်ဘူး မာမီ"

"သမီးသဘောအတိုင်း ဖြစ်ရမှာပေါ့ကွယ်"

"ပြော မာမီသမီးလေး ဘယ်နေရာကို သွားချင်သ လည်း"

"ထင်းရှူးမြိုင်ကိုပါ မာမီ"

"အခုပဲ ဖုန်းဆက်ပြီး အားလုံးအသင့်ပြင်ခိုင်းလိုက်မယ် ဟုတ်လား"

ဒေါ်စောနန်းမွန် သမီးသဘောဆန္ဒကို ချက်ချင်းလက်ခံ သဘောတူလိုက်ကာ စောရတ်ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာ ဖယ်ရှားပေးလိုက်သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မင်းတို့အားလုံး တစ်ယောက်မှ အသုံးမကျလို့ အခုလို ဖြစ်ရတာကွ နားလည်လား၊ အခု ဘယ်လိုလုပ်ကြမလဲ၊ ကောင်မလေးက အိမ်ပြန်ရောက်နေပြီ"

"သွားကြကွာ သွားကြ၊ မင်းတို့မျက်နှာတွေ ငါ တစ်ချက်မှ မကြည့်ချင်ဘူး"

ဦးခွန်မောင် မျက်နှာကြီးက ဒေါသဖြင့် ရဲနီနေသည်။ စောရတ်ကို အပြတ်ရှင်းနိုင်းပေမယ့် အကြံအစည်က အထမမြောက်။ ကောင်မလေး လွတ်ထွက်သွားထဲက ဦးခွန်မောင်တပည့်တွေကို သတ်ပြတ်ချင်နေသည်။

လောင်းကစားကြွေးတွေ နင့်နေအောင် ဆပ်နိုင်သည့်အပြင် တောင်းထားသည့်ငွေထက် ပိုယူလာသဖြင့် လူတစ်လုံး သူတစ်လုံး အခြေအနေနှင့် အရင်လို ပြန်ရပ်တည်နိုင်ခဲ့သည်။





တရားခံလက်သည်မပေါ်ဘဲ ကြံစည်နိုင်သော သူ့အစွမ်းအစကို ယုံကြည်စိတ်ချရသလောက် တပည့်တွေ အသုံးမကျတာနှင့် ဦးခွန်မောင် ခေါင်းခဲဖို့ဖြစ်လာရခြင်းဖြစ်သည်။

"ဟောကောင်တွေ သွားဆိုတာ မကြားဘူးလား"

မျက်နှာသေလေးတွေနှင့် ဦးခွန်မောင်မျက်စိရှေ့ ရပ်နေသူတွေကို နှင်ထုတ်ပေမယ့် သူတပည့်တွေကမလှုပ်။ ချိတုန်ချတုန်အမူအယာနှင့် ဦးခွန်မောင်မျက်နှာကို မဝံ့မရဲကြည့်နေကြပုံကို ဒေါသတကြီးကြည့်လိုက်သည်။

ဥပဒေသာမရှိလို့ကတော့ ဒီအသုံးမကျသည့် လူတွေကို သတ်ပြစ်သည်။ ခွန်မောင့်တပည့်လုပ်လာတာ ကြာလှပြီ။ ဘာတစ်ခု အသုံးမကျ။ အမြဲညံ့ဖျင်းနေကြတာပဲ အဖက်တင်သည်။

ပြောလိုက်တိုင်း ဆင်ခြေခင်လက်တွေ အကြောင်းပြချက်တွေချည်း။ အခုလည်း ဘာပြောချင်ကြသည်မသိ။

ဦးခွန်မောင် နှင်နေသည့်ကြားက ပေရပ်နေကြသည်။

"မင်းတို့က ငါ့အမိန့်ကို မနာခံဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး ဆရာ၊ ဟို ကျွန်တော်တို့ နောက်ထပ်တစ်ကြိမ် ကောင်မလေးကို စောင့်ဖမ်းပေးရမလားလို့ပါ"

"ဟုတ်ပါတယ် ဆရာ၊ ဒီတစ်ခါတော့ ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့မှ မလွဲစေရဘူးလို့ အာမခံပါတယ်''

တပည့်ကျော်တွေက တစ်ယောက်တစ်မျိုး သူ့တို့ဆန္ဒ
တင်ပြလာတော့ ဦးခွန်မောင် နည်းနည်းတော့ တွေဝေသွားသည်
အခုတစ်လော နိုင်ငံခြားကို ထွက်သွားသည့် အ
ယောကျ်ားဟောင်းဆီက ဘာအဆက်အသွယ် ဖုန်းအဆက်အသွ
တွေ ရောက်လာသည်။

ကိစ္စအတိအကျကို မသိရသောလည်း တစ်ဖက်
သမီးဖြစ်သူ၏ ကျန်းမာရေးကို အကြောင်းပြပြီး ဒေါ်စောနန်းမွှ
ပြန်လည်သိမ်းသွင်းဖို့ ကြိုးစားနေမှန်း သူသိသည်။

ဒေါ်စောနန်းမွှန်ကိုယ်တိုင် သူ့အပေါ်မှာ အရင်လိုမဟု
တော့ဘဲ အေးစက်စက် ဘာသိဘာသာနေလာတော့ ပို၍မသက်
ဦးခွန်မောင်စိတ်ထဲ ဒေါ်စောနန်းမွှန်အပေါ် အဖြံသံသယမျက်လုံးမျ
ဖြင့် စောင့်ကြည့်ခဲ့သည်။

လင်မယားနှစ်ယောက် အရင်လိုပြန်ပေါင်းထုတ်သွားလျှ
ဦးခွန်မောင်လက်ထဲ ဘာမှ ကျန်ခဲ့မှာမဟုတ်။ မဟူရာစံအိမ်ကြ
အပါအဝင် တစ်ခြားပိုင်ဆိုင်မှုအားလုံး စောရတ်ပိုင်အဖြစ် ဒေါ်
နန်းမွှန်ကိုယ်တိုင် ရှေ့နေရှေ့ရပ်နှင့် လွှဲပြောင်းပေးအပ်ထားသည်
ဦးခွန်မောင်အမည်နှင့် သူစီးနေသောကား။ သုံးမရသည်
ခြံအစုတ်လေးသာရှိသည်။ စောရတ်ကို အပျောက်ရှင်းနိုင်လျှ





ယားပစ္စည်း လင်ပိုင်မည်။

ထိုအကြံဖြင့် စောရတ်ကို တစ်ဖက်လှည့်နည်းသုံး၍
အပြတ်ရှင်းဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်။ ကံဆိုးချင်တော့ ကောင်
လေးလွတ်သွားသည်။ အသုံးမကျသည့် တပည့်တွေကြောင့်
ာရတာကိုယ်တိုင် အဟူရာစံအိမ်ကြီးပေါ် ပြန်ရောက်လာသည်။

စောရတ်ကို ပြန်တွေ့ပြီလို့ သတင်းရထဲက ဦးခွန်မောင်
ကိုယ်တိုင် အသေးစိတ်စီစဉ်ညွှန်ကြားပါလျက် ဘာဲစ်ခုမှ အရာ
ထင်။ အားလုံးလွဲချော်မှုတွေနှင့်။

''ကောင်းပြီလေ မင်းတို့ ဘာဆက်လုပ်ရမယ်ဆိုတာ ငါ
ညွှန်ကြားမယ်၊ ကိစ္စအောင်မြင်ရင် မင်းတို့ရမယ့်ဝေစုလည်း မနည်းစေ
ရဘူး ဟုတ်လား''

''ဟုတ်ကဲ့ပါ ဆရာကြီး''

တပည့်တွေပြန်သွားသည်။

ဘယ်သူကမှ စောရတ် အတိတ်မေ့ခဲ့တာကိုလည်းမသိ။
ဒေါက်တာစိုင်းဝန်းများနှင့် လက်ထပ်ခဲ့တာကိုမသိ။ ခေမာရင့်နှင့်
အဆက်အသွယ်ပြတ်နေသဖြင့် စိုင်းအောင်ကိုယ်တိုင်လည်း စိုင်းဝန်း
မားနှင့် စောရတ် လက်ထပ်တာကို မသိလိုက်။

ဒုက္ခရောက်နေသည့် စောရတ်ကို ခေမာရင့်က ကယ်တင်
ထားတာလောက်ပဲသိသည်။ သူကျေးဇူးရှင် ဒေါ်စပ်မြက်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



ချွေးမအဖြစ်သိလျှင် ဤကိစ္စထဲမှာ စိုင်းအောင် ဝင်ပါတော့မည် မဟုတ်။

အခုတော့ စိုင်းအောင်ကိုယ်တိုင် စိတ်လေးလေးနှင့် ဦးခွန် မောင်အဖွဲ့ထဲ တစ်ဝဲလည်လည် ရှုန်းမထွက်နိုင်ဖြစ်နေသည်။ ကိုယ် တိုင်က လောင်းကစားဝါသနာပါတော့ ပိုဆိုးသည်။

တိုးကြီးကတော့ တစ်ကောင်ကြွက်မို့ ဘာကိုမှ ဂရုမစိုက် တစ်ခြားသူတွေကလည်း တိုးကြီးလိုလူတွေချည်း။ ဦးနှောက်လည် မရှိကြ။ ခိုင်းတာလုပ်သည်။ ပေးတာယူသည်။ ကျွေးတာစားသည်။

ဒါကြောင့်လည်း အလွဲလွဲအမှားမှားအဖြစ်တွေနှင့် စောရတ် လွတ်သွားခြင်းဖြစ်သည်။

"အမွေအားလုံးက ကောင်မလေးနာမည်နဲ့ကွ၊ သူမရှိရင် ငါတို့ဆရာ အားလုံးရမှာဆိုတော့ ငါတို့အတွက်လည်း ငွေတွင်း တစ်တွင်းရတာပေါ့ကွာ"

တိုးကြီးက သူ့အတွေးနှင့်သူ ကျေနပ်နေသည်။

"ဦးခွန်မောင်က မလွယ်ဘူးနော် တိုးကြီး"

"တိုးကြီးပါကွ၊ မပိုင်ရင် ဘယ်တော့မှမလုပ်ဘူး၊ ငါတို့ ပြဿနာရှာလာလို့ကတော့ အဖြစ်မှန်တွေကို အကုန်ဖွင့်ချလိုက်ယုံပေါ့ ကွ"

"ဟား ဟား ဟား"





တိုးကြီးကတော့ သူ့အကြံနှင့်သူ ဟုတ်နေသည်။ ဦးခွန် မောင်လိုလူကို အပိုင်ကိုင်ထားနိုင်မည့် တိုးကြီးအကြံကို သဘောကျ သမယ့် စိုင်းအောင် နှုတ်ပိတ်နေလိုက်သည်။

ဦးခွန်မောင်ကားကြီး ဝေါခနဲထွက်သွားတာမြင်လိုက်ရ သည်။ ဒီည မဟူရာစံအိမ်ကိုပြန်မှာ သူတို့အားလုံးသိသည်။ ဒေါ်စောနန်းမွန်ကိုယ်တိုင် ဦးခွန်မောင်ပြန်လာရန် ဖုန်းဆက်ထား သည်။

စောရတ်ကိုတွေ့ပြီဆိုတော့ ဦးခွန်မောင် မျက်နှာပျက်နေ သမယ့် ဖုန်းထဲမှာတော့ တကယ့်အဖေတစ်ယောက်၏ ခံစားချက် ဆွေ စကားလုံးတွေနှင့် အပြတ်သရုပ်ဆောင်ပြခဲ့တာကို သူတို့ အားလုံး ပညာယူရင်း ငေးနေရသည်။

မာနကြီးသော ဒေါ်စောနန်းမွန်လို မိန်းမတစ်ယောက် ဦးခွန်မောင်လက်ဖဲ့ အလွယ်တကူ ကြွေဆင်းလာဖို့ဆိုသည်က ဆင်သလောက်လွယ်တာမဟုတ်။

ဦးခွန်မောင်က ပညာကုန်သုံးပြီး ဒေါ်စောနန်းမွန်ကို အရ ချွင်ပေမယ့် လက်တွေ့မှာ ဒေါ်စောနန်းမွန်ကိုယ်တိုင် ခေသူ တစ်ယောက်မဟုတ်မှန်း သိရတော့ အားလုံးလွန်ကုန်ပြီ။

ဒေါ်စောနန်းမွန်က လူသာအမိခံသည်။ သူမပိုင် ဥစ္စာ ငွေသည်းတွေ ဘာတစ်ခုမှ အထိမခံ။ ဦးခွန်မောင်ကိုတောင် ငွေကြေး

www.burmeseclassic.com

www.burmeseclassic.com



အပိုင်းမှာ အကန့်အသတ်နှင့်ဆိုတော့ တစ်သက်လုံး သူများမျက်နှ မွေးပေါ် စကြာ လျှောက်လာသော ဦးခွန်မောင် ဆတ်ဆတ်ခါသွာ သည်။

သို့သော်လည်း ဦးခွန်မောင်ရင်ထဲက ဒေါသနှင့် လောဘ ကို လူသိအောင်မနေ့။ ဒေါ်စောနန်းမွန်အပေါ်မှာ ပိုချိုမြစွာ ဆက်ဆံ သည်။ မေတ္တာတွေ သစ္စာတွေသွန်ချပြသည်။

ဒေါ်စောနန်းမွန်ပေးထားသည့် အခွင့်အရေးတွေကိုပင်မသုံး ဘဲ ကိုယ့်စတိုင်နှင့်ကိုယ် နေပြသည်။ ရှေ့တိုးမည့်ဆင်က နောက် တစ်လှမ်းဆုတ်တတ်သည့် ဥပမာကို ဒေါ်စောနန်းမွန်မရိပ်မိ။

သူ့ထံရောက်ရှိလာမည့် အခွင့်အရေးကို စိတ်ရှည်ရှည်စော သည်။ ဦးခွန်မောင်အတွက် ထိုနေ့ရောက်လာခဲ့သည်။ အကွက် ထားသည့် အစီအစဉ်တွေနှင့် ဦးခွန်မောင် ခရီးထွက်သွားသည်

မဟူရာစံအိမ်မှာ ပြဿနာဖြစ်တော့ သူမရှိ။ ဒေါ်စောနန်း မွန်နှင့် စောရတ်တို့ သားအမိကို သူ့လူယုံတော်ဒရိုင်ဘာကို အသုံး ချလှည့်စားပြီးနောက် တစ်ခါထဲ ဒရိုင်ဘာကိုပါ အပြတ်ရှင်းထု ပစ်သည်။

ရိုးရိုးသားသား ကားအက်စီဒင့်ဖြစ်ပြီး ဆုံးသွားသူအဖြ အားလုံးယုံကြည်ခဲ့ကြသည်။ တကယ်တော့ ဒေါ်စောနန်းမွန် ဘယ်လူဆိုးမှ ပြန်ပေးမဆွဲခဲ့ပါ။





စောရတ်ကို လှည့်စားပြီး မဟူရာစံအိမ်ကြီးထဲက သူ့နည်း သူ့ဟန်ဖြင့် ခေါ်ထုတ်ခဲ့ခြင်းမျှသာ။ သူလိုချင်သည့် ငွေတနင့်တပိုး ရလိုက်သည်။ လူကို အပြတ်မရှင်းနိုင်ခဲ့တာနှင့် ဓာတ်လမ်းရှုပ်ကုန် ရတာဖြစ်သည်။

ဒီတစ်ခါတော့ သူ့ဘက်က သေချာမှုဖြစ်တော့မည်ဟု ဦးခွန်မောင်တွေးလာသည်။ မဟူရာစံအိမ်ကို ဒေါ်စောနန်းမွန်ရဲ့ ခင်ပွန်းဟောင်း ရောက်မလာခင်။

သူတို့မိသားစုအားလုံး ပေါင်းစည်းခွင့်မရနိုင်အောင် ဦးခွန် မောင် အကြံဉာဏ်တွေ အကုန်ထုတ်သုံးမှ ဖြစ်တော့မည်။

မဟူရာစံအိမ်ကြီးရှေ့ ကားထိုးရပ်လိုက်တော့ ဒေါ်ကြာယုံ ထွက်လာသည်။

''နန်းမွန်တို့ သားအမိရော ဒေါ်ကြာယုံ''

ဒေါ်စောနန်းမွန်ကားလည်းမတွေ့ရ။

တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးကိုကြည့်ပြီး ဦးခွန် မောင် မေးလိုက်ခြင်းဖြစ်သည်။

''မမကြီးတို့သားအမိ ထင်ရှူးမြိုင်ကိုသွားပါတယ် ဆရာ''

ဦးခွန်မောင် မျက်ခုံးတွန့်သွားသည်။ စိတ်ထဲ နည်းနည်း ထင့်သွားသည်။ ဒေါ်စောနန်းမွန်တို့သားအမိ သူ့အကြောင်းတွေ ရိပ်မိသွားလို့များ ရှောင်ထွက်သွားတာလား။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်ပါဘူး။

စောနန်းမွန်ဆိုတဲ့ မိန်းမသာ ဒီအကြောင်းတွေသိသွား[illegible] အခုလို ငြိမ်ခံနေမယ်ထင်လို့လား။

''သမီးက နေကောင်းလို့လား ဒေါ်ကြာယုံ''

''ကျွန်မ သေချာမသိပါဘူး''

''ဘယ်အချိန်ကသွားတာလဲ''

''မနေ့ကပါ''

''ကျုပ်ကို ဘာမှာသွားသေးလဲ''

''ကျွန်မကိုတော့ ဘာမှမှာမသွားပါဘူး''

''ခင်ဗျားသွားလို့ရပြီ''

ဒေါ်ကြာယုံထွက်သွားသည်။

ထင်းရှူးမြိုင်ကိုသွားသည့်လမ်းက လှပြတ်သည်။ လှ[illegible] ကင်းဝေး၍ ဆိတ်ငြိမ်သည့်နေရာလည်းဖြစ်၍ ပိုသဘောကျ[illegible] လည်းပါသည်။

သားအမိနှစ်ယောက် ဘာသဘောနှင့် မဟူရာစံအိမ်မှာ မနေဘဲ ထင်းရှူးမြိုင်မှာ သွားနေကြသည်မသိ။ သေချာတာကတော့ ကိုယ့်သေတွင်း ကိုယ်တူးကြခြင်းပင်။

ဒေါ်ကြာယုံကိုလည်း ခေါ်မသွား။ ဦးခွန်မောင် သူထိုင် နေသည့်ခုံကို လက်ဖြင့် တစ်ခေါက်ခေါက်ခေါက်လိုက်သည်။





ဒါ သူ့အတွက် အကောင်းဆုံးအခွင့်အရေးဖြစ်သည်။ ခေါင်းကောင်းကောင်းနှင့် စီစဉ်နိုင်လျှင် သားအမိနှစ်ယောက်ကို အပျောက်ရှင်းပြီး ပိုင်ဆိုင်မှုအားလုံး သူ့လက်ထဲ အလွယ်တကူ ရောက်လာမည်။

ဘယ်လောက်များ ပျော်စရာကောင်းသည့် လောကကြီး နည်း။ ဒေါ်စောနန်းမွန်တို့ သားအမိနှစ်ယောက် အခြေအနေကိုကြည့် ရန် ဦးခွန်မောင် သူ့ကားကို ထင်းရှူးမြိုင်သို့ ဦးတည်လိုက်သည်။

''ကြည့်ထား ဆရာ၊ ဦးခွန်မောင်ဆိုတာ အဲ့ဒီလူပဲ''

အိုက်ပုစကားကြောင့် စိုင်းဝန်းမား ကားပေါ်ကလူကို သေချာကြည့်လိုက်သည်။ လူက အသက်ငါးဆယ်ကျော်အရွယ်။ ဥပမိရုပ်က မိန်းမကျလောက်သည့်ရုပ်မျိုး ဖြစ်သဖြင့် ဒေါ်စောနန်း မွန်လို မိန်းမတစ်ယောက်ကို အပိုင်သိမ်းပိုက်နိုင်ခြင်းဟု သိလိုက် သည်။

အိုက်ပုကားက ဦးခွန်မောင်ကားနောက်က ဟန်မပျက် ခြေရာခံလိုက်နေသည်။

မဟူရာစံအိမ်ထဲမှာ စောရှိနေသည်ဆိုသည့် သတင်း စကားရရခြင်း စိုင်းဝန်းမားနှင့် အိုက်ပု ချက်ချင်းရောက်လာခဲ့ပေ မယ့် သူတို့မြင်လို တွေ့လိုသူကိုကမတွေ့ရ။

သားအမိနှစ်ယောက်စလုံး ခရီးထွက်သွားသည်ဆိုတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



တပ်ခေါက်ပြန်လာခဲ့ရသည်။

ဒါတောင် ဒေါ်ကြာယုံဆိုသည့် အဘွားကြီးက ညှော်စိမ်းမျက်နှာစိမ်းများဖြစ်သော၊ စိုင်းဝန်းမားနှင့် အိုက်ပုကို သက်ာမကင်းသော မျက်လုံးတွေနှင့် ခပ်စိမ်းစိမ်းကြည့်တာ ခံလိုက်ရသေးသည်။

အိမ်တံခါးကိုပင် ဖွင့်မပေး။ ဓာတ်ပုံကြည့်ခွင့်ပင်မရခဲ့။ ဒေါက်တာစင်သီယာနှင့် အိုက်ပုတို့ စုံစမ်းရသမျှ ဆက်စပ်တွေး ခေါ်ကြည့်ကြရာမှ စိုင်းဝန်းမား စိမ်းစားပင်ကွေ့မှ ပျောက်သွားသော စောနှင့် မဟူရာစံအိမ်က ပြန်ပေးသမားများနှင့်အတူ ပျောက်သွား သည့် စောရတ်ဆိုသည့် မိန်းကလေးတို့ တစ်ယောက်တည်း ဖြစ်ရ မည်ဟု တွေးမိကြခြင်းဖြစ်သည်။

သားအမိနှစ်ယောက် ခရီးထွက်သွားသည်ဆိုသော သတင်းကြောင့် ဆရာတပည့်နှစ်ယောက် ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေခိုက်မှာ ဦးခွန်မောင်ကားကို မြင်လိုက်ရခြင်းဖြစ်သည်။

အိုက်ပုက ဦးခွန်မောင်ကို မြင်ဖူးသဖြင့် သူကားနောက်က လိုက်လာနိုင်ကြခြင်းဖြစ်သည်။

◆ ◆ ◆



## အခန်း (၁၈)

ဦးခွန်မောင်ကားက ထင်းရှူးမြိုင်ဆိုသည့် ခြံဝန်းကျယ်ကြီး တစ်ခုထဲ ချိုးကွေ့ဝင်သွားသဖြင့် ဆရာတပည့်နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

ပတ်ဝန်းကျင်က လူရှင်းသလို ကားသွားကားလာ လူသွား လူလာလည်း ပြတ်သော နေရာမျိုးဖြစ်ကာ ခြံဝန်းအကျယ်ကြီးတွေ ချည်းရှိသော အိမ်ကြီးအိမ်ကောင်းများရှိသော မြို့စွန်ပိုင်းနေရာဖြစ် သည်။

တနည်းပြောရလျှင် အေးချမ်းဆိတ်ငြိမ်စွာ အနားယူအပန်း ဖြေလိုသူ သူဌေးများအတွက် သီးသန့်ဆောက်လုပ်ထားသော ခမ်းနားကြီးကျယ်သည့် အဆောက်အဦးများ စုဝေးရာနေရာလည်း ဖြစ်သည်။

တစ်ခါတစ်ရံမှသာ လာအနားယူကြသူများရှိသလို တစ်ချို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဒီနေရာမှာ နေထိုင်ကြသူတွေလည်းရှိသည်။

"ဟော့ ဟိုမှာ ထွက်လာတာ ဒေါ်စောနန်းမွန်လား မသိဘူးဆရာ"

ဦးခွန်မောင်နှင့်အတူ ယှဉ်တွဲ၍ အိမ်ကြီးထဲက ပြန်ထွက်လာသော အမျိုးသမီးကြီးတစ်ယောက်ကြောင့် စိုင်းဝန်းမားကိုယ်တိုင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"သူတို့ အပြင်သွားကြမလို့ထင်တယ် ဆရာ၊ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလည်း"

"စောကို ငါဝင်တွေ့မယ် အိုက်ပု"

"ဗျာ"

"မင်းမလိုက်ချင်ရင် ဒီမှာနေချင်နေခဲ့၊ သူတို့သွားတာနဲ့ ငါ အထဲကိုဝင်မယ်"

"ကျွန်တော် ဒီမှာ အခြေအနေကြည့်ရင်း စောင့်နေခဲ့မယ် ဆရာ"

သူခေါင်းညိတ် သဘောတူလိုက်သည်။ လက်ရှိအခြေအနေက ဒီလိုလုပ်ရန်အပြင် တခြားနည်းလမ်းမရှိ။ အိုက်ပုထင်သည့်အတိုင်း ဦးခွန်မောင်နှင့် ဒေါ်စောနန်းမွန်တို့ ဦးခွန်မောင်ကားနှင့် အပြင်ပြန်ထွက်သွားကြသည်။

"မင်း ဒီမှာနေခဲ့ဦး အိုက်ပု"





"ဟုတ်ကဲ့ဆရာ"

အိုက်ပုကို ထင်းရှူးမြိုင် အနီးပတ်ဝန်းကျင်မှာ ထားခဲ့လိုက်သည်။

"တီ"

ထင်းရှူးမြိုင်ရှေ့မှာ စိုင်းဝန်းမားကားကိုရပ်လိုက်တော့ ခြံစောင့်ရောက်လာသည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလည်း ဆရာ"

"ကျွန်တော် ဒေါက်တာစိုင်းဝန်းမားပါ၊ ဒီက စောရတ်ဆိုတဲ့ မိန်းကလေးကို ဆေးကုသဖို့ ဒေါ်စောနန်းမွန်ကိုယ်တိုင် ဖုန်းဆက်ခေါ်ထားလို့ပါ"

"ဒေါ်စောနန်းမွန်တော့မရှိဘူး ခင်ဗျာ၊ အခုတင်ပဲ ဦးခွန်မောင်နဲ့ အပြင်ထွက်သွားပါတယ်"

"စောရတ်တော့ ရှိတယ်မဟုတ်လား"

"မလေးရှိပါတယ် ဆရာ"

အစောင့်ပုံစံက ဇဝေဇဝါ။

စိုင်းဝန်းမား၏ တည်ကြည်ခန့်ညားသော ဥပဓိရုပ်ကိုကြည့်ကာ အားတုန့်အားနာနှင့် တံခါးဖွင့်ပေးရမှာ ချီတုံချတုံဖြစ်နေသည်။

"တံခါးဖွင့်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဟုတ် ဟုတ်ကဲ့"

စိုင်းဝန်းမား အမိန့်ကို မလွန်ဆန်နိုင်သလို ခြံတံခါးကို ခပ်သွက်သွက်ဆွဲဖွင့်ပေးလိုက်သဖြင့် စိုင်းဝန်းမား သူ့ကားကို ထင်းရှူးမြိုင်အိမ်ရှေ့တည့်တည့် ထိုးရပ်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသလို အိမ်ကြီး၏ ဧည့်ခန်းထဲမှာလည်း ဘယ်သူမှမရှိ။

"ဆရာခဏလေးနော် ကျွန်တော် ချောနန်းကို ခေါ်လိုက်မယ်"

ခြံစောင့်က စိုင်းဝန်းမားနားရောက်လာပြီး အိမ်ထဲကိုလှမ်းခေါ်သည်။

"ချောနန်း ချောနန်း"

"လာပြီ"

အသံစာစာနှင့်အတူ ပါးအို့ရဲတွတ်နေသော ကောင်မလေးပာစ်ယောက် အိမ်ကြီးထဲက ပြေးထွက်လာသည်။

"ဒီမှာ မမလေးကို ဆေးကုပေးမယ့်ဒေါက်တာ ရောက်နေတယ်၊ ခေါ်သွားလိုက်ဦး"

"ဟုတ်ကဲ့"

ကလေးမလေးက ခြံစောင့်ကြီးစကားကို ဘာမှစဉ်းစားခြင်း မပြုဘဲ ရှေ့က ဦးဆောင်ထွက်သွားသည်။ ငယ်ရွယ်သူလေးဖြစ်သဖြင့် ဘာမှလည်း နားလည်ဟန်မတူ။

"သူနဲ့လိုက်သွားပါဆရာ၊ အဒေါ်ကြီးကို လိုအပ်တာတွေ လုပ်နိုင်းလိုက်နော် ချောနန်း"

"ဟုတ်ကဲ့ပါ"

ကောင်မလေးက နောက်ကိုပင် တစ်ချက်လှည့်မကြည့် ရှေ့က ဆိုက်ဆိုက်နှင့် ဦးဆောင်သွားရာနောက်ကို ခြေလှမ်းကျဲကြီးတွေနှင့် လိုက်လာရင်း ထင်းရှူးမြိုင်အိမ်ကြီးတစ်ခုလုံး သိမ်းကျုံးအကဲခတ်သွားမိသည်။

"မမလေးနေတာ ဟိုဘက်ကအခန်းပါ၊ ချောနန်း ဘာလုပ်ပေးရမလဲ"

"ရေနွေးတစ်အိုးတည်ပေးပါ၊ အခုမှအသစ်တည်တဲ့ ရေနွေးကိုပြောတာနော်"

"ဟုတ်ကဲ့"

"မမလေး"

အခန်းတစ်ခန်းရှေ့မှာ ကောင်မလေးကရပ်ပြီး အခန်းထဲကလူကို လှမ်းအသံပြုသည်။

"မမလေး"

"ဘာလဲ ချောနန်း"






www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စော၏အသံစစ်စစ်ဖြစ်နေ၍ စိုင်းဝန်းမား ရင်ခုန်သံတွေ မြန်သွားကာ စိတ်ထဲလှုပ်ခနဲ ပျော်ရွှင်သွားသည်။

"ဒီမှာ မမလေးကိုဆေးကုဖို့ ဆရာဝန်ကြီးရောက်နေပါတယ်"

"ဆရာဝန်ကြီး ဟုတ်လား"

"ဘယ်ကဆရာဝန်ကြီးလဲ ချောနန်း"

"မင်းသွားလို့ရပြီ ချောနန်း"

စောမကြားအောင် ကလေးမလေးကို ခပ်တိုးတိုးပထုတ်လိုက်သော စိုင်းဝန်းမားအသံကို စောရုတ် မကြားလိုက်ပါ။

"ချောနန်း"

"ချောနန်း"

"ကျွီး"

"ဟင်"

"ရှင်…ရှင် ဘယ်သူလဲ"

ချောနန်းအသံကို မကြားရတော့သဖြင့် စောရုတ် သူမ အိပ်ခန်းတံခါးကို ဆွဲဖွင့်ပြီး အခန်းအပြင်ကိုအကြည့် သူမအိပ်ခန်းဝ မှာ မားမားကြီးရပ်နေသော လူစိမ်းယောကျ်ားတစ်ယောက်ကို ဘွားခနဲမြင်တွေ့လိုက်ရသဖြင့် လှပသော စောရုတ်မျက်နှာလေးမှာ





ထိတ်လန့်ချောက်ချားစိတ်ဖြင့် ဖွေးဖြူသွားသည်။

"စော"

"ကိုကို့ရဲ့စောလေးရယ်"

"အို"

လွမ်းဆွတ်တမ်းတသောအကြည့်။ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ခေါ်သံထဲမှာ လှိုက်လှဲနွေးထွေးခြင်းတွေနှင့် နူးညံ့သိမ်မွေ့လျက် မှိန်းရွှန်းစားစားကြီး စူးစိုက်ကြည့်နေသူထံမှ နောက်ထပ်ဘာသံမှ ထွက်မလာဘဲ သူမမျက်နှာလေးကို အသည်းအမည်း စူးစိုက်ကြည့်နေသည့်အဖြစ်ကြောင့် ရင်ထဲမဖော်ပြတတ်သော ဝေဒနာမျိုး ဖျတ်ခနဲ ရောက်လာသည်။

ရက်သွေးဖြန်းလျက် ရဲရဲနီသွားသည့် မျက်နှာလေးက တစ်ချိန်လုံး တမ်းတခဲ့ရသော အလွမ်းများကို သိမ်းကျုံးဆွဲယူလိုက်သကဲ့သို့ စိုင်းဝန်းမား ညင်သာသိမ်မွေ့စွာ ပြုံးလိုက်သည်။

"ကိုကို့ကို မမှတ်မိတော့ဘူးလားကွယ်"

"ဟင့်အင်း"

"ရှင့်ကို စောမသိဘူး၊ မာမီတို့လည်းမရှိဘူး ရှင်ပြန်ပါ"

"စော"

အခန်းတံခါးကို ကမန်းကတန်း ပိတ်မည်ဟန်ပြင်လိုက်သည့် စော၏ထိတ်လန့်ရှက်အမ်းသည့် အမူအရာလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြီးအိပ်ခန်းတံခါးရွက်ကို စိုင်းဝန်းမား တွန်းဖယ်လိုက်၏။

"အို…ရှင်…ရှင် ဒါဘာလုပ်တာလဲ၊ စော အခန်းထဲ
အခုထွက်သွားပါ"

ချောက်ချားသောအမူအရာဖြင့် သူမအိပ်ခန်းထဲဝင်လာ
ကို ထိတ်လန့်တကြား မော့ကြည့်ရင်း စောရတ်ခြေလှမ်းလေးမ
နောက်ကိုဆုတ်သွားတာကိုကြည့်ပြီး စိုင်းဝန်းမားရင်ထဲ စစ်ခနဲ
သွားသည်။

"မကြောက်ပါနဲ့ စောရယ်၊ ကိုကိုက စောရဲ့ရန်သူမဟု
ပါဘူးဗျာ"

"ဒါဖြင့် ရှင်ဘာလို့ စောရဲ့အခန်းထဲအထိ ဝင်လာရ
လဲ"

"လွမ်းလို့"

"ဟင်"

"ကိုကို့ရင်ထဲ စောပျောက်သွားလို့ ဘယ်လောက်ခံ
နေရစာယ်ဆိုတာ စောသိရဲ့လားဟင်"

"ရှင်…ရှင်က"

"စောချစ်တဲ့၊ စောမြတ်နိုးတဲ့ စောရဲ့ခင်ပွန်း ဒေါက်
စိုင်းဝန်းမားပါတဲ့ဗျာ"

"အို"





ဆေးနီရည်ဖြင့် ပက်ဖြန်းလိုက်သလို ရဲရဲနီသွားသော စော
မျက်နှာလေးကို မြတ်နိုးစွာ ရူးစိုက်ကြည့်နေသူ၏ ရွှန်းလက်သည့်
အကြည့်နွေးနွေးများနှင့် စောအပေါ် ဤမျှရဲတင်းနေရခြင်းအကြောင်း
တို့၏ ဆက်စပ်မှုက စောကို အကြီးအကျယ် တုန်လှုပ်ချောက်ချား
စေရပါပြီ။

"စော"

"အို…စောကိုမထိပါနဲ့"

ဆတ်ဆတ်ခါ အမူအရာလေးနှင့် သူမလက်ကလေးကို
ဆိုကိုင်ဖို့ ကြိုးစားလာသည့် စိုင်းဝန်းမားလက်ကို အလန့်တကြား
ပုတ်ချလိုက်ကာ နောက်ကို ထပ်ဆုတ်သွားသည့် ချစ်ဇနီးကြောင့်
စိုင်းဝန်းမား အခက်တွေ့သွားသည်။

"စောအတွက် ကိုကိုက ဒီလောက်တောင် ကြောက်စရာ
ကောင်းသွားပြီလားဗျာ"

တုန်ရီတိုးခိုက်သွားသော စိုင်းဝန်းမားအသံနှင့် ဝမ်းနည်း
ကြေကွဲသွားသည့် မျက်နှာချောချောကြောင့် စောရတ် ဘာပြောရ
မှန်းမသိဘဲ သူမမျက်စိရှေ့က ဒေါက်တာစိုင်းဝန်းမားဆိုသည့်
လူချောကြီးကိုကြည့်ကာ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်လေးတွေ
ချက်ချင်းပြည့်လာသည်။

"စောတစ်ယောက်တည်းနေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုကိုကရော"

"ရှင်"

"စောက ကိုကိုနဲ့ တရားဝင်လက်ထပ်ထားတဲ့ ဇနီးမယာ
အဖြစ် စောကို ကိုကိုပိုင်တယ်၊ စောနဲ့ခွဲပြီးလည်း မနေနိုင်ဘူ
ကိုကိုနဲ့ စောပြန်လိုက်ခဲ့ပါ"

"ဟင့်"

ပါးပေါ် မျက်ရည်တွေ လျှောခနဲပြန်ကျလာသည်
ရှက်စရာစကားတွေကို စော မကြားရဲ။ စောကို အကြည့်တစ်မျိုး
ဖြင့် ကြည့်လာသူ၏ အကြည့်တွေကိုလည်း ရင်မဆိုင်ရဲ။ ရင်မဆို
ဝံ့။

သူ့မျက်စိရှေ့က စော အငွေ့ပျံသွားချင်တာပဲသိသည်

"ရှင့်ကို စောမသိဘူး ဒေါက်တာ"

"ဒေါက်တာတဲ့လား"

ရင်မချိသံနှင့် သူဆိုတော့ စောပို၍ စိတ်ပို၍ စိတ်ညစ်
သွားသည်။

"ကိုကို့ရှေ့မှာ မငိုပါနဲ့စော၊ စောမျက်ရည်တွေကို ကို
ရင်မဆိုင်ရဲဘူးဆိုတာ စောသိပါတယ်ဗျာ"

"အို…ဒေါက်တာ"

ပါးစပ်က ရိုးရိုးပြောတာမဟုတ် စောမျက်နှာလေး





င့် မေ့ဆွဲယူပြီး ပါးပြင်နေပေါ်က မျက်ရည်တွေကို
လက်ချောင်းတွေနှင့် ပိုင်စိုးရဲဝံ့စွာ ဖယ်ရှားလာသူကြောင့် စော
ိုက်မိသူတစ်ယောက်လို သူ့ရင်ခွင်ထဲ စောရောက်သွားသည်။

"စောကိုလွှတ်ပါ ဒေါက်တာ"

သူ့ရင်ခွင်ထဲက ရှက်လန့်စွာ စောရုန်းဖယ်ဖို့ ကြိုးစား
သမယ့်မရ။

"လွှမ်းလိုက်ရတာ ကိုကို့အသက်ရယ်"

"စောမကြိုက်ဘူးဆို ရှင်နော်"

"ချစ်တယ်စော်ရယ်"

ရင်ခုန်သံတွေ ဖောက်ထိုးမိုးမျှော် ခုန်ပေါက်ဆူညံသွား
သည်။

"စောမာမိပြန်လာရင် ကိုကိုဟာ စောရဲခင်ပွန်းဖြစ်ကြောင်း
သိပေးရှင်းပြလိုက်မယ်"

"ကိုကိုနဲ့စော ပြန်လိုက်မယ်မဟုတ်လား"

"ဟင့်အင်း"

သူက စောမျက်နှာလေးကို မျက်တောင်မခတ် စိုက်ကြည့်
သည်။ ပြီးမှ…

"စောမလိုက်ဘူးဆိုရင် ကိုကို ဒီမှာပဲ စောနဲ့အတူနေရဲ့
ျ"



www.burmeseclassic.com

www.burmeseclassic.com



အတူနေမည်ဆိုသော စကားက စောကိုယ်လေးကို တွန့်ခနဲ ဖြစ်သွားသည်။

"ရှင့်စကားတွေ သိပ်လွန်နေပြီနော်"

"ကိုကိုပြောတာ မယုံလို့လား"

"ယုံယုံမယုံယုံ စောသဘောမတူဘဲ စောအသားကိုမထိပါနဲ့"

"ကိုကို့ကို မုန်းတယ်လား"

"ပြောစကားနားမထောင်ရင် မုန်းမှာပဲ"

"စော"

သူမကမထူး။

မျက်နှာလှလှလေး မကြည်သလို နှုတ်ခမ်းလေး စူထော်နေပုံကို အသည်းယားမြတ်နိုးစွာ သူမမမြင်အောင် တစ်ဘက်လှည့်ပြုံးဖြစ်သည်။

"ဒီမှာဘာလဲဆိုတာ အရင်ကြည့်ပြီးမှ လူကိုမုန်းတဲ့စကားပြောပါဗျာ"

"ရော့"

စောလက်ထဲရောက်လာသည့် လက်စွပ်လေးကို ယောင်ရမ်းဆုပ်ကိုင်လိုက်ပြီးမှ သူ့မျက်နှာချောချောကို စောရတ် အလန့်တကြား မော့ကြည့်ဖြစ်သည်။





"မယုံတဲ့သူကို ယုံအောင်ပြောဖို့ သက်သေအထောက်အထားတွေအားလုံးယူလာတယ်"

"ဒီမှာခဏစောင့်"

လှစ်ခနဲ စောရတ်အခန်းထဲက သူထွက်အသွားမှာ စောဘောက်ထဲက လက်ထပ်လက်စွပ်လေးကို စိတ်လှုပ်ရှားစွာ ငုံ့ကြည့်ဖြစ်သည်။

လက်စွပ်နှစ်ကွင်း ဆင်တူ။

ရင်ထဲမှာ နည်းနည်းတော့ ချမ်းမြေ့သွားသည်။ စောရတ်တို့သားအမိ ပူပင်သောကရောက်နေသလို သူမရဲ့ခင်ပွန်းသည်ဟာ လူဆိုးလူမိုက်တစ်ယောက် မဟုတ်ရုံသာမက ဥပဓိရုပ် ခန့်ညားချောမွေ့၍ ယောကျ်ားပီသသော ဒေါက်တာတစ်ယောက်ဖြစ်နေ၍ ဖြစ်သည်။

"ဟောဒီမှာကြည့်"

ဓာတ်ပုံတွေပါလား။

အိုက်ပုရဲ့အကြံဉာဏ်နဲ့ ကားထဲအသင့်ထည့်ယူလာပေးသည့် သူနဲ့စော မင်္ဂလာဧည့်ခံပွဲတုန်းက ဓာတ်ပုံတွေထဲမှာ ချစ်စဖွယ်ပြုံးရယ်ရွှင်ပြုံးနေသည့် စောရတ် မျက်နှာလှလှလေးက ဓာတ်ပုံတိုင်းမှာ စိုင်းဝန်းမားနှင့် အတူယှဉ်တွဲလျက်။

"ဒါ...ဒါက"



www.burmeseclassic.com

www.burmeseclassic.com



""ဟုတ်တယ်...ကိုကိုနဲ့စောတို့ မင်္ဂလာပွဲတုန်းက ရိုက်ထားတဲ့ပုံတွေလေ""

""အို""

စောမျက်နှာလေး ရဲရဲနီကာ အနေရခက်စွာ စိတ်လှုပ်ရှားလျက် ဓာတ်ပုံတွေကို လက်ဖြင့် ဖွဖွထိကိုင်ကြည့်သည်။

""စော ဘာကိုမှမမှတ်မိဘူး ဒေါက်တာ၊ အဲဒါ ဘာဖြစ်လို့လဲ""

""အဲဒီတုန်းက စောကိုယ်တိုင် ကိုယ့်ကိုယ်ကို ဘယ်သူမှန်းမသိအောင် အတိတ်မေ့နေတဲ့အချိန်လေ""

""ရှင်""

""စောဘယ်သူမှန်း မသိခင်ထဲက ကိုကို့ရင်နဲ့မဆန့်အောင် စောကိုသိပ်ချစ်သိပ်မြတ်နိုးခဲ့တာလို့ ပြောတာ""

""ကိုကိုဆုတောင်းပြည့်ပါတယ်၊ စောမှာ ကိုကိုကလွဲပြီး တခြားပိုင်သူမရှိခဲ့လို့""

ရှက်ရွံ့စွာ စောမျက်လွှာချ ခေါင်းငုံ့သွားတော့ စိုင်းဝန်းမှာ မြတ်နိုးကြည်မွေ့စွာ ပြုံးဖြစ်သွားသည်။

စောကတော့ တစ်ချိန်လုံး သူဘာပြောပြော၊ ဘာလုပ်လုပ် ရှက်နေတာကို သဘောကျ၍ဖြစ်သည်။ ဘာအတွေ့အကြုံမှ မရှိသည့် အပျိုစင်လေးတစ်ယောက်လို ရှက်သွေးဖြင့် နီစိုနေသည့်





မျက်နှာလှလှလေးကို သူ့ရင်ခွင်ထဲ သိမ်းပွေ့ပြီး အနမ်းတွေကို အတိုးချပေးချင်စိတ်ကို ကျိတ်မျိုသိပ်ထားရသည်။

အခုတောင် စောက သူ့ကို အနားအကပ်ခံတာမဟုတ်။ စိတ်ရှိသလောက် ရင်ဖွင့်ပေါက်ကွဲလိုက်မိ၍ စောလန့်ပြီး သူ့နားတထွက်ပြေးသွားမှာစိုးကြောက်၍ အသာငြိမ်နေရခြင်းဖြစ်သည်။

""စော""

""ရှင်""

""နောက်တော့ ဒီအကြောင်းအရာတွေအားလုံး စောပြန်မှတ်မိမှာပါဗျာ""

""လုံးဝမမှတ်မိတော့ဘူးဆိုရင်ရောဟင်""

တစ်ယောက်မျက်နှာ တစ်ယောက် မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်မိကြသည်။ ဘယ်သူမှ အကြည့်ကိုမလွှဲ။

""ဘာပဲဖြစ်ဖြစ် စောက ကိုကို့ဇနီး၊ ကိုကို့မိန်းမ ဒါကို စောလက်ခံထားမှဖြစ်မယ်""

""ဘာဖြစ်လို့လဲဆိုတော့ ကိုကိုက စောနဲ့ခွဲပြီး နေမှာမဟုတ်လို့ပဲ၊ ကိုကိုရှိတဲ့နေရာမှာ စောရှိရမယ်၊ ဒါမှမဟုတ်လည်း စောရှိတဲ့နေရာမှာ ကိုကိုရှိနေမယ်""

အိုကွယ်။

တိကျပြတ်သားသည့် အပြောတွေ၊ နွေးထွေးနူးညံ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေက စောရင်ကို အခုန်မြန်စေပြန်သည်။

"ဒီမှာ စောရှိနေတာကို ဘယ်လိုလုပ်သိတာလဲဟင်"

"ကိုကို့မိန်းမတစ်ယောက်လုံး ပျောက်သွားမှတော့ ဒီလိုပဲ စောရှိနိုင်မယ့်နေရာတွေကို လိုက်ရှာရတာပေါ့ဗျာ"

"ရှင်"

"ကိုကို့ကို စောရဲ့ခင်ပွန်းအဖြစ် အသိအမှတ်ပြုလက်ခံပြီလားဟင်"

"စောမသိဘူး ဒေါက်တာ"

"ကိုကိုလို့ခေါ်ပါ စော"

သက်ပြင်းရှိုက်သံလေး စောထံမှ ထွက်လာသည်။

"စော"

"ဒီမှာ ရှင့်လက်စွပ်"

"စောကိုယ်တိုင်ဝတ်ပေးပါ"

"ခက်လိုက်တာရှင်"

"ဟုတ်တယ်၊ ကိုကိုလည်း စောနဲ့စတွေ့ထဲက ခက်နေတာ ဒီနေ့အထိပဲ"

လေထဲမှာ ဆန့်ထုတ်ထားသည့် သူ့လက်တွေကိုကြည့်ပြီး စောရတ် တွန့်ဆုတ်တွေဝေလျက်ကပင် သူ့လက်မှာ လက်စွပ်ကို ဝတ်ဆင်ပေးဖြစ်သွားသည်။

ဝိုး:မိုး:ေ၁၆ပ



"စောရယ်"

"အို…ဒေါက်တာ"

စောလက်ကလေးကို အရှိန်ဖြင့် ဆွဲယူသူကြောင့် နွေးထွေးကျယ်ပြန့်သော ရင်ခွင်ထဲ တင်းကြပ်စွာ လဲပြိုပါသည်။ အပ်ကျလာသော မျက်နှာချောချောကို ရှောင်ဖယ်ဖို့ ကြိုးစားတော့ ဖြူဖွေးနုသော လည်ပင်းတစ်လျှောက် တိုးဝှေ့သွားသည်။ ချစ်အနမ်းတွေက ရင်တသိမ့်သိမ့်ခုန်သွားသည်။

◆ ◆ ◆

ဝိုး:မိုး:ေ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ထင်းရှူးမြိုင်ရှေ့တည့်တည့် ကားကိုထိုးရပ်လိုက်တော့ ဦးခွန်မောင် တစ်ခါမှမမြင်ဘူးသည့်ကားကြောင့် မျက်နှာတစ်ချက် ပျက်သွားသည်။

ကိစ္စအားလုံး စီစဉ်ပြီးမှ ထင်းရှူးမြိုင်ကို ဘယ်လိုလူ ရောက်နေသနည်း။ ဒေါ်စောနန်းမွန်ပြောတော့ ဒီကိုလာတာ ဘယ်သူ့ကိုမှ အသိမပေးခဲ့ဟုဆိုသည်။

ညှော်သည်ဆိုလည်း ခပ်မြန်မြန်မောင်းထုတ်မှ ဖြစ်မည်။ ဒီတစ်ခါ သူ့အစီအစဉ်တွေ ဘာတစ်ခုမှ လွဲချော်၍မဖြစ်။ ကားပေါ် ကဆင်းပြီး အိမ်ကြီးထဲလှမ်းအဝင်မှာ ရပ်ထားသည့်ကားကို မျက်မှောင်တွန့်ပြီး ကြည့်လိုက်သည်။

"မာမီရော အန်ကယ်"

အပေါ်ထပ်လှေကားက ဆင်းလာသည့် စောရတ်နှင့်အတူ





အနားမှာ တစ်ခါမှမမြင်ဘူးသော ညှော်စိမ်းလူကြောင့် ဦးခွန်မောင် မျက်နှာတင်းသွားသည်။

"အေး…စော မာမီက စောကိုအခေါ်ခိုင်းလို့ အန်ကယ် ပြန်လာတာ၊ လမ်းမှာ အန်တီမျိုးတို့နဲ့ တွေ့လို့လေ ဖွတ်ခေါ်ထား တာနဲ့ နေခဲ့ရတယ်"

"အန်တီမျိုး ဟုတ်လား"

စောရတ် တွေဝေသွားသည်။

မာမီ့ကိုလည်း အံ့သြမိသည်။

စော ဘယ်ကိုမှ မသွားချင်။ ဘယ်သူနဲ့မှ မဆုံချင်၍ပဲ ထင်းရှူးမြိုင်လိုနေရာမှာ တမင်လာနေတာကိုသိရက်နဲ့။ ဘာကိစ္စ အန်တီမျိုးနှင့် စောကို တွေ့ဆုံခိုင်းရပါသနည်း။

"ဒီကမောင်ရင်က ဘယ်သူလဲစောရတ်၊ မိတ်ဆွေဆိုရင် တစ်ခါတည်း နှုတ်ဆက်ခဲ့လိုက်ဦး"

ဦးခွန်မောင်က စိုင်းဝန်းမားကို အရေးမစိုက်ဟန်ဖြင့် စောရတ်ဘက်ကို လှည့်ပြောလိုက်တာမို့ စောရတ်က သူမနား အတူရှိနေသူကို အားတုံ့အားနာဟန်လေးဖြင့် မော့ကြည့်သည်။

"ဒေါက်တာ"

"ကျွန်တော်က စောရဲ့ခင်ပွန်းပါ အန်ကယ်"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အို"

ဦးခွန်မောင်မျက်နှာ ပျက်သွားသလို စောရတ်လည်း မျက်နှာလေးနီရဲကာ အနေရခက်သွားပါသည်။

"သူပြောတာဟုတ်သလား စောရတ်"

"စော မာမိနဲ့ အရင်တွေ့ပါဦးမယ်၊မာမို့ကို စော ပြောစရာတွေရှိတယ်"

"စော"

"စောကို နောက်မှလာတွေ့ပါဒေါက်တာ၊ စောတို့ကိစ္စကို စောကိုယ်တိုင်ပဲ မာမို့ကို အသိပေးပါရစေ"

"ခတ်ပုံတွေ စောယူသွားလိုက်ပါ့မယ်၊ သွားကြစို့ အန်ကယ်"

"ကောင်းပြီ"

"စော"

စိုင်းဝန်းမား လှမ်းခေါ်ပေမယ့် စောရတ်က နောက်ကို လှည့်မကြည့်တော့ဘဲ ဓာတ်ပုံအယ်ဘမ်စာအုပ်ကို တင်းတင်းဆုပ်လျက် ဦးခွန်မောင်နောက်ကို လိုက်သွားသည့်အတွက် စိုင်းဝန်းမား ဘာဆက်လုပ်ရမှန်းမသိဘဲ ဖြစ်သွား၏။

လောလောဆယ် စောရတ် သူနှင့်မျက်နှာချင်းမဆိုင်ချင်တာပဲ သိသည်။ တခြားဘာကိုမှလည်း မတွေး။ ဦးခွန်မောင်





ဖွင့်ပေးသည့် ကားတံခါးအတိုင်း ပထွေးဖြစ်သူ၏ ကားထဲ ဝင်ထိုင်လိုက်သည်။

ကားလေးက နေရာက လျှောခနဲထွက်သွားသည်။ စိုင်းဝန်းမား သူ့ကားကို အပြေးတက်ပြီး ဦးခွန်မောင်ကားနောက်က လိုက်ခဲ့သည်။

"ဘယ်လိုလုပ်မှာလဲ သမီး၊ နောက်မှာ ဟိုကောင်ကား လိုက်လာပြီ"

"ကားကိုခဏရပ်လိုက်ပါ အန်ကယ်"

"ကျိုး"

"ကျိုး"

ကားနှစ်စီးလုံး ရှေ့ဆင့်နောက်ဆင့် ရပ်သွားသည်။ ကားပေါ်က စိုင်းဝန်းမားဆင်းလာပြီး စောရတ်နားရောက်လာသည်။

"ကားဘာဖြစ်လို့လဲစော"

"ကားဘာမှမဖြစ်ပါဘူး ဒေါက်တာ၊ စောနောက်ကို လျှောက်မလိုက်ပါနဲ့လို့ ပြောချင်လို့ပါ"

"ဒါပေမယ့်"

"စော...နားလည်ပါတယ်၊ နောက်ရက်မှ စောတို့ ထပ်ဆုံကြရအောင်ပါနော်၊ အခု စောမာမီဆီ အရင်သွားလိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''နေခဲ့ပါနော်''

အတင်းအကြပ်မဟုတ်။

စောကိုယ်တိုင် နူးညံ့ပျော့ပျောင်းစွာ တောင်းဆိုလာတော့ စိုင်းဝန်းမား အခက်တွေ့သွားသည်။

''စော စိတ်ချမ်းသာသလို လုပ်ပါ၊ ကိုကိုနေခဲ့ဆို နေခဲ့မယ်ဟုတ်လား''

''ကျေးဇူးတင်ပါတယ်''

စိုင်းဝန်းမားနားက ဦးခွန်မောင်ကား ဝေါခနဲ ပြေးထွက်သွားသည်နှင့် နောက်ပါးဆီက အမောတကော ပြေးလိုက်လာသော အိုက်ပုတစ်ယောက် သူ့ဆရာနား ရောက်လာသည်။

''ဘာဖြစ်လို့ ဒီနေရာမှာ ရပ်ကျန်ရတာလဲဆရာရယ်၊ ဟိုလူကြီးရော မမလေးကိုခေါ်သွားတာ မဟုတ်လားဗျာ''

''စောက ငါ့ကို မလိုက်ခဲ့နဲ့လို့ ပြောနေလို့ကွ''

''ဟာဗျာ…အခုချိန်မှာ သူ့စကားကိုချည်း နားထောင်နေလို့ ဖြစ်မလားဗျာ၊ လာပါဆရာ မမလေးမသိအောင် ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ သူတို့သွားတဲ့နောက် လိုက်ချောင်းကြရအောင်ပါ''

အိုက်ပုက စိုင်းဝန်းမားကို ဖွတ်ကားပေါ်ဆွဲတင်ပြီး ဦးခွန်မောင်ကားနောက်ကို လိုက်သည်။





''သူတို့မြင်သွားမယ်ကွ အိုက်ပု''

''စိတ်ချပါဆရာရယ် သူတို့မသိစေရပါဘူး''

အိုက်ပုက သူ့ဆရာစိတ်ပူနေတာကိုသိ၍ ဦးခွန်မောင်ကားနှင့် အဝေးဆုံးနေပြီး မျက်ခြေမပြတ်သည်ဆိုရုံ မောင်းလိုက်နေသည်။ ဝိုအဆင်ပြေချင်တော့ သူတို့ကားနှင့် ဦးခွန်မောင်ကားကြားမှာ ကုန်တင်ကားကြီးတစ်စီး ခံနေသည်။

''ဆရာတို့အခြေအနေ ဘယ်လိုလဲဆရာ''

''သူ ငါ့ကို လုံးဝမမှတ်မိဘူးကွ''

''ဒါပေမယ့် မမလေးက ဆရာ့ဇနီးဆိုတာတော့ သူသိအောင် ပြောလိုက်ပြီမဟုတ်လား''

''အင်း''

''ဓာတ်ပုံတွေရော ပေးလိုက်လားဆရာ''

''ပေးလိုက်တယ်''

အိုက်ပုက သူ့ဆရာမျက်နှာကို လှမ်းကြည့်သည်။ ဆရာ့မျက်နှာ လန်းကြည်နေမှ သက်ပြင်းချသည်။ ဆရာဖြစ်သူ စိတ်ဆင်းရဲတော့ သူတို့လည်းမပျော်။

''ဟာ…ဦးခွန်မောင်ကား ဘယ်ရောက်သွားလဲ မသိဘူးဆရာ''

အိုက်ပုပျာသလို စိုင်းဝန်းမားလည်း စောရတ်ပါသွားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးလုံး မြင်ကွင်းထဲက ရုတ်တရက်ပျောက်သွားတော့ပြာသွားသည်။

"ဟိုမှာသွားနေတာ ဦးခွန်မောင်ကား မဟုတ်ဘူးလားကွ"

"ဒီလူကြီးသိပ်မဟန်ဘူးဆရာ၊ ဘာကိစ္စ ဒီလောက်လူပြတ်တဲ့ ချောင်ကြိုချောင်ကြားကို လာတာလဲမသိဘူး"

"ဟော…ခြံကြီးတစ်ခုထဲဝင်သွားပြီး ကျွန်တော်တို့ဆက်လိုက်လို့မဖြစ်တော့ဘူးဆရာ၊ ဒီနားမှာရပ်ထားလိုက်မယ်"

ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပြီး ဆရာတပည့်နှစ်ယောက် ဘေးပတ်ပန်းကျင်ကို စူးစမ်းအကဲခတ်လေ့လာကြည့်သည်။

စိမ်းအုပ်သစ်ပင်ဝါးပင်များဖြင့် ဖွဲ့စည်းထားသော ပတ်ဝန်းကျင်မှာ ခြံကျယ်ကြီးတွေချည်းဖြစ်ပြီး အိမ်ခြံဝန်း အမြင့်ကြီးတွေကြောင့် အထဲကိုပင် လှမ်းမြင်ချင်၍မရ။

လူရိပ်လူသံလည်းမရှိ။

"ကျွန်တော်တို့ လိုက်သွားကြမလားဆရာ၊ ပတ်ဝန်းကျင်ကတော့ ဆရာမြင်တဲ့အတိုင်းပဲ တစ်ခုခုဖြစ်ရင်တောင် ကူညီကယ်တင်မဲ့သူ နီးထဲကပဲဆရာရေ"

"ဒီလူကြီး ဘာအကြံနဲ့ မမလေးကို ဒီကိုခေါ်လာလဲမသိ





ဘူး"

"လာကွာ…အိုက်ပု၊ ငါတို့ စောအခြေအနေကို သွားကြည့်ကြမယ်"

စိုင်းဝန်းမားရင်ထဲ ပူလာသည်။

အိုက်ပုပြောသလို ပြဿနာတစ်ခုခုဖြစ်ရင်တော့ ကူညီမည့်သူမရှိသည့်နေရာ။ ဒီလိုနေရာကို စောကိုခေါ်လာသည့် စောပထွေး၏အကြံအစည်မှာလည်း ဘယ်လိုနည်းနှင့်မှ အကောင်းမဖြစ်နိုင်။

ဆရာတပည့်နှစ်ယောက် ဦးခွန်မောင်ကားဝင်သွားသည့်ခြံရှေ့ကို မယောင်မလည်နှင့် ရောက်လာတော့ ခြံကြီးထဲမှာ ဦးခွန်မောင်ကားက မရှိ။

နှစ်ယောက်စလုံး ထပ်ကြည့်သည်။ အကြိမ်ကြိမ်ကြည့်သည်။ ကားနှင့်တူတာပင် မတွေ့ရ။

"ဘယ်လိုဖြစ်တာလဲ အိုက်ပု၊ ဦးခွန်မောင်ကားဝင်သွားတာ ဒီခြံပဲမဟုတ်လား"

"ဟုတ်လားဆရာ၊ လူတွေရော ကားရော ပျောက်နေတာ အံ့သြစရာပဲ"

"ခွမ်း"

"ဟာ…ဆရာ ကားဂိုဒေါင်ထဲက အသံကြားတယ်"

"သူတို့ ကားဂိုဒေါင်ထဲမှာရှိတာ သေချာပြီအိုက်ပု"



www.burmeseclassic.com

www.burmeseclassic.com



''မာမီ···မာမီ''

''ရှင်···ရှင် စောမာမီကို ဘာလုပ်ထားတာလဲ ဦးခွန်မောင်၊ မာမီ့ကို ခေါ်လို့မရတော့ဘူး''

''ခဏအနားပေးထားရုံပါ စောရတ်''

''ဘာ''

''ရှင်···လူယုတ်မာသိလား၊ ရှင့်လောက်ယုတ်မာကောက်ကျစ်တဲ့သူ စော တစ်ခါမှမတွေ့ဖူးဘူး''

''အခုတွေ့ဖူးပြီမဟုတ်လား ကလေးမရယ်၊ ဝအောင်သာကြည့်ထားလိုက်''

''အဟတ်···ဟား···ဟား''

သတိလစ်မေ့မျောနေသော မာမီ့ကိုယ်လေးကို တင်းကြပ်စွာပွေ့ဖက်ရင်း ပထွေးဖြစ်သူ ဦးခွန်မောင်မျက်နှာကြီးကို စက်ဆုပ်ရွံ့မုန်းစွာ စောရတ် စိုက်ကြည့်နေမိသည်။

ဘယ်တုန်းကမှ ဒီလူကြီးကို စောရတ် အယုံအကြည်မရှိခဲ့ပါ။ အခုတော့ သူ့ဇာတိရုပ်ကို ရှင်းရှင်းလင်းလင်းမြင်ရသဖြင့် အံလေးကြိတ်ထားလျက် သားအမိနှစ်ယောက် ဒုက္ခရောက်မည့်အရေးကိုတွေးပြီး ကြောက်လန့်နေမိသည်။

''နင့်အမေက သိပ်လည်တဲ့မိန်းမပဲ စောရတ်၊ သူနဲ့သာ လက်ထပ်လိုက်ရတယ် ငါ့မှာ ဘာရပိုင်ခွင့်မှမရှိဘူး၊ ပိုင်ဆိုင်သူ





နင့်နာမည်နဲ့ချည်း ထားထားတာ ဘယ်လောက်ရင်နာဖို့ကောင်းလဲ''

''ရှင်···ဘာစကားပြောတာလဲ''

''လူစကားပြောတာလေ၊ နင့်ကို အပြတ်ရှင်းခိုင်းတာ အောင်မြင်ဘဲ လွတ်သွားတယ်၊ ဒီတစ်ခါတော့ သားအမိနှစ်ယောက်စလုံး ငါ့လက်က ပြေးမလွတ်တော့ဘူး''

''ဟင်''

''သိပ်လည်းမကြောက်ပါနဲ့လေ၊ နှစ်ယောက်စလုံးကို အညင်သာဆုံးနည်းနဲ့ လက်စမကျန်အောင် ဘဝကူးပြောင်းပေးဖို့ စီစဉ်ပြီးသားပါ''

ဘီလူးသရဲနှင့်တူသော ဦးခွန်မောင်၏ လောဘရမ္မက်ဖုံးလွှမ်းနေသော မျက်နှာကို ချောက်ချားစွာကြည့်ရင်း ကားဂိုဒေါင်ထဲမှာ မလှုပ်မယှက်လဲပြီး သတိလစ်မေ့မျောနေသော မိခင်မျက်နှာကို စောရတ် အလန့်တကြား ငုံ့ကြည့်လိုက်သည်။

သူမတို့သားအမိကို အဆုံးစီရင်မည့် လက်သည်တရားခံမှာ တခြားသူမဟုတ်ဘဲ ပထွေးဦးခွန်မောင်ဖြစ်နေသည်။

ပတ်ဝန်းကျင်က ကြောက်စရာကောင်းအောင် ငြိမ်သက်နေသည်။ ဦးခွန်မောင်လက်ထဲမှာ စောရတ်မသိသော ဆေးတစ်မျိုးနှင့် ဆေးထိုးပိုက်ရောက်နေသည်။

သားအမိနှစ်ယောက် ညှိလူယုတ်မာ၏ ထောင်ချောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျသွားပြီဟု သိလိုက်ရချိန်မှာ စောရတ် အသံကုန်ဟစ်၍အော် လိုက်သည်။

"ကယ်ကြပါရှင် ကျွန်မတို့သားအမိကို ကယ်ကြပါ၊ ဒီနား လူသတ်သမားက ကျွန်မတို့သားအမိကို သတ်နေပါတယ်"

အသံကုန်ညစ်၍ ဟစ်အော်သံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းသွားသည်။ ဦးခွန်မောင်စကားကို ဘာကြောင့် ယုံကြည်စိတ် ချမိသနည်း။ ဤခရီးလမ်းကို တမင်ရွေးခေါ်လာကြတာ ဒါကို စောရတ် ရိပ်မိဖို့ကောင်းသည်။ ပါးပြင်ပေါ် မျက်ရည်တွေ ဗိုးဗိုး ပေါက်ပေါက် ကျလာသည်။

"ကိုကို"

ပထမဆုံး ဒေါက်တာစိုင်းဝန်းမားဆိုသည့် စောရတ်၏ ခင်ပွန်းဟုဆိုလာသူ မျက်နှာကို အားကိုးတကြီး မြင်ယောင်မိသည်။

ကိုကိုသာ စောရတ်နားမှာ အတူရှိနေလျှင် ဒီလိုအဖြစ်မျိုး နှင့် ကြုံစရာမရှိ။ အခုတော့ စောရတ်ကိုယ်တိုင် ကိုကို့ကို ထားပစ် ခဲ့သည်။

"ကြိုက်သလောက်အော်၊ ဒီနားမှာ ဘယ်သူမှနေမယ့်သူ မရှိဘူး"

"ဝုန်း"

"ဒုန်း"





"ဟင်...မင်းတို့"

"ကိုကို"

အားကိုးတကြီး ခေါ်မြည်တမ်းတလိုက်သော အသံလေး နှင့် ထိတ်လန့်ချောက်ချားသွားသည့် အသံနှစ်ခုကြားမှာ ဝုန်းခနဲ ဆွဲဖွင့်လိုက်သည့် ကားဂိုဒေါင်ကြီးနှင့်အတူ မားမားကြီးပေါ်လာသည့် ဒေါက်တာစိုင်းဝန်းမားနှင့် အိုက်ပုတို့ကြောင့် ဦးခွန်မောင် သူ့အခြေ အနေမဟန်မှန်း သိသွားသည်။

"ဟိတ်လူ...ဒါဘယ်လဲ"

ဦးခွန်မောင်က အိုက်ပုအော်သံကို ဂရုမစိုက်ဘဲ နေရာက ထွက်ပြေးဖို့ ကြိုးစားသည့်အနေနှင့် ကားပေါ်ပြေးတက်ပြီး နောက်ပြန် တအားမောင်းထွက်သည်။

"ဟော့...ရပ်"

အိုက်ပု ဦးခွန်မောင်ကားနောက် ပြေးလိုက်သွားချိန်မှာ စိုင်းဝန်းမားက စောရတ်တို့သားအမိရှိရာ တအားပြေးသွားသည်။

"စော"

"ဒေါက်တာ မာမီ့ကိုကြည့်ပါဦး ဒေါက်တာရယ်၊ မာမီ သေပြီလားဟင်"

"အဟင့်...ဟင့်"

"မငိုနဲ့လေ စော အန်တီကို ကိုကိုစစ်ဆေးကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဝုန်း''

''ဖုန်း''

''အမလေး''

''ဟာ''

အပြင်ဘက်မှ ပြင်းထန်ကျယ်လောင်စွာ ပေါက်ကွဲသံကြီးကြောင့် စောရတ် လန့်အော်ပြီး သူ့မမာမီကိုယ်လေးကို တင်းစွာ ဖက်ထားသည်။

''အန်တီ…သတိမေ့နေတာ စော၊ ဆေးရုံအချိန်မီရောက်မှ ဖြစ်မယ်၊ သွေးခုန်နှုန်း အရမ်းနှေးနေပြီ''

''ဟင်''

''ခဏနေဦး စော၊ ကိုကို့မှာ ကားပါတယ်''

''ကျွီး''

စိုင်းဝန်းမား ကားဂိုဒေါင်ထဲက ပြေးအထွက် သူ့ရှေ့တည့်တည့် ဆိုက်လာသည့် ကားကို လှမ်းကြည့်လိုက်တော့ ကားမောင်းသူနေရာမှာ အိုက်ပုကို တွေ့ရသည်။

''ဟိုလူတော့ သူ့စိတ်သူ အကျိုးပေးတာပဲ ဆရာရေ၊ ကျောက်တင်တဲ့ကားနဲ့ ဝင်တိုက်မိသွားပြီ''

''သက်ဆိုင်ရာကို အကြောင်းကြားလိုက် အိုက်ပု၊ သူတို့ကိစ္စအရင်ရှင်းပါစေဦး''





''ဟုတ်ကဲ့ဆရာ''

အိုက်ပုက စိုင်းဝန်းမား လှမ်းပေးသည့် ဖုန်းနှင့် သက်ဆိုင်ရာကို ဖုန်းဆက်နေချိန်မှာ စိုင်းဝန်းမားကတော့ စောမာမီကို ကားပေါ် ပွေ့တင်လိုက်ပါသည်။

သူတို့လေးယောက် ဆေးရုံကြီးနားအရောက်မှာ ဓာတ်သိမ်းလေသည့် လူတစ်ယောက်ကို အရေးပေါ်ကားက သယ်ယူသွားသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

နှစ်ခြိုက်စွာ အိပ်ပျော်နေသူ၏ မျက်နှာကို စော အကြာကြီး ငေးကြည့်နေမိသည်။ ယောက်ျားပီသ၍ ချောမောခန့်ညားလွန်းသူမှာ စော၏ တရားဝင်ခင်ပွန်းဟု တွေးလိုက်မိတိုင်း စော တစ်ကိုယ်လုံး ကြက်သီးလေးတွေ ဖြန်းဖြန်းထသွားကာ ရင်ခုန်သံတွေ အခုန်မြန်လာသည်။

ကိုကိုတဲ့လားရှင်ရယ်။

ဒေါက်တာစိုင်းဝန်းမားဆိုသည့်လူနှင့် ပတ်သက်ပြီး စော ကိုယ်တိုင် အခုချိန်ထိ ဘာဆိုဘာမှ မမှတ်မိသော်လည်း စော လက်ထဲမှာ သူပေးထားသည့် သက်သေအထောက်အထားတွေက စောရတ်ကို ရင်ခုန်လှုပ်မောစေသည်ကလည်း အမှန်ဖြစ်ပါသည်။

ပထွေးဦးခွန်မောင်၏ လက်ချက်ဖြင့် ဆေးလွန်ကာ မေ့မျောနေသည့် မာမှီကို ဆေးကုသပြီးနောက် မာမီက ဒေါက်တာ





စိုင်းဝန်းမားဆိုသည့်လူချောလူခန့်ကို စောရတ်၏ခင်ပွန်းအဖြစ် စိတ်ချယုံကြည်စွာ လက်ခံလိုက်ရာ စောရတ်မှာ အလိုလိုနေရင်း ခင်ပွန်းသည်တစ်ယောက် ကောက်ရလိုက်သလိုဖြစ်နေသည်။

မာမှီကျန်းမာရေး အခြေအနေကြောင့် ဒေါက်တာ စိုင်းဝန်းမား ကိုယ်တိုင် မဟူရာစံအိမ်ကြီးကို စောရတ်တို့သားအမိနှင့်အတူ လိုက်ပါလာပြီး တပည့်ဖြစ်သူ အိုက်ပုကိုတော့ အကျိုးအကြောင်း ပြောရန် ခေမာရင်ရှိ မိခင်ကြီးရှိရာသို့ စိုင်းဝန်းမားကိုယ်တိုင် ဖုန်းဆက် အသိပေး စေလွှတ်လိုက်သည်။

စောရတ်က စိုင်းဝန်းမားကို သူမအိပ်ခန်းလေးထဲ အဝင်မခံ။ ဧည့်သည်များအတွက်ထားသည့် အိပ်ခန်းမှာ စိုင်းဝန်းမားကို နေရာပေးထားသည်။

စိုင်းဝန်းမားမှာ ချစ်ဇနီးနှင့်ခွဲပြီး မနေချင်သော်လည်း စောရတ်ထံမှ သူနှင့်ပတ်သက်၍ စိမ်းပြတ်သော အမူအရာ ရှက်အမ်းအမ်း အပြုံဖြန်းဟန်လေးများအကြား ချစ်သည်းယားလှစွာပင် ချစ်သူအလိုကျ လိုက်လျောသည့်အနေဖြင့် သူမဆန္ဒကို လက်ခံကျေနပ်လိုက်သည့်အဖြစ်ကို စောရတ်မသိပါ။

မာမီက ဦးစိုင်းဝန်းမားနှင့် စကားပြောချင်သည် သွားခေါ်ပေးပါဆို၍ ဦးဝန်းမားအိပ်ခန်းကို ရောက်လာရာမှ အခုလို အမှတ်မထင် နှစ်ခြိုက်စွာအိပ်ပျော်နေသူ၏ တည်ကြည်ခန့်ညားချောမော



www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာအား တိတ်တဆိတ် ငေးကြည့်ဖြစ်သွားခြင်းဖြစ်သည်။

စိုင်းဝန်းမားရဲ့ အိပ်ခန်းတံခါးက စေ့ရုံစေ့ထားသည့် အတွက် အလွယ်တကူ တွန်းဖွင့်နိုင်ခြင်းဖြစ်သည်။ အခန်းပေါက်ဝမှာ ရပ်လျက်ငေးနေရာက စောရတ် မျက်လုံးအကြည့်တွေက တစ်နေရာမှာ ရပ်တန့်သွား၏။

စိုင်းဝန်းမား အိပ်ရာနားတွင်ရှိသော စာကြည့်စားပွဲပေါ်ရှိ ဓာတ်ပုံလေးထဲမှာ အကြည့်က စူးစိုက်နေသည်။

ထိုဓာတ်ပုံလေးက တခြားသူဓာတ်ပုံမဟုတ်။ ချိုမြကြည်သာစွာ ရယ်မောနေသော စောရတ်နှင့် စောရတ်၏ အပြုံးမျက်နှာကို ချစ်မြတ်နိုးစွာ ပြုံးကြည့်နေသည့် ဦးစိုင်းဝန်းမား၏ပုံဖြစ်သည်။

ဓာတ်ပုံထဲမှာ စောရတ်ကိုယ်လေးက ဦးဝန်းမားရင်ခွင်ထဲမှာရှိနေပြီး ဦးဝန်းမားကတော့ ကိုယ်လေးကို သူ့လက်နှစ်ဘက်ဖြင့် တင်းကြပ်စွာ ပိုက်ထွေးထားသည်။

ဓာတ်ပုံလေးရှိရာ ခြေသံလုံလုံဖြင့် စော လျှောက်ခဲ့ပြီး စားပွဲပေါ်က ဓာတ်ပုံလေးကို ကောက်ယူကြည့်လိုက်သည်။

စောကလည်း ဦးစိုင်းဝန်းမား၏ လက်အစုံကို ပြန်လည်ဖက်ထွေးသုပ်ကိုင်ထားသည့်ပုံ။ ဓာတ်ပုံကိုကြည့်တာနှင့် စောရတ်ဘယ်လောက်ပျော်နေတာလဲဆိုတာ သိနိုင်သလို ရွှန်းလက်တောက်ပနေသော သူမမျက်ဝန်းအစုံမှ ချစ်မြတ်နိုးခြင်းကိုလည်း တွေ့မြင်





နေရသဖြင့် စောပါးလေးတွေ ရဲသွားသည်။

ဓာတ်ပုံနောက်ကျောကို အမှတ်တမဲ့ကြည့်လိုက်တော့ စောရတ်လက်ရေးဖြင့် ရေးထားသည့် စာကြောင်းလေးတစ်ခု။

စောကို ဘယ်တော့မှခွဲမသွားရဘူးနော် ကိုကို

ချစ်ဇနီး

စော

“အို”

စောကိုယ်တိုင် ရေးထားတဲ့ အချစ်စာပါလား။ သူနဲ့စော ချစ်ခဲ့စဉ်က စောရတ်တစ်ယောက် ကိုကိုဆိုတဲ့ ဦးစိုင်းဝန်းမားအပေါ်မှာ ဘယ်လောက်များ ချစ်ခဲ့ပါလိမ့်။

စောရတ်ကိုယ်တိုင် မခန့်မှန်းနိုင်ပေမယ့် စောအပေါ်ထားရှိသည့် ကိုကို့ထံမှ မြတ်နိုးယုယကြင်နာခြင်းတွေ၊ ချစ်စနိုးအကြည့်လက်လက်တွေကဖြင့် စောရတ် ဘယ်လိုမှ အသိအမှတ်မပြုဘဲ မနေနိုင်အောင်ဖြစ်နေသည်။

“စော”

“အမလေး”

နောက်ပါးဆီမှ နီးကပ်စွာ စောအမည်လေးကို ခေါ်လိုက်သံကြောင့် လက်ထဲက စောဓာတ်ပုံလေး လွတ်ကျမသွားအောင် မနည်းသတိထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝန်းမား"

အလန့်တကြားလေး နောက်လှည့်ကြည့်လိုက်တော့ ဘယ်အချိန်ထဲက စောနောက်မှာ ရပ်နေမှန်းမသိသော ဒေါက်တာစိုင်းဝန်းမားကို မားမားကြီး အနီးကပ်တွေ့လိုက်ရသဖြင့် စောမျက်နှာလေး ရဲရဲနီသွားသည်။

"ဟို...မာမီက ဦးဝန်းမားကို အခေါ်ခိုင်းလိုက်လို့ပါ"

"မာမီကပဲလား"

"ရှင်"

"စောကရော ကိုကို့ကို မခေါ်တော့ဘူးလားဗျာ"

"အို"

ရွှန်းလဲ့သောအကြည့်က စောရတ်၏မျက်ဝန်းအစုံကို ညှို့ငင်သလို စူးစိုက်ကြည့်နေရုံမျှမကဘဲ သူမကိုယ်လေးကိုပါ ဖြန်းခနဲ ဆွဲယူသိမ်းပွေ့လိုက်ရာ စောရတ်မှာ စိုင်းဝန်းမားလက်ထဲက သူမကိုယ်လေးကို ရုက်အမ်းအမ်း ရုန်းထွက်လိုက်သည်။

"လွှတ်ပါ...အောက်မှာမာမီစောင့်နေတယ်"

"ဟင့်အင်း...စောကိုချစ်တယ်"

"အို...ဦးဝန်းမား"

တဒိတ်ဒိတ်ဆောင့်ခုန်သွားသော ရင်ခုန်သံက စည်းချက်မမှန်ဘဲ အဆက်မပြတ်ထွက်ပေါ်လာ၏။ စိုင်းဝန်းမားက အချိန်နှင့်





အမျှ တမ်းတစောင့်စားခဲ့ရသော အလွမ်းထုထည်ကို အတိုးဖြင့်ညှိုးသော မိုးကဲ့သို့ ချစ်အနမ်းများအား စိတ်ကြိုက်သီကုံးနေသည်။

"လွမ်းလိုက်ရတာစောရယ်"

မချင့်မရဲ ညည်းညူသံက လှိုက်မောတုန်ရီစွာ စောရတ်၏နုညက်ဖြူဖွေးသော ပါးပြင်မှတစ်ဆင့် လည်တိုင်ကျော့ကျော့လေးရှိရာသို့ တိုးဝင်ဖြတ်သန်းသွား၏။

စောရတ် ကျိတ်ရုန်းလျှင် သူက ပိုတိုး၍ တင်းကြပ်စွာနှောင်ဖွဲ့သဖြင့် စောလက်ထဲမှ ဓာတ်ပုံလေးမှာ ဒေါက်ခနဲ ကြမ်းပေါ်သို့ ပြုတ်ကျသွား၏။ စိုင်းဝန်းမားသည် ဘာကိုမှ ဂရုမစိုက်သည့်အလား သူ့စိတ်သူ့သဘောအတိုင်း အစွမ်းကုန်ကျဲနေ၏။

"အို...တော်ပါတော့၊ ဒီမှာ အသက်ရှူကြပ်လာပြီ လွှတ်ပါ"

"ကတိပေးရင် လွှတ်မယ်"

"ဘာကတိလဲ"

စိုင်းဝန်းမားထံမှ အချစ်နှင့်အနမ်းများကြားမှာ ကြာရှည်နေလိုသဖြင့် စောရတ် ခပ်မြန်မြန်မေးလိုက်သော်လည်း စိုင်းဝန်းမားက စောအမေးကို ချက်ချင်းမဖြေ။

လှပပိုင်းစက်သော စောရတ်မျက်လုံးများထဲသို့ သူ့မျက်ဝန်းအစုံဖြင့် ထိုးဖောက်နစ်ဝင်သွားမတတ် စူးစိုက်ကြည့်လျက်ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



စောရုတ်မျက်နှာလေးမှာ ရဲခနဲဖြစ်သွားသည်။

အကြည့်ချင်း ရင်မဆိုင်လို၍ မျက်လွှာချအကြည့်ကိုအလွှဲမှာ စိုင်းဝန်းမားက သူမနားကပ်၍ အလွန်တိုးလျှလိုက်မောသံဖြင့်

"ကိုကို စောနဲ့ဝေးပြီးမနေနိုင်တော့ဘူးဗျာ၊ စော ရက်စက်စိမ်းကားတာတွေကိုလည်း မခံနိုင်တော့ဘူး"

"စောနဲ့အတူနေချင်ပြီ"

"အို"

စောရုတ်တစ်ကိုယ်လုံး ထူပူပြာဝေသွားကာ ရှက်လန့်ခြင်းကြီးစွာ စိုင်းဝန်းမားရင်ခွင်ထဲက သူမကိုယ်လေးကို တအားဆောင့်ရုန်းထွက်လိုက်မိသည့်အထိ သူမကိုယ်သူမ ဘာလုပ်မိမှန်းမသိဖြစ်သွားသည်။

သူမသတိရသည့်အချိန်မှာ စောရုတ်ကိုယ်လေးမှာ သူ့ရင်ခွင်ထဲက လွတ်မြောက်သွားပြီဖြစ်သည်။

စောရုတ် အရှန်းကောင်း၍ကမဟုတ် ရှက်မွန်ပြာဝေသွားသည့်အထိ မျက်နှာလှလှလေး အရောင်အသွေးအမျိုးမျိုး ပြောင်းလဲသွားရှာသည့် ချစ်ဇနီး အရှက်သည်းထန်နေဟန်ကို ရိပ်မိ၍ စိုင်းဝန်းမားက သူမကိုယ်လေးကို အလိုက်တသိ ဖြေလွှတ်လိုက်၍ ဖြစ်သည်။

"စော"

ဝိုးဝိုး၀၁၆ပ



"စော သွားတော့မယ်"

"ဟိတ်…နေဦးလေ"

စိုင်းဝန်းမား လှမ်းတားပါသော်လည်း စောရုတ်က သူ့ကိုခစောင့်။ ကျားနှင့်တွေ့ရသော သမင်ပျိုမလေးနှယ် သူ့အပါးမှ လှစ်လှစ်ပါအောင် ထွက်ပြေးသွားရှာသော ချစ်ဇနီးအဖြစ်ကို ချစ်မြတ်နိုးခြင်းများစွာဖြင့် အသံထွက်ရယ်မောလိုက်မိသူရက စိုင်းဝန်းမားဖြစ်သည်။

သြော်…စောလေးရယ်။

မင်းလေးနဲ့ကိုယ် တကယ့်ဇနီးမောင်နှံအဖြစ်တွေကို အခုနေပြန်သတိရလိုက်ရင် ကိုကို့အချစ်မျက်နှာ ဘယ်လိုများဖြစ်သွားမှာပါသိမ့်မလဲဗျာ။

ချစ်ခဲ့စဉ်က အဖြစ်တွေကို ပြန်သတိရမြင်ယောင်လျက် ကြည်နူးနှစ်သိမ့်စွာ သူပြုံးတမြမြနှင့် ဦးခေါင်းကို အသာခါယမ်း၍ ကြမ်းပြင်ပေါ်ကျနေသော ဓာတ်ပုံလေးကို ကောက်ယူလိုက်သည်။

တကယ်တော့ စိုင်းဝန်းမားတစ်ယောက် အဓောကြီးထဲက အိပ်ရာနိုးနေခဲ့ပြီးသား ဖြစ်ပါသည်။ သူနှင့်စောအကြောင်း တွေးမိတိုင်း သက်ပြင်းအခါခါချနေရတာနှင့် တစ်ညလုံး ကောင်းစွာ အိပ်မပျော်နိုင်ပေမယ့် ခပ်စောစောနိုးပါသည်။

ဝိုးဝိုး၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးအဝတ်လဲပြီး အခန်းအပြင်ထွက်ကာနီး လှေကား အတိုင်း တက်လာသည့် စောရတ်ကို တွေ့မြင်လိုက်ရသဖြင့် ရုတ်တ ရက် အကြံရပြီး အခန်းထဲပြန်ဝင်ကာ အိပ်ချင်ဟန်ဆောင်နေခြင်း ဖြစ်သည်။

စောရတ် သူ့အခန်းရှေ့ရောက်နေတာရော၊ ရပ်နေတာ အားလုံးသူသိသည်။ ကိုယ့်မိန်းမက ကိုယ့်ကို ပြန်မမှတ်မိသဖြ အသစ်တစ်ဖန် လှုပ်ဖို့ပြန်လှည့်နေရသည့်အဖြစ်ကိုလည်း စိတ်ဆ အခံရခက်ခက်နှင့် အမြတ်တနိုး ချစ်အသည်းယားနေသည့်အဖြ ကြောင့်လည်း ကိုယ့်ကိုယ်ကို တစ်ယောက်တည်းပြုံးမိသည်က လည်း အကြိမ်ကြိမ်ဖြစ်ပါသည်။

သူထင်သည့်အတိုင်း သူ့အိပ်ရာဘေးရှိ စားပွဲပေါ်က ဓာတ်ပုံလေးရှိရာသို့ စောရတ်ရောက်လာချိန်မှာ စိတ်ကို ဘယ်လို ထိန်းချုပ်၍မရတော့ဘဲ ချစ်ဇနီးကိုယ်လေးကို အမြတ်တနိုး ထွေးပိုက်ချော့မြူရှိုက်နမ်းမိသည်။

စောရတ်က ဖွတ်ရန်းပေမယ့် သူကမလွှတ်။ တကယ့်အချိ စင်မလေးလို သည်းသည်းလှုပ်ဖြစ်နေပုံကို ပိုအသည်းယားသဖြ ပို၍အချစ်ပိုသည်းမိပြန်သည်။

စောက သူ့ထံမှ ချစ်အနမ်းများကြောင့် နောက်ကိုင် လှည့်မကြည့်ဘဲ တအားပြေးသွားသည့် အမူအရာလေးက ချစ်စရာ





မြတ်နိုးဖွယ်အတိ။

လွမ်းလှပြီ ကိုကို့အသက်ရယ်။ တိုးတိတ်စွာ သူဆိုရင်း ဓာတ်ပုံလေးကို စားပွဲပေါ်လှမ်းတင်ပြီး အောက်ထပ်သို့ ဆင်းခဲ့ သည်။

"ဟော…မောင်ဝန်းမား သမီးပါမလာဘူးလားကွယ်"

"ကျွန်တော့်အရင် သူဆင်းသွားနှင့်တယ် အန်တီ"

"ဟုတ်လား…အန်တီလည်း မတွေ့မိဘူးကွယ်၊ ဒီကလေးမလေး ဘယ်ကိုသွားလဲမသိဘူး၊ အရေးကြီးတဲ့စကား ပြောစရာရှိပါတယ်ဆိုမှ"

"ခဏနေဦးကွယ်…အန်တီ အရှာခိုင်းလိုက်ဦးမယ်"

"ဒေါ်ကြာယုံရေ သမီးကိုတွေ့ရင် ဒီကိုလွှတ်လိုက်ပါဦး"

"ဟုတ်ကဲ့ မမကြီး"

ဒေါ်ကြာယုံအသံကို ကြားလိုက်ရသော်လည်း လူကိုတော့ ဖြင့် မမြင်လိုက်ကြရပါ။ စိုင်းဝန်းမားစိတ်ထဲကတော့ စောရတ် တစ်ယောက် သူနှင့် မျက်နှာချင်းမဆိုင်လို၍ ရှောင်ပြေးပြီဟု စိတ်က အလိုလိုသိနေသည်။

ချစ်လည်းချစ်စရာကောင်းသည့် စောဖြစ်သည်။

"အိမ်ထဲမှာ မတွေ့ဘူး မမကြီး၊ ခြံထဲများ ဆင်းသွား သလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်တာကွယ်…ကိုင်း သမီးတို့နောက်မှ မောင်ဝန်းမားကိုယ်တိုင်ပြောလိုက်တော့၊ စောစောကပဲ မောင်ဝန်းမာ မာမီ ဖုန်းဆက်တယ်၊ သားနဲ့သမီး မင်္ဂလာကိစ္စအတွက် အန် ဆီမှာလည်း မင်္ဂလာဧည့်ခံပွဲလုပ်ပါစေတဲ့ကွယ်။

"အားလုံး အန်တီနဲ့သမီးလေး စိတ်တိုင်းကျဖြစ်ရပါစေ မယ်လို့ မောင်ဝန်းမားမာမီက ပြောတယ်"

"ကျွန်တော့်သဘောကလည်း မာမီ့သဘောနဲ့ တစ်ထ တည်းပါပဲခင်ဗျာ၊ အန်တီသာ ခွင့်ပြုမယ်ဆိုရင်"

"ခွင့်ပြုပါတယ်ကွယ်…ကြီးကြီးကျယ်ကျယ်ကြ မတောင်းဆိုပါဘူး၊ မနက်ကို မင်္ဂလာဆွမ်းကျွေး ညကို ခြံထဲမှာ ဒင်နာပွဲလေးလုပ်လိုက်ရုံပါ"

"မာမီ့ဆီ ကျွန်တော်ဖုန်းဆက်လိုက်ရမလားခင်ဗျာ"

"အန်တီပဲ ပြောလိုက်ပါတယ်၊ မင်းမာမီကိုယ်တိုင် မန ဖြန် ဒီကိုရောက်လိမ့်မယ်၊ အဲဒါလေး သမီးနဲ့မင်းကို ပြောပြချင် အခေါ်ခိုင်းလိုက်တာ ဘယ်ထွက်သွားတယ်မသိဘူး"

"မင်းပဲပြောပြလိုက်ကွယ်၊ အန်တီတော့ စီစဉ်စရာရှိ လေးတွေ စီစဉ်ရဦးမယ်"

"သမီးဒက်ဒီနဲ့ သူ့အစ်မလည်း ဒီနေ့ပဲ ရောက်လာ လိမ့်မယ်ကွဲ့"





"ဟုတ်ကဲ့ခင်ဗျာ"

ဒေါ်စောနန်းမွန်ကိုယ်တိုင် သမီးဖြစ်သူ၏ မင်္ဂလာပွဲအတွက် ရော အချိန်အကြာကြီး ခွဲနေပြီးမှ ပြန်လည်ဆုံတွေ့ရမည့် ခင်ပွန်း သောင်းဖြစ်သူနှင့် သမီးအတွက် စိတ်လှုပ်ရှားနေဟန်ကို မြင်တွေ့ နေရသည်။

"တူ…တူ…တူ"

"ဟော…ဖုန်းလာနေပြီ၊ သမီးကြီးဆီကထင်တယ်"

ဒေါ်စောနန်းမွန် ဖုန်းရှိရာထွက်သွားချိန်မှာ စိုင်းဝန်းမား သည်း မယောင်မလည်နှင့် ခြံထဲဆင်းလာခဲ့သည်။

သို့ပါသော်လည်း အရှောင်အပုန်းကောင်းလှသော ချစ်သူ လေးကိုက ဘယ်နေရာမှာမှ ရှာမတွေ့ပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နှစ်ဘက်မိဘများအလိုကျ ကျင်းပလိုက်သော မင်္ဂလာဆည်ခံပွဲက မဟာရာစံအိမ်ကြီး၏ ခြံဝင်းကျယ်ကြီးအတွင်းမှာပင် လှပခမ်းနားစွာ အောင်မြင်ပြီးဆုံးသွားပြီဖြစ်သည်။

ဖခင်နှင့် အစ်မဖြစ်သူအားလုံး စုံညီသော မင်္ဂလာပွဲဖြစ်၍ စောရတ် ရင်ခုန်စိတ်လှုပ်ရှားမှုတွေက ပြောပြ၍ပင် မတတ်နိုင်အောင်ရှိနေပါသည်။

စောရတ် မိသားစုအားလုံး ပြန်ပေါင်းထုတ်သည့်ပွဲမှာ မိသားစုအားလုံး ပျော်နေကြသလို စောရတ်ကိုရော စိုင်းဝန်းမားကိုပါ အထူးချစ်ခင်ကြင်နာ၍ တွေ့မြင်ရသူအပေါင်းမှာလည်း စိတ်ချမ်းသာပျော်ရွှင်နေကြသည်။

ယိုလူတွေအားလုံးထဲမှာ အပျော်ရဆုံးသူက စိုင်းဝန်းမားကိုယ်တိုင်ဖြစ်သည်။ သူတို့နှစ်ယောက်အတွက် လှပခမ်းနားသော





မင်္ဂလာဦးအိပ်ခန်းကျယ်ကြီးကို အမေနှစ်ယောက်စိတ်ကူးဖြင့် လက်ကုန်အစွမ်းကုန် ပြင်ဆင်ချယ်မှုန်းထားသည်။

တစ်အိမ်ထဲ အတူနေပြီး ချစ်ဇနီးအချောအလှလေးက လုံးဝသူ့ကို အနားကပ်မခံရုံမက တစ်ရှောင်ထဲရှောင်ပြေးပုန်းနေတတ်တာကို အသည်းတယားယားဖြင့် တစ်ချိန်လုံး ချစ်စနိုး တစ်ယောက်တည်း ကျိတ်ပြုံးနေခဲ့ရချိန်တွေ ကုန်ဆုံးရပေတော့မည်။

လွတ်လပ်ပွင့်လင်းသော ကြင်စဦးဇနီးမောင်နှံအဖြစ် ဒုတိယအကြိမ်မြောက် ဟန်းနီးမွန်းအချစ်ကို ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်မျှော်နေချိန် ရောက်လာခဲ့ပေပြီ။

ဒီတစ်ခါတော့ စောတစ်ယောက် သူ့ကို ဘယ်လိုအကြောင်းပြချက်နှင့်မျှ ရှောင်ပြေးချင်၍မရတော့။ စိုင်းဝန်းမားကိုယ်တိုင်ကလည်း ထိုအပြုအမူလေးများနှင့် သူမစိတ်ကြိုက်နေထိုင်ခွင့် ခွင့်ပြုတော့မည်မဟုတ်ပါ။

ချစ်ဇနီးကို ရင်ခွင်မှာ ပိုက်ထွေးယုယ၍ လွမ်းခဲ့ရသောအချစ်များအတွက် အတိုးချအနမ်းတွေ မရေမတွက်နိုင်အောင် ပေးချင်နေမိသည်။

သူ့အကြံကို သိ၍ပဲလားမသိ။

စောက တစ်ချိန်လုံး သူမဒက်ဒီနှင့် အစ်မများမှာသာ အချိန်ကုန်နေပုံကို သူ ပြုံးကြည့်နေလိုက်သည်။ အချိန်အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် သူ့ဘက်က သည်းခံပြီး စောင့်နိုင်ခဲ့သူဖြစ်သည်။

ဤမျှလောက်သော အချိန်နာရီကို သူမမှု။ မြတ်နိုး ကြည်မွေ့သော ချစ်ခြင်းမေတ္တာ ထွေးပိုက်ပွေ့လျက် ချစ်ဖနီးကို စောင့်နေရင်း သူ့ကိုယ်သူ သဘောကျစွာ သူပြုံးလိုက်၏။

ဘယ်သူနှင့်မှမတူသော သူ့အဖြစ်များကြောင့်ဖြစ်သည်။ စောနှင့် ဖူးစာဆုံကြပုံက ဆန်းသလို စောရတ်ဆိုသည့် မိန်းမလှလေးပေါ်မှာထားရှိသည့် သူ့နှလုံးသားမှ ချစ်မေတ္တာကလည်း ဆန်းသည်။

သူမ ဘယ်သူဘယ်ဝါမှန်းမသိဘဲနှင့် ချစ်တာတစ်ခုတည်း အကြောင်းပြုပြီး စောကို သူမြတ်နိုးစွာ လက်ထပ်ခဲ့သည်မှာ စောကို ဘာအတွက်နှင့်မှ အဆုံးရှုံးမခံချင်၍ဖြစ်သည်။

စောရတ် သူ့ကိုမှတ်မိသည်ဖြစ်စေ၊ မမှတ်မိသည်ဖြစ်စေ စောက သူ့ဇနီးသာ။ ဤအဖြစ် ဤအခြေအနေကိုပဲ စောက ရှက်ရွံ့စွာ လက်မခံချင်သော်လည်း အခုတော့ မင်္ဂလာပွဲ ဒုတိယအကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

စောက အခုချိန်ထိ စိုင်းဝန်းမားကိုလည်း ပြန်လည်သတိမရ။ စိုင်းဝန်းမားအပေါ် သူမထားရှိသည့် ချစ်ခြင်းမေတ္တာတွေကို မေ့နေသည်။

ချစ်ခဲ့စဉ်က အဖြစ်တွေကို သူမ ဘာဆိုဘာမှ မှတ်မိခြင်း





လည်းမရှိ။ တစ်ချိန်လုံး သူမချစ်မှာကို စိုးရိမ်နေခဲ့သည့်ကလေးမ။ စိုင်းဝန်းမား ထားခဲ့မှာလားဆိုသည့် အတွေးနှနဖြင့် ကြောက်လန့်နေခဲ့သူလေးက အခုတော့ စိုင်းဝန်းမားကို မငဲ့မရဲအကြည့်။ ရှက်စနိုးအမူအရာလေးတွေနှင့် စိုင်းဝန်းမားနှလုံးသားမှ အချစ်ကို ပို၍လှုပ်ရှားစေခဲ့သည်။

ကိုကိုတို့ချစ်ခဲ့ကြတဲ့ အချစ်တွေကို ပြန်သတိရသင့်ပြီထင်တယ် အချစ်ရယ်။

ဒါမှ ကိုကိုက စောကို ဘယ်လောက်ချစ်တယ် မြတ်နိုးတယ်ဆိုတာ စောသိမယ်။ ပြီးတော့ စောကိုယ်တိုင်ကလည်း ကိုကိုအပေါ်မှာ ဘယ်လောက်ချစ်ခဲ့တယ်၊ မြတ်နိုးအားကိုးခဲ့တယ်ဆိုတာ စော ခံစားနားလည်လာမယ်။

အခုတော့ စောအတွက် စိုင်းဝန်းမားက အချစ်လှုဆိုးပဲဖြစ်နေရတော့မယ် ထင်တယ်ဗျာ။

သူစိမ်းတစ်ယောက်အဖြစ် မြင်ထားသည့် စောရင်ထဲက ခံစားချက်လေးတွေက ချစ်ခဲ့စဉ်တုန်းကလို နွေးထွေးလှုပ်ခတ်သည်မှန်သော်လည်း အရှက်သည်းထန်မှုတွေက သူတို့အချစ်ကို ပို၍ဆန်းကြယ်စေခဲ့သည်။

စိုင်းဝန်းမားထံမှ ကျယ်လောင်သော သက်ပြင်းရှိုက်သံက တိတ်ဆိတ်သော ဝန်းကျင်အနှံ့ ပျံ့လွင့်သွားသလို စောရတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သက်ပြင်းလေးတချချနှင့် မင်္ဂလာဦး အိပ်ခန်းကျယ်ကြီးရှိရာ မသွားနိုင်တိုင်း ကျိတ်၍ သက်ပြင်းလေးရှိုက်နေမိပါသည်။

အချိန်ကလည်း မနည်းတော့ပါ။ အားလုံး လူစုခွဲသွားကြပြီမို့ စောရတ်တစ်ယောက် ဘယ်သူနားမှာမှ ကပ်နေရန် အခွင့်မရနိုင်တော့သဖြင့် တစ်ယောက်တည်း စိတ်ညစ်နေခြင်းဖြစ်သည်။

မင်္ဂလာဦးအိပ်ခန်းကျယ်ကြီးကို ကြည့်ပြီး စောရတ်ရင်တွေခုန်နေသလို မျက်နှာလှလှလေးလည်း ရဲရဲနီစွေးနေသည်။

မင်္ဂလာသတို့သား ကိုကို့မျက်နှာကို ရင်မဆိုင်ရဲ၍ဖြစ်သည်။ ကိုကို့မျက်ဝန်းအကြည့်တွေကို ရှက်လန့်သလို မွတ်သိပ်ကြမ်းရှသော ကိုကို့အချစ်အနမ်းတွေကို လန့်ကြောက်နေသည်။

အို…တော်ပါပြီ။

ဖြစ်ချင်ရာဖြစ် စော ဒီအခန်းလေးထဲမှာပဲ အိပ်လိုက်တော့မယ်။

ထိုဆုံးဖြတ်ချက်လေးအတိုင်း စောရတ် သူမအပျိုစင်အိပ်ခန်းလေးထဲမှာပဲ တစ်ညတာ ကုန်ဆုံးလိုက်တော့မည်ဟု တွေးလိုက်မိသည့်အခိုက်မှာပင် ညိုမှောင်မည်းနက်သော ကောင်းကင်မှ ကျယ်လောင်ထစ်ချုန်းလိုက်သော မိုးထစ်ချုန်းသံနှင့် ဝင်းဝင်းလက် တောက်ပသွားသော လျှပ်စီးရောင်များက မှန်ပြတင်းတံခါးမှတစ်ဆင့် စော အိပ်ခန်းလေးရှိရာသို့ အရှိန်ပြင်းစွာ ထိုးဖောက်ဝင်

ဝိုး:မိုး:၁၁၆ပ



ရောက်လာပါသည်။

"ဂျိမ်း"

"ဒလိန်း…ဒလိန်း"

"အို"

လေပြင်းရောမိုးပါ ဝေါခနဲသွန်းချသလို အရှိန်ပြင်းစွာ ကျလာသဖြင့် စောရတ်ရင်ထဲ ဒိန်းခနဲဖြစ်သွားကာ စိတ်ကလည်း တစ်ခဏအတွင်းမှာပင် မာမီ့ကို လိုက်ရှာရသော မိုးညမြင်ကွင်းရှိရာ ဖျတ်ခနဲ ပြန်ရောက်သွားသည်။

ဒီလို ပြင်းထန်တဲ့ မိုးသည်းလေထန်ညကြီးမှာ စောရတ်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်တွေ တစ်ခုပြီးတစ်ခု ဦးနှောက်အသိတရားထဲလင်းခနဲလက်ခနဲ ဝင်ရောက်လာသဖြင့် ဦးခေါင်းကို ဆတ်ခနဲခါယမ်းလိုက်သည့်အခိုက်…

"စော"

"ဟင်…ဦးဝန်းမား"

စောနှင့် အနီးကပ်ဆုံး အနေအထားမှာ မားမတ်ခန့်ညားသော အသွင်ဖြင့် စိုင်းဝန်းမားကို တွေ့လိုက်ရသဖြင့် စောပါးလေးတွေ ဖြန်းခနဲ နီရဲထူပူသွားကာ ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"အပြင်မှာ မိုးတွေရွာနေပြီ၊ ဒီမှာ စောတစ်ယောက်တည်း ဘာတွေလုပ်နေတာလဲ"

ဝိုး:မိုး:၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို လာပုန်းနေတာတော့မဟုတ်ပါဘူးနော်"

စော မဖြေနိုင်ပါ။

သူတွေးထင်သောစကားမှာ မှန်နေသောကြောင့်ဖြစ်သည်။

"စောရယ်"

"ဟင့်အင်း"

ရွှန်းလက်တောက်ပသော စိုင်းဝန်းမား မျက်ဝန်းအကြည့်များကြောင့် စော နောက်ကို ခြေလှမ်းလေးများ ယောင်ရမ်းတွန့်ဆုတ်သွားချိန်။

"ဂျိမ်း"

"ဒလိန်း…ဒလိန်း"

"ဒိန်း"

"အမလေး"

ပြင်းထန်ဝှင်းလက်သွားသော လျှပ်ရောင်နှင့်အတူ ကျယ်လောင်သော မိုးထစ်ချုန်းသံများအောက်မှာ မဟူရာစံအိမ်ကြီးတစ်ခုလုံး အမှောင်ကျသွားသည့်အတွက် စောရတ်ကိုယ်လေး ဆတ်ခနဲတုန်သွားသည်။

"စော"

"မာဒီ…မာဒီ"

"ဟေး…ကိုကိုရှိတယ်လေ"





စောရတ်က စိုင်းဝန်းမားအော်သံကို မကြားတစ်ချက်ကြားတစ်ချက် အမှောင်ကမ္ဘာထဲမှာ ထိတ်လန့်ချောက်ချားလျက် စိမ်းစားပင်ကွေ့တွင် သူမကြုံတွေ့ရင်ဆိုင်ရသော အဖြစ်အပျက်များနှင့်တကွ ကိုကိုဆိုသည့်လူကိုပါ ဖျတ်ခနဲ ဖျတ်ခနဲ သတိရလာခဲ့ရပါပြီ။

"စော"

"ကိုကို…ကိုကို"

အမှောင်ကမ္ဘာလေးထဲမှာတစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာဖက်လိုက်ကြသည်။

"စော"

"ကိုကို ဘာမှမဖြစ်ဘူးနော်"

"စော…စောရယ် ကိုကိုလို့ခေါ်လိုက်တာလား အချစ်ရယ်"

"ဟုတ်တယ် ကိုကိုဆိုတာ စောချစ်တဲ့သူ၊ စောမြတ်နိုးရတဲ့သူဆိုတာ စောသိပါပြီ ကိုကိုရယ်"

နှစ်ယောက်စလုံး စကားတွေတုန်ရီလှိုက်လှဲနေသလို တစ်ယောက်နှလုံးသားကို တခြားတစ်ယောက်က အလုံးစုံသိမြင်ဖွင့်လှစ်ပြီးနောက်မှာ နှစ်ယောက်စလုံး ရင်မှာကိုယ်စီအချစ်ငွေ့နှင့် လွတ်လပ်ပွင့်လင်းစွာ ချစ်ခရီးလမ်းကို အတူတကွ နင်းလျှောက်

www.burmeseclassic.com



နိုင်ခဲ့ကြပါပြီ။

"စော"

"ကိုကို"

"ချစ်ခဲ့တဲ့အချိန်တွေကို အကြာကြီး မေ့ထားခဲ့တဲ့ ကောင်မလေးကြောင့် ကိုကို့ရင်ထဲ ဘယ်လောက်ခံစားရတယ်ဆိုတာ အချစ်သိရဲ့လားဟင်"

"ဟင့်အင်း…ကိုကို့ကို စော ဘယ်လောက်ကြီး ပစ်ထားမိလို့လဲ"

"သိချင်တယ်လား"

"အင်း"

တမ်းတစွာ ကျရောက်လာသည့် ချစ်အနမ်းတွေက နှုးညံ့နွေးထွေးမှုလှိုင်းတစ်ခုကို အရှိန်ပြင်းစွာ တွန်းပို့ရန် တာဆူနေသည့်နှယ် အဆက်မပြတ်သလို ဂကားလုံးထက် ထိရောက်သော လှုပ်ရှားမှုလေးများအောက်မှာ စောကိုယ်လေး နစ်မြုပ်မတတ်ရှိသော်လည်း ကျေကျေနပ်နပ်လေး ရှိနေပါသည်။

"စောရယ်"

"အိုကွယ်"

နူးညံ့အိထွေးသော အပျိုစင်အိပ်ရာလေးက အရှိန်ပြင်းစွာ လဲပြိုကျလာသော ချစ်သူနှစ်ဦး၏ အချစ်သည်းထန်မှုကို အပြုံးချို





ချိုဖြင့် လက်ခံကြိုဆိုလိုက်ပါသည်။

အပြင်မှာ သည်းထန်စွာရွာနေသော မိုးလေနှင့်အပြိုင် အချစ်ချင်း ပြိုင်နေကြသော ချစ်သူနှစ်ဦးသည်ကား ချစ်ခဲ့စဉ်က အဖြစ်များဆီသို့ အတိုးချမဆုံးနိုင်သော အလွမ်းများဖြင့် လှပသော ကမ္ဘာရှိရာသို့ ကူးခတ်ရောက်ရှိသွားလိုက်ကြပြီ ဖြစ်ပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်



www.burmeseclassic.com